ထစ်ချုန်းမိုး

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

# မြန်မာ့အလင်း

ဒါနဋ္ဌ တော်မင်္ဂလ မုတ္တမံ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

■ အတွဲ [၅၅] အမှတ် [၀၂၅]

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် [25-10-2015]

MYANMA ALINN SUNDAY ISSUE


# မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များကို မဆုတ်မနစ်ဖော်ဆောင်ရန် ရည်မှန်းထား




**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC 2) ၌ ကျင်းပသည့် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂနေ့ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (ဓါတ်ပုံ)

အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏ မိသားစုဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အဖွဲ့ကြီး၏ အောင်မြင်မှုများအတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✳

## အထူးကဏ္ဍအချုပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

# အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီး၌ အမေရိကန်တေးသံရှင် Redfoo လာရောက်ဖျော်ဖြေ

**ရန်ကုန် အောက်တိုဘာ ၂၄**

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

မြန်မာနိုင်ငံရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးထောက်ပံ့နိုင်ရန်နှင့် မြန်မာတေး ဂီတချစ်ပြည်သူများ အပန်းဖြေနိုင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကို ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ကွင်းကြီး၌ ယနေ့ည ၅ နာရီတွင် ကျင်းပရာ အမေရိကန်တေးသံရှင် Redfoo နှင့်အဖွဲ့ လာရောက်ဖျော်ဖြေကြောင်း သိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကို Polyphonic Music & Entertainment စီစဉ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့တေးဂီတနယ်ပယ်တွင် ကျော်ကြားနေသည့် အမေရိကန်နိုင်ငံမှ တေးသံရှင် Redfoo နှင့်အတူ မလေးရှားနိုင်ငံမှ Dj တေးသံရှင် Darren Ashley ၊ ပြည်တွင်း တေးဂီတအဖွဲ့မှ Ar.T, DJ Wine နှင့် အခြားပြည်ပနိုင်ငံများမှ တေးဂီတအနုပညာရှင်များလည်း လာရောက်ဖျော်ဖြေခဲ့ကြသည်။

"ကျွန်တော်တို့ ဒီအပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကျင်းပဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ပြည်တွင်းတေးဂီတပညာရှင်တွေနဲ့ အပြည်ပြည်ဆိုင်ရာ တေးဂီတပညာရှင်တွေ မိတ်ဖက်ပူးပေါင်းတင်ဆက်တဲ့ တေးဂီတဖျော်ဖြေပွဲကြီးကို ပြည်သူတွေ သိရှိခံစားစေဖို့ပါ။ ပြီးတော့ ဒီအပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကရတဲ့ ငွေအချို့ကိုလည်း မြန်မာနိုင်ငံရေဘေးသင့်ဒေသတွေ

*စာမျက်နှာ ၉ ကော်လံ ၄* ✳

## တနင်္ဂနွေ ဖတ်စရာများ


ခရီးသွားဆောင်းပါး
ရှုပွယ်စုံလင် ရွှေသမင်တို့ ကျက်စားရာ နယ်မြေဆီသို့ စာ ➤ ၁၆

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်
ဆရာများ၏ စေတနာအပြည့်ထား သင်ကြားမှုတွေနဲ့ နိုင်ငံ့ဦးဆောင် စီးပွားရေးပညာရှင်လောင်းများ မွေးထုတ်ပေးမည့် မုံရွာစီးပွားရေးတက္ကသိုလ် စာ ➤ ၁၈

မြန်မာ့ရိုးရာဓလေ့
တိုးတက်လာသောခေတ်နှင့်အညီ ခေတ်မီမီဆန်းသစ်တီထွင်လာကြသည့် ရှမ်းပြည်နယ်၏ ရိုးရာမီးပုံးပျံပြိုင်ပွဲကြီး စာ ➤ ၁၉

နိုင်ငံတကာရေးရာသတင်းဆောင်းပါး
အိုင်အက်စ်အရေးကမ္ဘာ့အရေး စာ ➤ ၂၁



ရှေးကုသိုလ်အလား လူတင်အား ‘ရွှေပြည်နန်းရှင်မတောင်အပွေးသနပ်ခါး’



ဦးဝင်းအောင် (အထက်တန်းပြ)

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းဘာကျေးရွာမှ စာရေးဆရာ၊ ကျောင်းဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ အနုပညာလည်း ဝါသနာပါ၍ တချို့ရွာ ဘုရားဆွမ်းလောင်းပွဲများမှာ မင်းသားအကဖြင့် သွားရောက်ဖျော်ဖြေကပြလေ့ရှိပါတယ်။ မိတ်ကပ်နှင့် ကျွန်တော် ဓာတ်မတည့်၍လားမသိပါ။ ကျွန်တော့်မျက်နှာမှာ တင်းတိပ်၊ မှဲ့ခြောက်များ မြင်မကောင်းအောင် ဖြစ်ပေါ်လာ၍ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အလှကုန်ပစ္စည်းဆိုင်သွားပြီး ပျောက်ကင်းနိုင်မည့် နည်းလမ်းများ မေးစမ်းကြည့်ခဲ့ရာမှ 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး' စမ်းသုံးကြည့်ပါလားဆို၍ ညအိပ်ယာဝင်တိုင်း လိမ်းအိပ်ခဲ့ပါတယ်။ သနပ်ခါးတစ်ဘူးအကုန်တွင် ကျွန်တော့မျက်နှာ ထူးခြားစပြလာပါတယ်။ သုံးဘူးအကုန်မှာတော့ မျက်နှာတစ်ပြင်လုံးရှိ မှဲ့ခြောက်၊ တင်းတိပ်များ လုံးဝမရှိတော့ဘဲ ရှေးကုသိုလ်အလား လှပပြေပြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး'ကို အမြဲဝယ်ယူလိမ်း နေသည်မှာ ယနေ့တိုင်အောင်ပါပဲ။ ကျွန်တော်နည်းတူ မျက်နှာပြင်ရှိ တင်းတိပ်၊ မှဲ့ခြောက်များအတွက် စိတ်မကောင်းဖြစ်နေသူများ ဝယ်ယူလိမ်းကြည့်ပါရန် အကြံပေးခဲ့ရာ အောင်မြင်ပြီးထိရောက်တဲ့ အကျိုးများ ရရှိကြောင်းလည်း ပြန်ပြောကြပါတယ်။ 'ရွှေပြည်နန်း သနပ်ခါး' ထာဝရတည်တံ့နိုင်ပါစေ . . .

ဦးဝင်းအောင်(အထက်တန်းပြ)မူလွှန်အုပ်တာဝန်၊ မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်ဓာဓာလှိုင်(အထက်တန်းပြ) မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပယ်မဲမဖြစ်ဖို့ သတိပြုကြစို့

မြန်မာနိုင်ငံတွင် ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို မကြာမီကာလအတွင်း ကျင်းပတော့မည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တိုင်းပြည်ကို အမှန်တကယ် ဦးဆောင်ဦးရွက်ပြုနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ တိုင်းပြည်၏ လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် လူဦးရေ ၃၃ သန်းခန့် မဲပေးခွင့်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်မိဘပြည်သူများအနေဖြင့် မိမိတို့လိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးကောက်ပွဲစည်းကမ်းနှင့်အညီ မဲပေးနိုင်ရန် အထူးလိုအပ်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့် မကိုက်ညီပါက မိမိထည့်လိုက်သော မဲတစ်ပြားသည် ပယ်မဲဖြစ်သွားနိုင်ပါသည်။

အသည်းကြားက မဲတစ်ပြားသည် အရေးကြီးပါသည်။ ထောင် သောင်းချီသော မိုးပေါက်များ ပေါင်းစုလိုက်သောအခါ မိုးရေဖြစ်လာသကဲ့သို့ ရွေးကောက်ပွဲတွင်လည်း မိမိရွေးချယ်ပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မဲတစ်ပြားချင်းစီ ပေါင်းထည့်နိုင်မှသာ အနိုင်ရကိုယ်စားလှယ်ဖြစ်လာနိုင်မည်ဖြစ်ပါသည်။ သို့အတွက် မိမိထည့်လိုက်သော မဲတစ်ပြားသည် အကျိုးမဲ့ အချည်းအနှီးမဖြစ်အောင် မဲပေးသောအခါ စနစ်တကျမဲပေးရန် လိုအပ်မည် ဖြစ်ပါသည်။ သို့မဟုတ်ချေက ပယ်မဲဖြစ်သွားနိုင်ပါသည်။

ရွေးကောက်ပွဲကော်မရှင်က တရားဝင်ထုတ်ပြန်ထားသော ပုံစံများအရ ပယ်မဲဖြစ်နိုင်သည့်ပုံစံ အမျိုးမျိုးရှိပါသည်။ မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်ခဲသော မဲ၊ ဆန္ဒပြုမည့်အကွက်ပြင်ပတွင် ဆန္ဒပြုထားသော မဲ၊ တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသော မဲ၊ လုံးဝဆန္ဒပြုမထားသောမဲ၊ အစွန်းအထင်းပါသောမဲ၊ အမှတ်အသားပြုထားသောမဲ၊ မဲရုံမှူးလက်မှတ်မပါသောမဲနှင့် စုတ်ပြဲနေသော မဲများသည် ပယ်မဲများအဖြစ် သတ်မှတ်လိမ့်မည် ဖြစ်ပါသည်။ သို့အတွက် မိမိပေးသော ဆန္ဒမဲသည် အလဟဿ အချည်းအနှီး ဖြစ်မသွားအောင် ကောင်းမွန်စွာ မဲပေးရန် အရေးကြီးပါသည်။ မလိုလားအပ်ဘဲ ပယ်မဲအဖြစ် သတ်မှတ်ခံရပါက များစွာ နစ်နာပါသည်။ မဲပေးပြီး အကျိုးမရှိဖြစ်သွားနိုင်ပါသည်။

သို့ဖြစ်၍ ဆန္ဒမဲပေးတော့မည်ဆိုလျှင် မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ဦးစွာစစ်ဆေးရန်မှာ မဲရုံမှူးလက်မှတ်ပါခြင်း၊ မပါခြင်း၊ စုတ်ပြဲစွန်းထင်းနေခြင်း ရှိမရှိကို စစ်ဆေးသင့်ပါသည်။ ယင်းသို့ စစ်ဆေးပြီးသည်နှင့် မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်အောက် လေးထောင့်ကွက်လေးထဲတွင် အမှန်ခြစ် တံဆိပ်တုံးကို တစ်ချက်တည်းဖြင့် နှိပ်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ မင်မထင်မည်စိုး၍ ထပ်၍ ထပ်၍ နှိပ်လျှင် ပယ်မဲဖြစ်သွားနိုင်ပါသည်။ သို့ပါ၍ အကောင်းဆုံးမဲပေးနိုင်ရန် ပယ်မဲမဖြစ်စေဖို့ အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။

# လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၄**

လွိုင်ကော်မြို့မှ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်းတစ်လျှောက် လမ်း/တံတားလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် အောက်တိုဘာ ၂၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် လမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက် တံတားများနှင့် ရေထုတ်ပြွန် Box Culvert များ ဆောင်ရွက်ထားရှိမှုများအပေါ် သတ်မှတ်ထားသည့် လမ်းဒီဇိုင်းအတိုင်း စံချိန်စံညွှန်းပြည့်မီရေး တာဝန်ခံအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန်၊ တံတားများနှင့် Box Culvert အဝင်/အထွက် နေရာများတွင် လမ်းမျက်နှာပြင် ညီညာမှုရှိရေး စနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးလုပ်ငန်းများတွင် လိုအပ်ချက်များရှိပါက အမြန်ဆုံးပြုပြင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အထူးဂရုပြုဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ကလော-ယင်းမာပင်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် မှာကြားပြီး မိုင်တိုင်အမှတ် (၃၅/၄) အနီးရှိ ယင်းမာပင်စီမံကိန်းရှင်းလင်းဆောင်၌ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် တာဝန်ခံက မိတ္ထီလာ-ကလော-တောင်ကြီး လမ်းအဆင့်မြှင့်တိုးချဲ့တည်ဆောက်ရေး၊ မိတ္ထီလာ-သာစည်-နန့်ပန်တက် လမ်းပိုင်း၊ ပျော်ဘွယ်-ဘုရားငါးဆူ လမ်းပိုင်း၊ သာစည်-သပြေဝလမ်းပိုင်းတို့တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်းများအပေါ် လမ်းဘေးဝဲ/ယာ လမ်းချဲ့ခြင်းများကို လုပ်ငန်းစီမံချက်အတိုင်း ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ယင်းမာပင်မှ ဘုရားငါးဆူ-ပျော်ဘွယ်လမ်းတစ်လျှောက် လမ်း/တံတားပြုပြင်တည်ဆောက်မှု လုပ်ငန်းအပေါ် ကြည့်ရှုပြီး ယာဉ်များအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေး လမ်းတည့်မတ်ရန်၊ လမ်းအဝင်/အထွက် ပြေပြစ်စေရေးနှင့် တံတားပေါ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပြီး ပျော်ဘွယ်-တပ်ကုန်း-နေပြည်တော်အထိ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အုတ်တွင်းမြို့နယ်၊ ကျွဲပွဲနှင့်ညောင်ခြေထောက်ဘူတာအကြား မီးရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းကို အင်ဂျင်နီယာမှူး ဦးကျော်လင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မိုးနှင့်အဖွဲ့က အောက်တိုဘာလ ပထမပတ်က စတင်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်အထိ တစ်မိုင်ခွဲခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဖြူး-မြင့်ဦး

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအထောက်အကူပြုသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၄**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအထောက်အကူပြုသင်တန်းများ ဆင်းပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းများအနက် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၆၁)သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ အမှတ်စဉ်(၆၂)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များမှ သင်တန်းသား ၃၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၉၁)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင်တန်းသား ၃၀၊ အမှတ်စဉ်(၉၂)သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းအောင်လက်မှတ်နှင့်ထူးချွန်ဆုများကို ခေတ္တညွှန်ကြားရေးမှူးချုပ်က ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

# ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးစိုက်ခင်းကို ကျေးရွာများသို့ လွှဲပြောင်း

**စစ်ကိုင်း အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ တောင်တန်းစိုက်ခင်း၊ အခြားစိုက်ခင်းများကို တည်ထောင်ပေးလျက်ရှိရာ ငါးနှစ်ပြည့်ပြီး ကျေးရွာစိုက်ခင်းများကို နီးစပ်ရာ ကျေးရွာများသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တည်ထောင်ခဲ့သော ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးစိုက်ခင်းဧက ၁၀၀ ကို စကျင်၊ ရွာသာယာ၊ တောင်ရင်း၊ ဆည်လေး၊ တလိုင်းကျေးရွာများသို့ အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက လွှဲပြောင်းပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၁·၅၂ |
| ထိုင်း | တစ်ဘတ် | ၃၆·၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁·၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅·၂၉ |

ခင်ရတနာ-စုစည်းသည်။

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ DVD မှတ်တမ်းခွေဝယ်ယူရရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လုပ်ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ **မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ** အစီအစဉ်အား (၂၃-၁၀-၂၀၁၅) ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့ အမှတ်စဉ်(၉၂၆/၂၀၁၅) ဖြင့် ဗီဒီယိုလေဆာခတ်ပြား စီးပွားရေးလုပ်ငန်းသုံးအဖြစ် ပြသခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ **မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ** အစီအစဉ်တွင် ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကဏ္ဍ၊ အားကစားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုများ (Version I)၊ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများ (Version II)၊ ပြည်သူထဲကသမ္မတ (Version I)၊ ပြည်သူထဲကသမ္မတ (Version II)၊ ပြည်သူထဲကသမ္မတ (Version III) တို့ ပါဝင်သည်။

မြန်မာ့ပြုပြင်ပြောင်းလဲမှုပုံရိပ်များ DVD မှတ်တမ်းခွေကို ရန်ကုန်မြို့ အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဆိုင်နှင့် နေပြည်တော်(သပြေကုန်းဈေး)ရှိ စာပေဗိမာန်အရောင်းဆိုင်များတွင် အောက်တိုဘာ ၂၆ ရက်မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




---

**✳ ရှေ့ဖုံးမှ**

၁၉၄၅ ခုနှစ်၊ ယနေ့ကဲ့သို့ အချိန်မျိုးတွင် ကုလသမဂ္ဂပဋိညာဉ်ကို ကနဦးအဖွဲ့ဝင် ၅၁ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အချိန်မှစ၍ ကုလသမဂ္ဂအဖွဲ့ကြီး တရားဝင်ပေါ်ပေါက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ယုံကြည်မှုနှင့် မျှော်မှန်းမှုဆိုင်ရာ မူဝါဒများအပေါ် ကတိကဝတ်ပြုလျက် ၁၉၄၈ ခုနှစ်တွင် ၅၈ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ် ကုလသမဂ္ဂသို့ ဝင်ရောက်ခဲ့ပါကြောင်း။

ထိုအချိန်ကစပြီး ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးရာမူဝါဒနှင့် အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာခဲ့ပါကြောင်း၊ ယခု နှစ်ပတ်လည်အခမ်းအနားသည် အဖွဲ့ကြီး၏ သမိုင်းမှတ်တိုင်တစ်ခုပင် ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ်နှစ်ဖြစ်ရုံမျှမက လူသားများအတွက် ပိုမိုကောင်းမွန်သည့် ဘဝများမှ ယုံကြည်မျှော်လင့်လျက် ကမ္ဘာ့ခေါင်းဆောင်ကြီးများက ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို တညီတညွတ်တည်း အတည်ပြုချမှတ်နိုင်ခဲ့သည့်နှစ်လည်း ဖြစ်ပါကြောင်း။

အတည်ပြုချမှတ်ခဲ့သည့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ၁၇ ချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရန်နှင့် အခွင့်အရေးများကို အပြည့်အဝလေးစားမှုရှိသည့် ကမ္ဘာကြီးဖြစ်ပေါ်လာရန် အနှိုင်းမဲ့သဘောတူညီချက်တစ်ရပ်လည်းဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ၁၇ ချက်သည် နောင်လာမည့် ၁၅ နှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးမည့် မူဘောင်ပင်



**နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် ဖတ်ကြားစဉ်။** (သတင်းစဉ်)

ဖြစ်ပါကြောင်း။

ယခုနှစ် ကုလသမဂ္ဂ၏ဆောင်ပုဒ်ဖြစ်သည့် နှစ်(၇၀)ပြည့် **"ကုလသမဂ္ဂကတိကဝတ်တစ်ခုမှ တစ်ဆင့်အကောင်အထည် ဖော်ခြင်းသို့"** ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို မဆုတ်မနစ် အကောင်အထည်ဖော်ရန်နှင့် နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဆင့် အသီးသီးတွင် မိမိတို့၏ ကတိကဝတ်များကို ပြီးမြောက်စေရန် ရည်မှန်းထားပါကြောင်း။

အဖွဲ့ကြီးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရာတွင် အမြင့်ဆုံးအောင်မြင်မှုကို ရရှိနေပါကြောင်း၊ ကမ္ဘာ့တိုက်ကြီးလေးခုတွင် ဖြန့်ကြက်ထားသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ ၁၆ ဖွဲ့သည် ငြိမ်းချမ်းရေး အခွန့်ရှည်ရန်အတွက် အခြေအနေများကို ဖန်တီးနိုင်ခြင်း၏ သာဓကဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် တောင်ဆူဒန်နှင့် လိုင်ဘေးရီးယားတို့၌ရှိသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များသို့ ပါဝင်ခြင်းဖြင့် မိမိတို့နိုင်ငံမှ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့များအပေါ် အားပေးထောက်ခံမှုသမိုင်းကို ဆန်းသစ်စေပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ဆင်းရဲနွမ်းပါးမှုများနှင့် ဆာလောင်မှုပပျောက်ရေး၊ လက်နက်ကိုင်ပဋိပက္ခများမဖြစ်ပွားရေး၊ အမျိုးသမီး၊ မသန်စွမ်းသူများနှင့် လူနည်းစုများ၏ အခွင့်အရေးမြှင့်တင်ရေးတို့မှ အစပြု၍ နည်းပညာရပ် ဆန်းသစ်တီထွင်မှုကိစ္စရပ်များအထိ ပါဝင်သည့် လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆူနာမီရေဘေး၊ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းမှသည် ယခုနှစ်အတွင်း နိုင်ငံ၏ နေရာအနှံ့ မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဖြစ်ပွားခဲ့သည့် ရေကြီးမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဘေးဒုက္ခ ရောက်ရသူများအတွက် အကူအညီများ ပေးအပ်ရာတွင် ကုလသမဂ္ဂအနေဖြင့် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနအဖွဲ့နှင့် လက်အောက်ခံအဖွဲ့အစည်းများသည် မြန်မာပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်စွာ အကူအညီပေးလျက် ရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေအဖွဲ့သည် မြန်မာနိုင်ငံအတွက် ယုံကြည်



**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာ လော့ဒ် ဒက်ဆဲလ်လီယန် ဖတ်ကြားစဉ်။** (သတင်းစဉ်)

အားထားရမည့်အဖွဲ့အဖြစ် မိမိတို့ အသိအမှတ်ပြုပြီး ယင်းသို့ နိုင်ငံတကာတွင် ပြည်သူ့ဝန်ဆောင်မှုများကို အကောင်းဆုံး စံနမူနာ ကြိုးပမ်းဆောင်ရွက်နေသည့် ကုလသမဂ္ဂဝန်ထမ်းများအား အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံရသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း။

ကုလသမဂ္ဂ ဝန်ထမ်းများ၏ ထူးချွန်ပြောင်မြောက်သော အနစ်နာခံဆောင်ရွက်မှုများ၊ လုပ်ဆောင်ချက်များကို မိမိအနေဖြင့် အသိအမှတ်ပြုကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲရေး ကြိုးပမ်းချက်များအပေါ်တွင် ကုလသမဂ္ဂဖြင့် နိုင်ငံတကာအသိုက်အဝန်း၏ အားပေးထောက်ခံမှုများကို အထူးကျေနပ်အားရပါကြောင်း။

မကြာသေးမီက နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ခြင်းသည် မိမိတို့၏ အရေးကြီးသည့် စွမ်းဆောင်ချက်များစွာထဲမှ တစ်ခုဖြစ်ပါကြောင်း။

ထိုကဲ့သို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ သမိုင်းတွင် နှစ်ကာလကြာရှည်စွာ ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများကို အဆုံးသတ်စေမည့် အရေးပါသည့် အောင်မြင်မှုတစ်ခုဖြစ်သည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံသားတစ်ဦးဖြစ်သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ အဆိုအမိန့်တစ်ခုဖြစ်သော **"မိမိ၏ သူတစ်ပါးအပေါ် ဆောင်ရွက်ချက်များ အားလုံးသည် မိမိအား ရောင်ပြန်ဟပ်သည်ဟူသော အတုံ့အလှည့် သဘောတရားကို လူတိုင်းက သိရှိနားလည်သဘောပေါက်ကြမည်ဆိုပါက ဤကမ္ဘာကြီးသည် ပျော်ရွှင်ငြိမ်းချမ်းတဲ့နေရာဖြစ်လာပေလိမ့်မယ်"** ဟု ပြောကြားမှုကို ထပ်ဆင့်ပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသော ကုလသမဂ္ဂနေ့ အခါသမယတွင် လူတိုင်းအတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံသည့် ကမ္ဘာကြီး တည်ဆောက်ရေးအတွက် မိမိတို့တစ်ဦးချင်း၏ ကတိကဝတ်များဖြင့် သန္နိဋ္ဌာန်တို့ကို ထပ်လောင်းအတည်ပြုကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာ လော့ဒ် ဒက်ဆဲလ်လီယန်က ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များကို ဗီဒီယိုမှတ်တမ်းဖြင့် တင်ဆက်ပြသပြီး ကျောင်းသား ကျောင်းသူလေးများက အဖွဲ့လိုက်တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် မစ္စ ရီနားတား နီကိုလာ လော့ဒ် ဒက်ဆဲလ်လီယန်တို့က အကြိမ်(၇၀)မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် အကြိမ်(၇၀)မြောက်ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးများ၊ ကုလသမဂ္ဂကပေးပို့သည့် ကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

---

## ရန်ကုန်မြို့၌ စက်မှုအထက်တန်းကျောင်းဖွင့်လှစ်ရန် ဂျပန်နှင့်မြန်မာအစိုးရတို့ သဘောတူညီချက်ရရှိ

**ဝရဇိန်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနနှင့် ဂျပန်နိုင်ငံ KAKE ပညာရေးအင်စတီကျူးရှင်းတို့သည် မြန်မာနိုင်ငံ၌ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရန်ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့၌ စက်မှုအထက်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြသည်။

ရန်ကုန်မြို့၌ ဖွင့်လှစ်မည့် အဆိုပါစက်မှုအထက်တန်းကျောင်း၌ သင်ကြားမည့် သင်ရိုးညွှန်းတမ်းများမှာ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြစ်ကြောင်း၊ ယင်းစက်မှုအထက်တန်းကျောင်းမှ ကျောင်းဆင်း ကျောင်းသားများသည် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ရရှိကြမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်လှစ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် စက်မှုနှင့်သက်မွေးပညာရပ်များကို နိုင်ငံတကာအဆင့်အထိ မြှင့်တင်ရန်ဖြစ်ကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုမြင့်တက်လာမှုများနှင့်အညီ လိုအပ်ချက်များကို ဖြည့်တင်းပေးရန်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း၌ရှိပြီးသား စက်မှုအထက်တန်းကျောင်း ၃၀ ကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အဆင့်မြှင့်တင်မှုများပြုလုပ်ရန် စီစဉ်နေကြောင်းလည်း သိရသည်။

**(Dealstreetasia.com)**

# မော်လ်ဒိုက် ဒုတိယသမ္မတအား ဗုံးခွဲရန်ကြံစည်မှုဖြင့် ဖမ်းဆီး

**မော်လ်ဒိုက် အောက်တိုဘာ ၂၄**

မော်လ်ဒိုက် ဒုတိယသမ္မတအား သမ္မတကို ဗုံးထောင်သတ်ဖြတ်ရန် ကြံစည်မှုဖြင့် ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

ဒုတိယသမ္မတ အာမက်အဒီးအား သမ္မတကို ကြံစည်သတ်ဖြတ်ရန် ကြိုးစားသည်ဟူသော စွဲချက်ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သမ္မတ အဗ္ဗဒူလ်ယာမင်သည် ပြီးခဲ့သည့်လက လေဆိပ်မှအိမ်အပြန် လှေပေါ်တွင် ဗုံးပေါက်ကွဲခဲ့သော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

မစ္စတာအဒီးအား ပြည်ပခရီးမှအပြန်လေဆိပ်၌ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့ကအတည်ပြုပြောကြားသည်။ ၎င်းအား ကျွန်းအကျဉ်းစခန်းတစ်ခု၌ ဖမ်းဆီးထားကြောင်း ပြည်ထဲရေးဝန်ကြီး နာဆီးယားကပြောသည်။ မစ္စတာယာမင်သည် စက်တင်ဘာ ၂၈ ရက်က လှေပေါ်၌ ဗုံးပေါက်ကွဲမှုမှ လွတ်မြောက်ခဲ့သော်လည်း ၎င်း၏ဇနီးနှင့် သက်တော်စောင့်တို့ ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# တောင်အာဖရိကတွင်ကျောင်းသားများ အခမဲ့ပညာရေးအတွက် ဆန္ဒပြ

**ဂျိုဟန်နစ္စဘတ် အောက်တိုဘာ ၂၄**

တက္ကသိုလ်၊ ကောလိပ်အဆင့် ကျူရှင်ခများ ကြီးမြင့်လာခြင်းကို ဆန္ဒပြရန် ထောင်ပေါင်းများစွာသော ကျောင်းသားများ လွန်ခဲ့သောရက်က တောင်အာဖရိက၏ လမ်းများပေါ်တွင် စုရုံးရောက်ရှိနေကြပြီး ယင်းက သမိုင်းတွင်မည့် ကိုးရက်မြောက်နေ့ ဆန္ဒပြပွဲဖြစ်နိုင်ပြီး အရှိန်လျှော့နည်းသွားမည့်ပုံ မမြင်သေးကြောင်း ဆင်ဟွာသတင်းရပ်ကွက်၌ ဖော်ပြသည်။

တောင်ဘက်ကိပ်တောင်းနှင့် အရှေ့ဘက်ကိပ်မြို့များမှ မြောက် ဂျိုဟန်နစ္စဘတ်နှင့်ပရီတိုးရီးယားအထိ အလွှာပေါင်းစုံမှ ကျောင်းသားများသည် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ကျူရှင်လခ သုညရာခိုင်နှုန်းဖြစ်ရေးအတွက် စုရုံးရောက်ရှိနေကြခြင်းဖြစ်သည်။

ဝက်တ်တက္ကသိုလ်နှင့် ဂျိုဟန်နစ္စဘတ်တက္ကသိုလ်များမှ ကျောင်းသားများပါဝင်သော ကျောင်းသားထုကြီးသည် ဂျိုဟန်နစ္စဘတ်ရှိ အေအင်န်စီဌာနချုပ်သို့ အာဏာရအစိုးရထံမှ လိုအပ်ချက်များတောင်းဆိုရန် ချီတက်လာကြသည်။ လွန်ခဲ့သောရက်က ကျောင်းသားများသည် လူသူလီလွှတ်တော်ရှေ့၌ တန်းစီနေရာယူထားခဲ့ကြသည်။



အဆိုပါနေရာသည် ယခင်အက်စ်အာရ်စီသမ္မတ မက်ဆိုဒလာမီနီက လူတိုင်းအတွက် အခမဲ့ပညာရေးရရှိရန် မိန့်ခွန်းတစ်ရပ်ကို လူထုသို့ ဟောပြောခဲ့သော နေရာဖြစ်သည်။ **(ဆင်ဟွာ)**

# အမေရိကသမိုင်းတွင် အင်အားအပြင်းဆုံးမုန်တိုင်း မက္ကဆီကိုကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၄**

မက္ကဆီကိုနိုင်ငံ၌ အင်အားပြင်းထန်သော ပက်ထရစ်စီယာဟာရီကိန်းမုန်တိုင်း ဝင်ရောက်ခဲ့ရာ ရေကြီးမြေပြိုမှုများ ဖြစ်လာနိုင်ကြောင်း မက္ကဆီကိုသမ္မတက အသိပေးပြောကြားလိုက်သည်။

အမေရိကသမိုင်းတွင် စံချိန်တင်အင်အားကြီးမားသော ပက်ထရစ်စီယာဟာရီကိန်းမုန်တိုင်းသည် ယခုအထိ ပျက်စီးမှုမများသေးသော်လည်း စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းသည့် အနေအထားရှိကြောင်း သမ္မတအန်းနရစ်ပီနာနီကိုးက ပြောသည်။

အဆိုပါမုန်တိုင်းသည် သောကြာနေ့က မက္ကဆီကိုအနောက်ပိုင်းသို့ လေပြင်းများနှင့်အတူ ဝင်ရောက်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ ယင်း မုန်တိုင်းမှာ တစ်နာရီမိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ ကုန်းတွင်းပိုင်းသို့ဝင်ရောက်ပြီး အားပျော့သွားပြီဖြစ်ကြောင်း အမေရိကန်ဟာရီကိန်းစင်တာက ပြောသည်။



အဆိုပါ ဟာရီကိန်းမုန်တိုင်းသည် သမုဒ္ဒရာ၌ရှိနေစဉ် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၂၀၀ နှုန်းရှိခဲ့ပြီး အနောက်ကမ္ဘာခြမ်း၌ အင်အားအပြင်းထန် ဆုံးမုန်တိုင်းဖြစ်သည်ဟု ဆိုသည်။ ယင်းမုန်တိုင်းကြောင့် မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းမှ ထောင်နှင့်ချီသော ဒေသခံများနှင့် ခရီးသွားဧည့်သည်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ယင်းမုန်တိုင်းသည် မက္ကဆီကိုမြောက်ပိုင်း ကုန်းတွင်းပိုင်း၌လည်း ဆက်လက်ရွေ့လျားလျက်ရှိသည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ဘင်္ဂလားဒေ့ရှ် ဒါကာမြို့ဟောင်း၌ လက်ပစ်ဗုံးသုံးလုံးပေါက်ကွဲ တစ်ဦးသေဆုံး၊ ၇၀ ဒဏ်ရာရရှိ

**ဒါကာ အောက်တိုဘာ ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ၏ အစိတ်အပိုင်းဖြစ်သော ဒါကာမြို့ဟောင်းရှိ အရေးကြီး အဆောက်အအုံ တစ်ခုရှေ့၌ အောက်တိုဘာ ၂၄ ရက်က အရှူဝါ ဂုဏ်ပြုပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေစဉ်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ရာတစ်ဦးသေဆုံးပြီး အမြောက်အမြားဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပေါက်ကွဲမှုသည် သူတော်စင် အရှူဝါကို ပူဇော်ရန် ရိုးရာမပျက် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ရှီးယိုက်မွတ်ဆလင်များ စုရုံးနေစဉ် ဒေသစံတော်ချိန် ၁ နာရီခွဲ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေရာတွင် လက်လုပ်ဗုံးသုံးလုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူငယ်တစ်ဦးသေဆုံးခဲ့ပြီး ၇၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ရိုးရာဓလေ့ထုံးစံအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သူတော်စင်အရှူဝါဂုဏ်ပြုပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်ရပ်မှာ မည်သူက မည်သည့်အတွက် ပြုလုပ်သည်ကို မသိရသေးပေ။ **(ဆင်ဟွာ)**

# ဂါဇာနှင့် အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးတပ်ဖွဲ့များနှင့် ပါလက်စတိုင်းလူငယ်များကြား ပဋိပက္ခဖြစ်ပွား

**ဂါဇာ အောက်တိုဘာ ၂၄**

အနောက်ရိုးတန်းနှင့် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းနှင့် အစ္စရေးစစ်သားများအကြား အောက်တိုဘာ ၂၃ ရက်က ပဋိပက္ခဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံးပါလက်စတိုင်း ၉၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆေးအဖွဲ့က ပြောခဲ့သည်။

အစ္စရေးတပ်ဖွဲ့၏သေနတ်များဖြင့်ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း ၆၅ ဦးဒဏ်ရာရရှိခဲ့ပြီး ၎င်းဒဏ်ရာရရှိသူများတွင် ဆေးအကူလေးဦးနှင့် ဒေသခံကင်မရာသမားများ ပါဝင်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ပါလက်စတိုင်းလူငယ်များနှင့် အစ္စရေးတပ်ဖွဲ့များသည် အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသရှိ နယ်ခြားမျဉ်းသတ်မှတ်နေရာများတွင် ပဋိပက္ခအသွင်ရောက်ရှိခဲ့သည်။ ပါလက်စတိုင်းလူငယ်များက လက်နက်အစစ်များ၊ ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယိုဓာတ်ငွေ့များဖြင့် ပြန်လည်ပစ်ခတ်သော အစ္စရေးတပ်ဖွဲ့များကို ကျောက်တုံးကျောက်ခဲများဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောခဲ့သည်။ ထိုပဋိပက္ခသည် အဓိကအားဖြင့် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ဂါဇာကမ်းမြောင်ဒေသများတွင် ဖြစ်ပွားကြောင်း သိရသည်။ မြောက်ပိုင်း ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူငယ်တစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အနောက်ဘက်ကမ်းရိုးတန်းဒေသရှိ မြို့များနှင့်ရွာများတွင် ပါလက်စတိုင်းလူငယ်များနှင့် အစ္စရေးတပ်ဖွဲ့များ အလားတူ ပဋိပက္ခများဖြစ်ပွားခဲ့သောကြောင့် ပါလက်စတိုင်း ၃၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အောက်တိုဘာလအစောပိုင်းမှစ၍ အနောက်ဘက်ကမ်းရိုးတန်းနှင့်ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များနှင့် ပါလက်စတိုင်းများအကြား ပြင်းထန်သော ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ အစ္စရေးဘက်မှ ၁၀ ဦးနှင့် ပါလက်စတိုင်းဘက်မှ ၅၅ ဦး လချီကြာသော ပဋိပက္ခတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ပဋိပက္ခသည် အရှေ့ဘက် ဂျေရုဆလင်ရှိ အယ်အက်ဆာဒေသ၏ အထွက်အမြတ်ထားရာမြေပေါ်တွင် ဖြစ်ပွားခဲ့သော မကျေလည်မှုမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အခင်းဖြစ်ပွားရာနေရာသို့ လာရောက်ခဲ့ပြီး သံတမန်နည်းလမ်းဖြင့် အကြမ်းဖက်ပဋိပက္ခများကို ဖြေရှင်းရန် အားထုတ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက် အမှတ် (၄/၂၀၁၅)**
**၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်**
**(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃ ၊ နည်းဥပဒေခွဲ(ခ)တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**ဥက္ကဋ္ဌ**

# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၅/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

**ပထမအကြိမ်အမျိုးသားလွှတ်တော်**
**(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ရုံးအမှတ် (၂၀)၊ လွှတ်တော်ရုံးသို့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်(စနေနေ့) ထက်မစော၊ နိုဝင်ဘာလ ၁၅ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19) သို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်ထက်မစော ၁၅ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားကို ယူဆောင်လာကြရန် ပန်ကြားအပ်ပါသည်။

**(သတင်းစဉ်)**

# အာဆီယံ ကင်းထောက်ညီလာခံအတွေ့အကြုံနှင့် အာရှ-ပစိဖိတ် ကင်းထောက်ညီလာခံတက်ရောက်မည့်အစီအစဉ်များရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၄**

ဖိလစ်ပိုင်သမ္မတနိုင်ငံ အာဆီယံ ကင်းထောက်ညီလာခံတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား အာဆီယံကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် တစ်ညီတစ်ညွတ်တည်း သဘောတူကြောင်းနှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုရေး ဆွေးနွေးပွဲကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဝင်များက ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပမည့် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်ညီလာခံသို့ တက်ရောက်ကြမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဖိလစ်ပိုင်သမ္မတနိုင်ငံတွင်ကျင်းပခဲ့သည့် အာဆီယံ ကင်းထောက်ညီလာခံ အတွေ့အကြုံနှင့် ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ် ကင်းထောက်ညီလာခံ တက်ရောက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းအတွေ့အကြုံရှင်းလင်းပွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံကင်းထောက်ညီလာခံ အတွေ့အကြုံများကို လည်းကောင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဝင်များဖြစ်သည့် ဦးသာစိန်၊ ဦးမောင်မောင်ဝင်း၊ ဦးတင်လှိုင်၊ ဦးကြည်မောင်အေးတို့က ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ရေး ဆွေးနွေးကြမည့် ကိုရီးယားသမ္မတနိုင်ငံ၌ (၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ် ကင်းထောက်ညီလာခံသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များ တက်ရောက်မည့် အစီအစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဝင်များနှင့် ကင်းထောက်ကြီးများက ပြန်လည်ဆွေးနွေးကြသည်။



**(သတင်းစဉ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၂၅ ရက်တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**



# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီစည်းဝေး

**တောင်ကြီး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်က အမှာစကားပြောကြားပြီး ကော်မတီဝင်များက ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခြင်း၊ ခရိုင်ရဲမှူးများ၊ မြို့နယ်ရဲမှူးများက ရွေးကောက်ပွဲလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်က လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# သင့်ရင်ထဲက ပန်းဥယျာဉ်

ချစ်နိုင်(စိတ်ပညာ)

"လူတွေဟာ သူတို့ကိုယ်သူတို့ ထင်တာတွေ တကယ်ဖြစ်လာတတ်တယ်။ ဒါကို ငါတကယ်မလုပ်နိုင်ဘူးလို့ထင်ရင် မလုပ်နိုင်တော့ပါ။ အကယ်၍ ကျွန်တော်တို့က ငါလုပ်နိုင်တယ်လို့ ယုံကြည်ရင် လုပ်လို့ရတယ်။ ကျွန်တော်တို့ခန္ဓာကိုယ်အတွင်းမှာ လုပ်နိုင်စွမ်းတွေက ပုန်းခိုနေကြတာပါ။ အဲဒါတွေကို ယုံကြည်မှုနဲ့ ဆွဲယူသုံးစွဲရမှာဖြစ်ပါတယ်"

မဟတ္တမဂန္ဒီ(၁၈၆၉-၁၉၄၈)

**ထင်တားတဲ့အတိုင်းပဲ**

လူတွေဟာ အများအားဖြင့် သူတွေးထင်ထားတဲ့ အတိုင်းပဲ ဖြစ်လာကြတာလို့ အမေရိကန်စာရေးဆရာ ဟင်နရီဒေးဗစ်သော်ရိုးကရေးသားပါတယ်။ ဒီအဓိပ္ပာယ်ကို သူကပထမဦးဆုံး သိမြင်ထုတ်ဖော်တာတော့ မဟုတ်ပါဘူး။ အမေရိကန်စိတ်ပညာ ပါမောက္ခ ဝီလျှမ် ဂျိမ်းစ်ကလည်း လူတွေ သူတို့ရောက်တဲ့ဘဝ၊ ရလာတဲ့ နေရာဟာ ယခင်က သူ့ရဲ့စိတ်ကူးနဲ့ အကြိမ်ကြိမ် တောင့်တ မျှော်မှန်းခဲ့တဲ့အတိုင်း ရောက်ရှိလာတာ၊ ရရှိလာတာပဲ။ တကယ်ဖြစ်ချင်ရင် စိတ်ဆန္ဒ ထက်ထက် သန်သန် ပြင်းပြင်းပြပြနဲ့ မရမနေ ကြိုးစားအားထုတ်ရင် ရတာဖြစ်ပါတယ်။ အဲဒီအချက်ကို ထင်ထင်ရှားရှား ထုတ်ဖော်ခဲ့ပါတယ်။

အနောက်တိုင်း စာရေးဆရာတစ်ယောက်ရေးခဲ့တဲ့ စာအုပ်တစ်အုပ်ကို စာရေးဆရာဖေမြင့်က ဘာသာပြန်ဖူးပါတယ်။ "သင့်အတွေးအကြံအတိုင်းသာ"တဲ့။

လူတွေဟာ သူတို့တွေးထင်ယူဆ ယုံမှတ်ထားတဲ့ အတိုင်းပဲ ဖြစ်လာကြပါတယ်ဆိုတဲ့သဘောကို ထင်ရှားပေါ်လွင်အောင် ရေးသားထားတာပါ။

ဟုတ်ပါတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ အလွန်တရာအောင်မြင်ထင်ရှားခဲ့တဲ့ ဒါရိုက်တာ စာရေးဆရာကြီး သုခကလည်း တကယ်ဖြစ်ချင်တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်ဆိုတဲ့ သဘောတရားကို အကြိမ်ပေါင်းများစွာ စာပေဟောပြောပွဲတွေမှာပြောလည်း ပြောတယ်။ စာပေအနေနဲ့လည်း ဝတ္ထုတွေ၊ ဆောင်းပါးတွေ အခါခါရေးတယ်။ ရုပ်ရှင်အနေနဲ့လည်း သာဓကဆောင်ပြီး ဇာတ်ကားအတော်များများမှာ ပြသခဲ့ပါတယ်။ ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်းတို့ ပါဝင်သရုပ်ဆောင်တဲ့ တစ်ဦးကမေတ္တာ၊ တစ်ဦးက စေတနာ ရုပ်ရှင်ဇာတ်ကားမှာ "တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်"ဆိုတာကို ရုပ်ရှင်နောက်ခံတေးသီချင်းအဖြစ် ပါဝင်သီဆိုစေပါသေး။

**စိတ်ရဲ့သဘော**

စာရေးဆရာကြီး ပီမိုးနင်းဟာ ဝတ္ထုနဲ့ဆောင်းပါး စာအုပ်ပေါင်း ခြောက်ရာကျော် ရေးသားသွားတဲ့ ကျေးဇူးရှင် ခေတ်ပြုပြင်ရေး စာဆိုတော်တစ်ဦးပါ။ သူက လူ့ရဲ့စိတ်ဟာ ဆန်းကြယ်တယ်တဲ့။

မိမိရဲ့စိတ်ကို နှိမ့်ချရင် နှိမ့်ကျနေမယ်။ မိမိရဲ့စိတ်သဘောထားကို မြှင့်ထားရင် မြင့်မားတယ်။

လူတိုင်းဟာ မိမိကိုယ်ကို တန်ဖိုးထားပြီး ပျိုးထောင်ရမယ်။ ငါတို့မြန်မာနိုင်ငံ မြန်မာလူမျိုးဟာ နိုင်ငံခြားသား တရုတ်၊ ကုလားနဲ့ မျက်နှာဖြူများထက်မနိမ့်ကျဘူး။ ငါတို့တိုင်းရင်းသား အမျိုးသားများဟာ အမြော်အမြင်ကြီးကြီးမားမားနဲ့ စည်းစည်းလုံးလုံး ကြိုးစားကြရင် ယခင်ဘဝထက် အဆများစွာ ကြီးပွားတိုးတက်မှာ သေချာပေါက်ပဲဆိုတဲ့ အမြင်သဘောထား (တက်ကျမ်းလို့ပဲ ခေါ်ခဲ့ကြတဲ့) စာအုပ်ပေါင်းများစွာ ရေးသားလှုံ့ဆော်ခဲ့ပါတယ်။

"ကမ္ဘာကြီးကို အကောင်းဆုံးပေးလိုက်ပါ"တဲ့။

"သင့်ထံအကောင်းဆုံးတွေ ပြန်ရောက်လာမယ်ဆိုတာသေချာပေါက်ပါပဲ"လို့ ဆရာကြီး ပီမိုးနင်းက ရေးခဲ့ပါတယ်။ အင်္ဂလိပ်စာလည်း ကျွမ်းကျင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ လောက်က နိုင်ငံတကာ စိတ်ခွန်အားမြှင့် ကြီးပွားရေး၊ တိုးတက်ရေးစာအုပ်ကောင်းတွေကိုဖတ်ပြီး မြန်မာပရိသတ်နဲ့ဆီလျော်အောင်ထိထိမိမိ ရှင်းရှင်းလင်းလင်း ရေးခဲ့တာ အင်မတန်ကောင်း၊ အလွန်တရာ အကျိုးကျေးဇူးများပြားတာပဲ။ ယနေ့အထိ ပီမိုးနင်းရေးသမျှစာပေတွေဟာ ဖတ်လို့ ခေတ်မီနေတုန်းပါပဲ။ ဟိုခေတ် ဟိုအခါကဒေးလ်ကာနက်ဂီ၊ ဟားဘတ်ကာဆင်အစရှိတဲ့ ကမ္ဘာကျော်အရောင်းရဆုံး စာအုပ်တွေထဲကအဆီအနှစ်တွေကိုပဲ လွယ်လွယ်ရှင်းရှင်းပြန်ရေးထားပေးတာ။

**ကံသုံးပါးမှာ**

လူမှာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါး၊ အလုပ်သုံးမျိုးရှိကြတယ် မဟုတ်လား။ အပြု၊ အပြော၊ အတွေး။ လူအများစုအလုပ်အရေးအကြီးဆုံးလို့ မှတ်ယူကြတယ်။ အပြောအဆို၊ စကားလည်းအရေးကြီးတယ်ဆိုတာ လူအများက နားလည်သဘောပေါက်ကြတယ်။

မနောကံ၊ အတွေး၊ စိတ်ကူး။

စိတ်ရဲ့ကြီးမားတဲ့ စွမ်းအား။

ထူးခြားတဲ့ ဂုဏ်ရည်။

ဆန်းကြယ်တဲ့ သဘောလက္ခဏာများကိုတော့ သိသူလည်း နည်းပါးတယ်။ အသုံးချရကောင်းမှန်းသိသူလည်း ရှားတယ်။

စနစ်တကျ ဆုံးမပဲ့ပြင်ခြင်းမရှိခဲ့ရင် အလွန်တရာ ပြင်းထန်တဲ့ဆိုးကျိုးတွေ သက်ရောက်စေနိုင်သလို စိတ်ကို ဖြူစင်သန့်ရှင်းအောင်၊ သမာဓိခွန်အားမြင့်မားအောင် ထူထောင်နိုင်ရန် ဘဝအဆင့်ဆင့် မြင့်သထက်မြင့်ပြီး လွတ်မြောက် အေးချမ်းသွားနိုင်တယ်။ ရဟန်းပညာရှိ၊ လူပညာရှိ၊ သူတော်ကောင်းများရဲ့ သင်ကြားပြသ အဆုံးအမကိုရကြရင် မုချမသွေလက်ငင်းရစေနိုင်တာတွေပေ့ါ။ မြတ်စွာဘုရား ဟောကြားတော်မူသမျှ တရားတော်များဟာ စိတ်ရဲ့ငြိမ်းချမ်းစေကြောင်း တရားတွေချည်းပါပဲ။ အပြုအမူ၊ အလုပ်အကိုင်၊ အပြောအဆို၊ အတွေးအကြံ၊ ကိုယ်ပြုသမျှ၊ ပြောသမျှ၊ စဉ်းစားသမျှ၊ အလုပ်ဟူသမျှထဲမှာ စေတနာပါအောင်ထည့်ပါ။

## သူတစ်ပါးနဲ့ ယှဉ်ပြိုင်ရမယ်ဆိုရင် ကံအကောင်းဆုံး၊ ဉာဏ်အကောင်းဆုံး၊ ဝီရိယအကောင်းဆုံး၊ စေတနာအကောင်းဆုံး ရှိရမယ့်အပြင် မိမိမှာ ရိုးသားမှုရှိရပါမယ်။

**စေတနာ**

သဒိသံ ပါကံ ဇနေတိ။ စေတနာ ဟူသည်တူသော အကျိုးကိုပေး၏။

စေတနာကောင်းရင် ကံကောင်းတာပေ့ါ။

စေတနာမြင့်မှ ကံမြင့်တယ်။

စေတနာနိမ့်ရင် ကံနိမ့်မှာပဲ။

စေတနာမွဲရင် ကံမွဲတတ်တယ်။

စိတ်ကောင်း စေတနာကောင်းရှိဖို့ အရေးကြီးစွာဟာ လူတစ်ယောက်ရဲ့ဘဝမှာ အကောင်းအဆိုးကို ဆုံးဖြတ်ပေးတဲ့ အဓိကလမ်းညွှန်အိမ်မြှောင်ပါပဲ။

စာရေးသူက ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါခဲ့တယ်။ စာများများဖတ်လာတော့ စာရေးချင်ခဲ့တယ်။ စာရေးဆရာဖြစ်ချင်တယ်ဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်ကတော့ အသက် ၁၆ နှစ်လောက်မှာစပြီး ရှိခဲ့တာပေ့ါ။ လက်တွေ့မှာ နှစ်ပေါင်း ၂၀ ကျော်ကြာမှ မဂ္ဂဇင်းစာမျက်နှာတွေပေါ်သို့ ကိုယ်ရေးတဲ့စာကို ရောက်အောင် ရေးနိုင်ပါတယ်။ အသက် ၃၆ နှစ်ရှိမှ စာပေလောက ထဲ စတင်ဝင်ရောက်နိုင်တာပါ။ စာပေရေးသားခြင်းအလုပ်ဟာ လွယ်လွယ်ကူကူနဲ့ ရနိုင်တဲ့အလုပ်မျိုးတော့ (မိမိကိုယ်တွေ့) မဟုတ်ပါ။

အသက်အရွယ် ၂၀ ကျော် စလောက်မှာပဲ တိုင်းသိပြည်သိ နိုင်ငံကျော်စာရေးဆရာဖြစ်ခဲ့တဲ့ စာရေးဆရာတွေလည်းရှိကြပါတယ်။ ပါရမီချင်းတော့ မတူပါ။

စာရေးသူကတော့ ကိုယ်တိုင်အားထုတ်ကြိုးစားအလုပ်လုပ်ရတာ တော်တော်အချိန်ကြာခဲ့တာအမှန်ပါ။ ဉာဏ်ပညာ ထုံထိုင်းလှသူ မဟုတ်ပေမယ့် အချို့ကိစ္စများဆိုရင် နှစ်ပေါင်းများစွာကြာမှ အနှစ်သာရသဘောကို သိမြင်လာရပါရဲ့။ ဥပမာ ဆိုပါစို့။

**အမြင်သစ်**

သမ္မဒိတရားလေးပါးကို မိမိမကြာခဏရေးခဲ့ပါရဲ့။ ကိုယ်တိုင်ကြိုးစားအားထုတ်မှုရှိရမယ်။ မိတ်ကောင်းဆွေကောင်းရှိရမယ်။ မှန်ကန်မျှတတဲ့ အသက်မွေးမှုဖြစ်ရမယ်(မတော်မတရား အမြတ်ကြီးစားမရောင်းဝယ်ရ၊ လက်နက်အဆိပ်မူးယစ်စေတာမျိုးနဲ့ ကုန်ရောင်းကုန်ဝယ်မလုပ်ရ၊ ချွေတာစုဆောင်းရပါမယ်)၊ နောက်တစ်ချက်က အာရက္ခသမ္မဒါဆိုတာ လုံခြုံအောင်ကာကွယ်စောင့်ရှောက်ရမယ်ဆိုလိုတာမဟုတ်လား။ သိတာပေ့ါ။

ရေးလည်းရေးတယ်။ ပြောလည်းပြောတယ်။ နှစ်ပေါင်းများစွာ ကြာခဲ့ပါရဲ့။ အသက် ၆၀ ကျော်လာမှ စဉ်းစားမိတယ်။ ယခင်က မသိခဲ့မိတဲ့အချက်တစ်ခု ခေါင်းထဲကို ဝင်းခနဲလက်ခနဲရောက်လာတယ်။

အာရက္ခသမ္မဒါဆိုတာက မိမိပိုင်တဲ့ ပစ္စည်းဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ၊ မြေ၊ တိရစ္ဆာန်၊ သက်ရှိ သက်မဲ့ ဒါတွေကို သူခိုး၊ သူဝှက်၊ လူဆိုးလူလိမ်များရဲ့ လက်သို့ပါမသွားအောင် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ (သို့) သားဆိုးသမီးဆိုးက မဖျက်ဆီး မယူဆောင်သွားနိုင်အောင် ကာကွယ် စောင့်ရှောက်ရမယ်လို့သာ ကြားဖူးမှတ်ဖူးနားလည်ခဲ့တယ်။

တကယ်တော့ ပြင်ပပိုင်ဆိုင်သမျှကိုချည်း လုံခြုံစွာ ကာကွယ်စောင့်ရှောက်ဖို့ရာ မြတ်စွာဘုရားက ဟောကြားခြင်းမဟုတ်၊ သည့်ထက်ပိုမိုနက်ရှိုင်းသိမ်မွေ့တဲ့ အဓိပ္ပာယ်အထိ အနက်ကောက်နိုင်ပါသေးကလား။

**ဖြူစင်သန့်ရှင်းပါ**

အာရက္ခသမ္မဒါ လုံခြုံစွာ ကာကွယ်ပါ။ မိမိရဲ့ စိတ်ကိုလည်း သန့်ရှင်းဖြူစင်အောင် စောင့်ရှောက်နေရမှာ၊ အကုသိုလ်ဒုစရိုက်တရား ၁၀ ပါးနဲ့ မယှဉ်တွဲမိအောင် ထိန်းသိမ်းနိုင်ရမှာ၊ စိတ်ကရိုးသားဖြောင့်မတ်နေရမှာ၊ ဒါမှသာ ကြီးပွားတိုးတက်မှာဖြစ်ပါတယ်။

စဉ်းစားလေလေ သဘောပေါက်လေလေပေ့ါ။ ဒီတော့မှ စိတ်ကိုအပြစ်ကင်းအောင် စောင့်ရှောက်ခြင်းဟာလည်း အောင်မြင်ကြီးပွားစေခြင်းရဲ့ အရင်းခံအကြောင်းခြင်းရာတစ်ပါး(သမ္မဒါတရား) ဆိုတာသိမြင်လာမိပါတယ်။

ကြီးပွားချမ်းသာရေးနဲ့ ပတ်သက်ရင် မြန်မာလူ့အဖွဲ့အစည်းမှာ လောကနီတိဟာ အစဉ်အလာအရ အခြေခံကျပါတယ်။ ထင်ရှားခဲ့ပါတယ်။

လောကနီတိမှာ ဒီလိုဆိုထားတယ်မဟုတ်လား။

ကံချင်းတူရင် ဉာဏ်သာသူက အနိုင်ရမယ်။

ဉာဏ်ချင်းတူရင် ဝီရိယသာသူက အနိုင်ရမယ်။

ဝီရိယချင်းတူနေရင် စေတနာသာသူကအနိုင်ရမယ်။

စေတနာချင်းတူနေပြန်ရင် ရိုးသားသူက အနိုင်ရမယ်။

ထို့ကြောင့် သူတစ်ပါးနဲ့ ယှဉ်ပြိုင်ရမယ်ဆိုရင် ကံအကောင်းဆုံး၊ ဉာဏ်အကောင်းဆုံး၊ ဝီရိယအကောင်းဆုံး၊ စေတနာအကောင်းဆုံးရှိရမယ့်အပြင် မိမိမှာ ရိုးသားမှုရှိရပါမယ်။

**ရိုးသားမှု**

မြန်မာတစ်မျိုးသားလုံး ငယ်စဉ်တောင်ကျေးကလေးဘဝမှ ရရှိခဲ့တဲ့ လောကနီတိဆုံးမစာဆိုတာက အရိုးစွဲအောင်မှတ်မိနေကြတဲ့ ဝိဘာလ၊ အခြေခံစဉ်းစားပုံစနစ် မဟုတ်လား။

ကိုယ်မရိုးသားတာနဲ့သူများကို မရိုးသားသူလို့ အထောက်အထား ခိုင်ခိုင်မာမာမရှိဘဲ မစွပ်စွဲရဘူး။ ကိုယ်လည်း ရိုးသားပါ။ သူများကိုလည်း ရိုးသားဖြောင့်မတ်သူအဖြစ် တန်ဖိုးထားဆက်ဆံပါ။ ကံ၊ ဉာဏ်၊ဝီရိယ၊ စေတနာနဲ့ ရိုးသားမှုဆိုတာက ခေါင်းဆောင်အကြီးအကဲ နေရာရောက်ရှိရမယ့် လူတွေအတွက် မရှိမဖြစ်အခြေခံ အချက်တွေပဲ။

နိဂုံးမချုပ်ခင် ရစ်ချတ်ဝေလ်ကင်ဆိုတဲ့ စာရေးဆရာ ရေးခဲ့ဖူးတာလေးကို ဖော်ပြချင်တယ်။

"သင့်စိတ်က သင့်အတွေးတွေရဲ့ ဥယျာဉ်တစ်ခုပါ။
သင်ကပန်းပင်တွေ စိုက်ရင် ပန်းတွေရမယ်။
သင်က အာလူးတွေစိုက်ရင် အာလူးတွေရမယ်။
သင်က ဘာမှမစိုက်ရင် ပေါင်းမြက်ပင်တွေသာရမယ်။

မိမိကိုယ်ကို တန်ဖိုးထားပြီး နေ့စဉ်နေ့တိုင်း ကိုယ့်စိတ်ထဲက ဥယျာဉ်ကြီးထဲမှာ လှပမွှေးပျံ့တဲ့ ပန်းတွေဝေဆာအောင် ပန်းပင်လေးတွေကို ဂရုတစိုက် ပျိုးထောင် ပြုစုစိုက်ပျိုးပါလေ။

ငါဟာ မိမိကိုယ်ကို ကောင်းအောင်စီမံနိုင်သလို လောကကိုလည်း သာယာလှပအောင် လူအများနဲ့ လက်တွဲ ပြီး ကောင်းကောင်းကြီး တည်ဆောက်နိုင်တဲ့လူ။ ဒါကြောင့် ဒီလိုခေါင်းဆောင်ကောင်းတွေရဲ့ လက္ခဏာမျိုးတွေလည်း မိမိမှာ ပြည့်စုံအောင်၊ ရှိနေအောင် ပျိုးထောင်လေ့ကျင့်နေမယ်လို့ စိတ်ကူးရင် မကောင်းပေဘူးလား။

**ခေါင်းဆောင်ရဲ့လက္ခဏာ**

၁။ ရိုးသားဖြောင့်မတ်ခြင်း
၂။ အမြော်အမြင်ရှိခြင်း
၃။ တရားမျှတခြင်း
၄။ ပေးဝေထောက်ပံ့တတ်ခြင်း
၅။ အမှန်တရား မြတ်နိုးတတ်ခြင်း
၆။ သဘောထားကြီးမြင့်ခြင်း
၇။ ဉာဏ်ရည်ထက်မြက်ခြင်း
၈။ စိတ်ကူးစိတ်သန်းကောင်းခြင်း
၉။ ယှဉ်ပြိုင်ရင်ဆိုင်ရဲခြင်း
၁၀။ ယုံကြည်အားကိုးရခြင်း

စာရေးသူရဲ့ ဆန္ဒကို နိဂုံးမှာ ဖော်ပြချင်ပါသေးတယ်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ အနာဂတ်မြန်မာနိုင်ငံကို လှပသာယာစေချင်တာအမှန်သာဆိုရင် နိုင်ငံအဝန်း အမတ်နေရာ ၁၀၀၀ ကျော်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ အမတ်လောင်း ၆၀၆၅ ဦး အားလုံးတို့ဟာ မတရားမသမာအနိုင်ယူရခြင်းထက် မှန်ကန်တရားမျှတစွာ ရှုံးရခြင်းမျိုးကို ကျေနပ်ပျော်ရွှင်နိုင်တဲ့သူတွေချည်း ဖြစ်ကြပါစေဆိုတဲ့ စေတနာဆန္ဒပါ။ စေတနာကောင်းသူမှန်ရင်တော့ ကံကောင်းကြမှာပါ။ သင့်ရင်ထဲက ပန်းဥယျာဉ်ကို လှပစေချင်ပါတယ်။

---

### ပန်းရန်နှင့်လက်သမား အတတ်ပညာ သင်တန်းဖွင့်

**တွန်းဇံ အောက်တိုဘာ ၂၄**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ကွပ်ကဲမှုဖြင့် တွန်းဇံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ကျေးရွာများ ပြန်လည်ထူထောင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်နှင့် လက်သမားအတတ်ပညာသင်တန်းများကို နတ်ဇံကျေးရွာအုပ်စု နတ်ဇံ(သ) ကျေးရွာ၌ အောက်တိုဘာ ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်မင်းထွေးက အမှာစကားပြောကြားပြီး တွန်းဇံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထောင်းဆွင်းမုန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးရွာများမှသင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာ ၃၁ ရက်အထိ ရက်ပေါင်း ၁၂ ရက်ကြာ ရေဘေးသင့်ကျေးရွာများပြန်လည်ထူထောင်ရန်အတွက် အထောက်အကူပြုစေမည့် ပန်းရန်နှင့်လက်သမားအတတ်ပညာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အကြိမ်(၇၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အကြိမ်(၇၀)မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားကို ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက် စနေနေ့ နံနက် ၁၀ နာရီက ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက်ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မာရ်အောင်ပရိယတ္တိစာသင်တိုက် ဂန္ထဝါစကပဏ္ဍိတ နေပြည်တော်သံဃနာယကအဖွဲ့ဝင် ဆရာတော်ဘဒ္ဒန္တပဏ္ဍဝနှင့် သံဃာတော်ကိုးပါး၊ ပျဉ်းမနားမြို့ နံတော်စဉ်ကျောင်းတိုက်မှ သံဃာတော်ကိုးပါး စုစုပေါင်း ၁၉ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားကို အစီအစဉ်ရှစ်ရပ်ဖြင့်ကျင်းပခဲ့ပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် ပူဇော်ခဲ့ကြသည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အကြိမ်(၇၀)မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ငါးရက်တိုင်ကျင်းပ သွားမည်ဖြစ်၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါကြောင်း သိရသည်။ **သီဟန်သိန်း**

# ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး နဝမအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂဝတီရပ်ကွက်တွင် တည်ထားကိုးကွယ်ထားရှိသော ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ နဝမအကြိမ် မသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စေတီတော်ပရိဝုဏ်အဘိသန္ဓေဗိမာန်တော် မဟာမြတ်မုနိရုပ်ရှင်တော် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဝိဇိတာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒအမှူးပြုသောအရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်(ဌာနကြီးမှူး) ဦးအောင်ကျော်ငြိမ်နှင့် ဌာနမှူးများ၊ တာဝန်ရှိသူများ၊ အနီးဝန်းကျင်ရှိ အဆောင်နေ ဝန်ထမ်းများ၊ ဝတ်ရွတ်အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို ဆရာတော်သံဃာတော်များဦးဆောင်၍ ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကာ အလှည့်ကျ ပဌနဘာဏက သံဃာတော်က မဟာပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ် ပူဇော်ခဲ့ပြီး ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဧည့်လမ်းညွှန်သင်တန်းဆင်းပွဲနှင့် ဟိုတယ်သစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းအမှတ်စဉ်(၄၉)ဆင်းပွဲကို အောက်တိုဘာ ၂၃ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဌေးအောင် တက်ရောက် အမှာ စကားပြောကြားပြီး ထူးချွန်ဆု ရရှိသူများကို ဆုများချီးမြှင့် သည်။

ပြည်ထောင်စု ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဗီယက်နမ်နိုင်ငံ Hoang Anh Gia Lai က ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ပြီးစီးသည့် MELIA Yangon Hotel ဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်အမှာစကားပြော ကြားသည်။




ထို့နောက် HAGL Group မှ CEO Mr. Vo Truong Son က ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံ အမတ်ကြီး H.E. Pham Thanh Dung က မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာသည် နှင့်အမျှ မြန်မာနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ကို ပိုမိုအဓွန့်ရှည်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က MELIA Yangon Hotel ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေး ဆိုင်ရာ အသိပညာများကို စက်တင်ဘာ ၇ ရက်မှစ၍ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် ဌာနကြီးများသို့ သွားရောက်ဆွေးနွေးဟောပြောလျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းတို့အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်မှ ဝန်ထမ်း ၆၀၊ အမျိုးသားလွှတ်တော်မှ ဝန်ထမ်း ၅၀၊ ပြည်သူ့လွှတ်တော်မှ ဝန်ထမ်း ၁၀၀ စုစုပေါင်း ၂၁၀ တို့ကို လွှတ်တော်ဝင်း ဇမ္ဗူသီရိဆောင်၌လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သောအဖွဲ့သည် နံနက်ပိုင်း၌ နိုင်ငံတော်သမ္မတရုံးမှ ဝန်ထမ်း ၅၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဝန်ထမ်း ၉၀ စုစုပေါင်းဝန်ထမ်း ၁၄၀ တို့ကို နိုင်ငံတော်သမ္မတရုံး၌ လည်းကောင်း၊ ညနေပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဗိုလ်မှူးချုပ်တစ်ဦး၊ ဗိုလ်မှူးကြီး ၁၄ ဦး၊ ဒုဗိုလ်မှူးကြီး ၃၈ ဦး အပါအဝင် အရာရှိ ၂၅၄ ဦး၊ အခြားအဆင့်စစ်မှုထမ်း ၃၀၀ စုစုပေါင်း ၅၅၄ ဦးတို့ကို နဝဒေးခန်းမ၌ လည်းကောင်း ဆွေးနွေးဟောပြောမှုများ ပြုလုပ်ခဲ့ကြ သည်။ ဆွေးနွေးဟောပြောရာတွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် လုပ်ဆောင်ချက်များ၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး လက်ခံကျင့်သုံးလျက် ရှိသည့် ကလေးသူငယ်အခွင့် အရေးဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီး များအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များအကြောင်းကို ဆွေးနွေးခဲ့ကြောင်းနှင့် ယခုဟောပြောမှုများအပါအဝင် ဌာနကြီးပေါင်း ၄၀ ကို ဟောပြောခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပေ ၂၄၀ အရှည်ရှိ ပုလောကုန်း-ဝက်တိုးတံတားဖွင့်

**ပုလော အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ပုလောကုန်း-ဝက်တိုး တံတားဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က အမှာ စကားပြောကြားသည်။

ယင်းနောက် ပုလောကုန်း-ဝက်တိုးတံတားဖွင့်ပွဲ အထိမ်းအမှတ် ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနား ကို အဆိုပါတံတားမုခ်ဦး၌ ဆက်လက်ကျင်းပရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး၊ ပုလောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းနှင့် ပုလောမြို့နယ် လူရည်ချွန် မအေးသဉ္ဇာခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များက ကမ္ပည်း ကျောက်တိုင်အား နံ့သာရည်ပက်ဖျန်း ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပုလောကုန်း-ဝက်တိုး တံတားသည် ပုလောမြို့နယ်၏ အသက်ဖြစ်ပြီး နန်းတောင်၊ ပုလော ကုန်း၊ ပုလောဖျား၊ ရှမ်းဒွတ်၊ မီးကျောင်း သိုက်စသည့် ကျေးရွာအုပ်စု(၅)အုပ်စု ရှိ ကျေးရွာ ၂၅ ရွာနှင့် ဆက်စပ်လျက် ရှိပြီး အိမ်ထောင်စုပေါင်း ၁၉၅၇ စု၊ လူဦးရေ ၉၂၉၀ ကို လူမှုစီးပွား ကျန်းမာရေး၊ ပညာရေးတို့ကို များစွာ အကျိုးပြုနိုင်မည်ဖြစ်သည်။

ယခင်က အဆိုပါ တံတားသည် သစ်သားတံတားဖြစ်ရာ ပုလော မြို့နယ်သည် မိုးများသောဒေသ ဖြစ်သည်နှင့်အညီ နှစ်စဉ်တံတား ကျိုးကျပျက်စီးမှုများရှိခဲ့၍ ပြင်ဆင် ခဲ့ရပြီး ငွေကြေးအကုန်အကျများ ခဲ့ရာမှ ယခုအခါ သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးခဲ့ရာ အဆိုပါဒုက္ခတို့မှလွတ်ကင်း၍ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ရာ ယခုလို တံတားကြီးတစ်စင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပေး ပါသော နိုင်ငံတော်သမ္မတကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ နှင့်တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ပါကြောင်း ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးစံဝင်းက ပြောကြား သည်။

အဆိုပါတံတားကို (၁၁-၁၀-၂၀၁၄)တွင် စတင်တည်ဆောက်ခဲ့ပြီး (၃၀-၅-၂၀၁၅)တွင် ပြီးစီးသည်။ တံတားအရှည်မှာ ပေ ၂၄၀၊ အကျယ် ၁၄ ပေ၊ အမြင့်ပေ ၂၀ရှိပြီး ဘိုးပိုင် သံမဏိရက်မသံကူကွန်ကရစ်တံတား ဖြစ်ကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံ ငွေမှကျပ်သန်းပေါင်း ၅၄၀ ကုန်ကျခဲ့ ကာ နေတိုင်းကျော်ကုမ္ပဏီက တာဝန် ယူတည်ဆောက်ခဲ့ကြောင်း သိ ရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကယားပြည်နယ် ပြည်နယ်ခန်းမသစ်ဖွင့်ပွဲ လွိုင်ကော်မြို့၌ကျင်းပ



**လွိုင်ကော် အောက်တိုဘာ ၂၄**

ကယားပြည်နယ် ပြည်နယ်ခန်းမသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ခန်းမသစ်ကြီးကို ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲရှင်အဖွဲ့ဝင် ကယားပြည်နယ်တာဝန်ခံ ဦးစိုင်းခမ်းဝင်းနှင့် လွိုင်ကော်မြို့ မြို့မိမြို့ဖ ဦးခီးရယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့တော်ခန်းမသည် ၁၉၉၂ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး သက်တမ်းအားဖြင့် ၂၃ နှစ် ရှိခဲ့ပြီဖြစ်ကြောင်း၊ လူဦးရေ ပိုမိုတိုးတက်လာပြီး မြို့တော်လွိုင်ကော်တွင် ခံ့ညားထည်ဝါပြီး အဆင့်မြင့်ခန်းမဆောင်သစ်တစ်ခု လိုအပ်နေသည့်အတွက်ကြောင့် ခန်းမဆောင်သစ်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နန်းအေးရိပ်ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်နန်းစန်းစန်းအေးက ခန်းမသစ်တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ် ရေဘေးသင့်ဒေသရှိမူကြိုကျောင်းပြန်လည်ဆောက်လုပ်ရန် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ သွားရောက်လှူဒါန်း

**ညောင်တုန်း အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ရေဘေးသင့်ဒေသများဖြစ်သော ပါလှဲ့ကျေးရွာရှိ အထက်တန်းကျောင်းခွဲမှ မူကြိုကျောင်း ပြန်လည်ဆောက်လုပ်ရန်အတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် နံနက်က သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါမူကြိုကျောင်းသည် လက်ရှိအနေထားအရ ဝါးခင်း၊ ဝါးကာ၊ ဓနိမိုးဖြင့် ကလေးငယ် ၂၁ ဦးအား ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ယင်းကျောင်းကို ကွန်ကရစ်အဆောက်အအုံဖြင့် ဆောက်လုပ်မည်ဆိုပါက ငွေကျပ်သိန်း ၆၀ ကျော်ကုန်ကျမည်ဖြစ်သည်။ ကျေးလက်ဒေသရှိ ငယ်ရွယ်နုနယ်သော မူကြိုအရွယ်ကလေးငယ်များကို စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ အသိပညာပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုစုပေးနိုင်ရေးတို့ကိုရည်ရွယ်၍ အလျား ၃၅ ပေ၊ အနံ ၁၈ ပေရှိ တစ်ထပ်ကွန်ကရစ် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်(ဗဟို)က လှူဒါန်းသော ရေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၁၀ သိန်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြမြမော်နှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးရွှေကျီးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



## ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု အမကကျောင်းဆောင်သစ်လွှဲပြောင်း

**ဟိုပုံး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ)အဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် စေတနာအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ်ခဲ့သော ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု သက်သာကျေးရွာ သက်သာအခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအား အောက်တိုဘာ ၂၂ ရက်က သက်သာ အခြေခံပညာမူတလန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ဝင် ဦးခွန်အေးမောင်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ စာရွက်စာတမ်းများကို စေတနာအဖွဲ့ စီမံကိန်းဒေသ ဒါရိုက်တာက လွှဲပြောင်းပေးအပ်ရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကိုကိုကလည်းကောင်း၊ စေတနာအဖွဲ့က ပေးအပ်သော ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၄၂ သိန်းကို စီမံကိန်းဒေသ ဒါရိုက်တာက ပေးအပ်ရာ ကျေးရွာဒေသ ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်ကလည်းကောင်း လက်ခံယူပြီး ကျေးရွာဒေသခံ ရပ်မိရပ်ဖတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ **နန်းဦးခမ်း(ဟိုပုံး)**

## မော်ချီးဒေသ ပြန်လည်ထူထောင်ရေးအတွက် နောင်ချိုမြို့မှ ဆောက်လုပ်ရေးပစ္စည်းများ သွားရောက်လှူဒါန်း

**နောင်ချို အောက်တိုဘာ ၂၄**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကယားပြည်နယ် မော်ချီးဒေသ၌ မြေပြိုကျသဖြင့် နေအိမ်များနှင့် လူများ ထိခိုက်သေဆုံးမှုများဖြစ်ပွားခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် စေတနာမွန် လူမှုကူညီရေးအသင်းမှ ဦးနေဦးသာ ဦးဆောင်၍ အသင်းဝင်များက သွပ်အချပ် ၆၀၀၊ ဘိလပ်မြေ အိတ် ၁၈၀၊ သံရောရာ ဖာ ၄၀ ၊ တန်ဖိုးငွေကျပ် သိန်း ၅၀ ကို နောင်ချိုမြို့မှ မော်တော်ယာဉ်များဖြင့် အိမ်ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်ကာ အသင်းသား ၂၀ ဖြင့် အောက်တိုဘာ ၂၃ ရက်က ကယားပြည်နယ် မော်ချီးဒေသသို့ သွားရောက်လှူဒါန်းရန် ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## တောင်ကုတ်၊ သံတွဲမြို့များသို့ ဒေသဖွံ့ဖြိုးရေးကွင်းဆင်း

**စစ်တွေ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးမြအောင်သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက တောင်ကုတ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့်အခမ်းအနားတွင် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသ၏လိုအပ်ချက်များကို ခေတ္တပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် တောင်ကုတ်ချောင်းကမ်းပါးပြိုကျပျက်စီးမှုကို ချောင်းထိန်းနံရံတည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခေတ္တပြည်နယ်ဝန်ကြီးချုပ်သည် ကင်းမော်ကျေးရွာ ဆိပ်ခံတံတားတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သိမ်ကုန်းကျောင်းဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး အကျိုးပြု ဘက်စုံသက်မွေးပညာသင်တန်းဆင်း

**ဟင်္သာတ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့၌ ရေဘေးသင့်ဒေသ ပြန်လည် ထူထောင်ရေးအတွက် အကျိုးပြုမည့် ဘက်စုံသက်မွေး ရက်တိုသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက အစိုးရနည်းပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားခြင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားခြင်း၊ လက်တွေ့အသုံးချ ပန်းရန်ပညာသင်တန်း၊ လယ်ယာသုံးစက်ပစ္စည်း ကိရိယာများ ကိုင်တွယ်အသုံးပြုပုံ သင်တန်းနှင့် အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်း လုပ်ငန်း သင်တန်းတက်ရောက် ပြီးမြောက်သော သင်တန်းသားများအား နည်းပြဆရာ ဆရာမများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်း၊ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခြင်းများ ပြုလုပ်ကြသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဟင်္သာတမြို့နယ်တွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် ဒေသများမှ သင်တန်းသား ၅၃ ဦးကို စာတွေ့ လက်တွေ့ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အစိုးရအထက်တန်းကျောင်း(ဟင်္သာတ) POLYTECHNIC CENTER ဘက်စုံသက်မွေးပညာသင်ဌာနမှ လာမည့်နိုဝင်ဘာလဆန်းပိုင်းတွင် အခြေခံအီလက်ထရွန်နစ်သင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်း အပတ်စဉ်(၃)ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ သင်တန်း တက်ရောက်လိုသူများ အနေဖြင့် မှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံတစ်ပုံယူဆောင်၍ ဘက်စုံသက်မွေးပညာဌာနသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

✻ ကျောဖုံးမှ

ထို့နောက် မူဆယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဖိုးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်၊ ဟိုမွန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းသိန်းကျော်နှင့် ဒေသခံပြည်သူ ဦးစိုင်းနွမ်လောင်တို့က လျှပ်စစ်မီးသုံးစွဲမှု၊ ရေသန့်ရရှိမှု၊ မီးဘေးကာကွယ်မှု၊ လုံခြုံရေးစီမံထားမှု၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ပြီး New Star Light ကုမ္ပဏီမှ တာဝန်ရှိသူများ၊ GMES မှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ဟိုတယ်စီမံကိန်းနေရာဝန်းကျင်ရှိ တော်ရွက်ရပ်ကွက် ဟိုဆောင်၊ ဖွေဟုန်းနှင့် တော်ရွက်နယ်မြေများမှ ဒေသခံပြည်သူများ၊ သတင်းမီဒီယာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အဆိုပါ ဟိုတယ်စီမံကိန်းသည် ရွှေလီမြစ်ကမ်းဘေးတွင် တည်ဆောက်နေသော မူဆယ်ဗဟိုစီးပွားရေးဇုန်အတွင်း တည်ရှိကာ သဘာဝအလှအပများရှိသော နေရာဖြစ်သောကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် တည်ဆောက်ရေးလုပ်ငန်းများမှ ဘေးထွက်ဆိုးကျိုးများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ဒေသခံပြည်သူများအတွက် ထိခိုက်နစ်နာမှုများမရှိစေရန် ယခုကဲ့သို့ တတ်ကျွမ်း နားလည်သူများနှင့် လေ့လာဆန်းစစ်ပြီး ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သဖြင့် ကြိုဆိုကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**သိန်းဇော်(ရွှေလီဦး)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်း ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၁၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (လူသစ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သာကေတမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ် ပိုက်ကျော်ခြင်းအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပံ့ပိုးကူညီပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တာဝန်ရှိသူများက အကောင်းဆုံးအားကစားသမား ဆုရရှိသော သာကေတမြို့နယ် ပိုက်ကျော်ခြင်းအသင်းမှ တင်မောင်လတ်၊ တတိယဆုရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် ပိုက်ကျော်ခြင်းအသင်း၊ ဒုတိယဆုရရှိသာ ဗိုလ်တထောင်မြို့နယ် ပိုက်ကျော်ခြင်းအသင်းနှင့် ပထမဆုရရှိသော သာကေတမြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဲရုံမှူး၊ ဒုမဲရုံမှူးများ လုပ်ငန်းဆောင်ရွက်မှု သင်တန်းဖွင့်

**ဠ အောက်တိုဘာ ၂၄**

ဂွမြို့နယ်တွင် မဲရုံမှူး၊ ဒုမဲရုံမှူးများ လုပ်ငန်းဆောင်ရွက်ပုံ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက်က ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂွမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျန်သီးအောင်က ရွေးကောက်ပွဲဆိုင်ရာအတွေ့အကြုံများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်တို့ကို မှာကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးထွန်းအေးကျော်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက မဲရုံမှူး၊ ဒုမဲရုံမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေး၊ မင်တို့ပေးသူတို့၏ လုပ်ငန်းတာဝန်ခွဲဝေမှုများကို စစ်ဆေးခြင်း၊ စောင့်ကြည့် လေ့လာသူများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၏ အခန်းကဏ္ဍဆောင်ရန်၊ ရှောင်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ မဲရေတွက်ခြင်း၊ ရေတွက်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မဲရေတွက်ခြင်းနှင့် အထုပ်ထုတ်ခြင်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ ဂွမြို့နယ်အတွင်းရှိ မဲရုံပေါင်း ၈၅ ရုံ၊ ကျိန္တလီမြို့အတွင်းရှိ မဲရုံပေါင်း ၅၁ ရုံ စုစုပေါင်း မဲရုံ ၁၃၆ ရုံမှ မဲရုံမှူး၊ ဒုမဲရုံမှူးများ ၁၇၀ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

# အာရှဖွံ့ဖြိုးမှုဘဏ်ချေးငွေဖြင့် မအူပင်-ကျိုက်လတ်-ဖျာပုံကားလမ်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်

**ဖျာပုံ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် အာရှဖွံ့ဖြိုးမှုဘဏ် (A.D.B) ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် မအူပင်-ကျိုက်လတ်-ဖျာပုံကားလမ်းမကြီးကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် စီမံကိန်းနှင့် ပတ်သက်သော ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် စီမံကိန်းဆိုင်ရာ အချက်အလက်များကို လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးအောင်မြင့်ဦးက မအူပင်စက်မှုဇုန်မှ ဖျာပုံ၊ ဘိုကလေးလမ်းဆုံအထိ ၅၄ ဒသမ ၅ ကီလိုမီတာ အရှည်ရှိ ကားလမ်းမကြီးကို နိုင်လွန်ကတ္တရာ နှစ်လမ်းသွားအဖြစ် အဆင့်မြှင့်တည်ဆောက်မည်ဖြစ်ပြီး ကျိုက်လတ်နှင့် ဖျာပုံမြို့တွင်း ကားလမ်းကိုကွန်ကရစ်လမ်းအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ ကျိုက်လတ်မြို့နယ်နှင့် ဖျာပုံမြို့နယ်တွင်း ကားလမ်းမကြီးပေါ်ရှိ ဉယျာဉ်ချောင်းတံတား ၂၆ ဒသမ ၃ ကီလိုမီတာတွင် လက်ရှိ ဘေလီတံတားအား ဖယ်ရှား၍ မြေသားတာပေါင်အားချဲ့ပြီး သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ ကျီးချောင်းတံတား ၂၈ ဒသမ ၄ ကီလိုမီတာနှင့် ဘုရားချောင်းတံတားကို အဆင့်မြှင့်ကွန်ကရစ် နှစ်လမ်းသွားတံတားအဖြစ်သို့ အဆင့်မြှင့်တည်ဆောက်သွားမည်ဖြစ်ပြီး အခြားသော တံတားများတွင် မြေသားတာပေါင်နှင့် ချဉ်းကပ်လမ်းများအား ပြုပြင်တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ယခုစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Project Management Unit က စီမံဆောင်ရွက်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းသည် ကန်ထရိုက်တာနှစ်ဦးနှင့် ချုပ်ဆိုထားသော စာချုပ်နှစ်ခု၏ အောက်တွင် စနစ်တကျဖွဲ့စည်းထားခြင်းဖြစ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခု အဆင့်မြှင့်တည်ဆောက်မည့် မအူပင်၊ ဖျာပုံကားလမ်းမကြီးအား ယခုအချိန်မှစတင်၍ လာမည့် ၂၀၁၈ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးသွားပါက ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ ပြည်သူများ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအတွက် လူမှုစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **(ဝ၇၁)**



**အမေရိကန်နိုင်ငံမှ RedFoo နှင့်အဖွဲ့ ဖျော်ဖြေစဉ်။** (ဓာတ်ပုံ-မိုးမခ)

✻ ရှေ့ဖုံးမှ

ပြန်လည်ထူထောင်နိုင်စေဖို့ လှူဒါန်းသွားမှာဖြစ်ပါတယ်။ Redfoo အနေနဲ့လည်း ရေဘေးသင့်ပြည်သူတွေကို ပါဝင်လှူဒါန်းသွားဦးမှာပါ”ဟု ပွဲဖြစ်မြောက်ရေးကို အဓိကဦးဆောင်သည့် ကိုတယ်ရီတင်က ပြောကြားသည်။

ယခုကျင်းပမည့် အပြည်ပြည်ဆိုင်ရာ တေးဂီတဖျော်ဖြေပွဲကြီးကို စိတ်ပါဝင်စား ကြည့်ရှုလိုသည့် ပြည်သူများအတွက် လက်မှတ်ခ ဈေးနှုန်းများမှာ ငွေကျပ် ငါးသောင်း၊ တစ်သိန်း၊ သုံးသိန်း၊ ငါးသိန်းနှင့် အထူးတန်းကို ခုနစ်သိန်း သတ်မှတ်ရောင်းချခဲ့သည်။

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၁) ရပ်ကွက် လှော်ကားလမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ ဗဟိုစည်ဈေး၌ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၁)ရပ်ကွက် လှော်ကားလမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ ဗဟိုစည်ဈေး၌ ယာဉ်မောင်း နေလင်းအောင်နှင့် ခင်မောင်ဝင်းတို့ ဆိုင်ခန်းငှားရမ်းခငွေကြေး တောင်းခံရာမှ အချင်းချင်းစကားများပြီး ခင်မောင်ဝင်းက နေလင်းအောင်ကို ဓားဖြင့်ထိုးခဲ့ရာ နေလင်းအောင်အား စံပြဆေးရုံသို့ပို့ဆောင်စဉ် လမ်းခရီးတွင်သေဆုံးသွားခဲ့သည်။

အဆိုပါသေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ နေလင်းအောင်၏ ဇနီးဖြစ်သူ ဒေါ်လဲ့လဲ့ထွန်းက တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းသို့ တိုင်ကြားရာ စခန်းမှူးဒုတိယရဲမှူး မောင်မောင်ဦးက အဆိုပါအမှုကို လက်ခံဆောင်ရွက်လျက်ရှိပြီး ယင်းလူသတ်မှုကို ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏စီမံညွှန်ကြားမှုဖြင့် အထူးတပ်ဖွဲ့၊ စခန်းမှူး၊ မြို့နယ်မှူး၊ နယ်ထိန်းခေါင်းဆောင်အရာရှိတို့က ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ **စန်းမောင်**

# နောင်ချိုမြို့အဝင် စစ်ဆေးရေးဂိတ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**နောင်ချို အောက်တိုဘာ ၂၄**

နောင်ချိုမြို့အဝင် မူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၂၄)မှ နောင်ချို(လှုပ်ရှား) တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်နေစဉ် ကျောက်မဲမြို့ဘက်မှ မောင်းနှင်လာသည့် ယာဉ်အမှတ် 9C /---- မတ်တူးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းသူနှင့် ဘေးမှစီးနင်းလိုက်ပါလာသူတို့နှစ်ဦးက အစစ်ဆေးမခံသောကြောင့် မူးယစ်တပ်ဖွဲ့ဝင်များက မသင်္ကာ၍ လုံးထွေးဖမ်းဆီးခဲ့ရသည်။ ထိုစဉ် တစ်ဦးက လွယ်ထားသော လွယ်အိတ်အတွင်းမှ အသင့်ပါလာသည့် ၉-မမ ပစ္စတိုသေနတ်ဖြင့် ခုခံပစ်သဖြင့် နောင်ချိုမြို့မရဲစခန်းမှ လုံခြုံရေးတာဝန်ကျ တပ်ကြပ်ကြီး သာအိုးက M-22 သေနတ်ဖြင့် တစ်ချက် ပြန်လည်ပစ်ခတ်ရာ သေနတ်ဖြင့် ခုခံသူမှာ ယာဉ်ပေါ်သို့ ပြေးတက်ကာ မောင်းနှင်ထွက်ပြေးသွားပြီး အေးရွာဝေါလ်ဂိတ်မောင်းတံကိုတိုက်ကာ ပြင်ဦးလွင်မြို့ဘက်သို့ ထွက်ပြေးမောင်းနှင်သွားခဲ့သည်။

သေနတ်ဖြင့် ခုခံထွက်ပြေးသွားသူကို နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူးကြီးကြပ်ကာ မြို့မရဲစခန်းမှူး၊ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ ကြိုးပမ်းဆောင်ရွက်ကြရာမှ သေနတ်ဖြင့် ပစ်ခတ်ခုခံ ထွက်ပြေးသွားသော ဝင်းနိုင်ထွန်း (၃၁)နှစ်ကို နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအုပ်စု ငုက္ကလေးကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ကြာရိုင်းတောထဲတွင် သက်သေခံ မတ်တူးယာဉ်၊ ပစ္စတိုတစ်လက်၊ ကျည် ခုနစ်တောင့်၊ လက်ကိုင်ဖုန်း တစ်လုံးတို့နှင့်အတူ ယာဉ်၏ရှေ့ခန်းတွင် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

**(ဝ၆၁)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# မြန်မာစကား-မြန်မာစာ အပြန်အလှန်ဆက်သွယ်မှု (၃)

မောင်ခင်မင် (ဓနုဖြူ)

"စကားနဲ့ စာမှာ စကားက စာထက်အရင်းခံကျတယ်ဆိုတာ တို့ပတ်ဝန်းကျင်မှာ တွေ့မြင်နေရတဲ့ သာဓကတွေကြည့်ရုံနဲ့ လွယ်လွယ်ကူကူသိနိုင်ပါတယ်ကွယ်"

"ဘယ်လိုသာဓကတွေပါလဲ ဆရာကြီး"

"ကဲ . . . သမီးကို ဆရာမေးမယ်။ သမီးက စကားအရင်တတ်တာလား၊ စာအရင် တတ်တာလား"

"ရှင် . . . စကားအရင်တတ်တာပါ ဆရာကြီး။ စာကတော့ ကျောင်းစနေမှတတ်တာပါ"

" သားရော"

"သားလည်း ဒီလိုပါပဲဆရာကြီး"

"လူတိုင်းလည်း သားတို့သမီးတို့လိုပဲ စကားအရင်တတ်ပြီးမှ စာတတ်တာပါ။ ဘယ် ဘာသာစကားပြောတဲ့လူမျိုးပဲဖြစ်ဖြစ် နှစ်နှစ်၊ သုံးနှစ်အရွယ်မှာ စကားစပြောတတ်တာပဲလေ။ စာကတော့ စကားတတ်ပြီးတဲ့နောက် ကျောင်းနေတဲ့အရွယ်မှာ သင်ပေးမှ တတ်တာမဟုတ်လားကွယ်"

"ဟုတ်ပါတယ် ဆရာကြီး"

"ပြီးတော့ . . . ဘယ်လူမျိုးပဲဖြစ်ဖြစ် မွေးကတည်းက အ , နေတဲ့ သူမဟုတ်ရင် စကား ပြောတတ်တာချည်းပဲလေ။ အဲ . . . စာကျတော့ လူတိုင်းတတ်သလားကွယ်"

"မတတ်ပါဘူး ဆရာကြီး"

"အေး . . . တချို့ဆိုရင် အသက်ကြီးပြီး သေသွားတဲ့အထိ စာတတ်မသွားဘူး။ အသက် ကြီးတဲ့ သူတွေထဲမှာ စာမတတ်သူတွေရှိနေလို့ အသုံးလုံးသင်တန်းတွေ ဖွင့်ရတာမဟုတ်လားကွယ်"

"ဟုတ်ပါတယ် ဆရာကြီး။ သမီးတို့တောင် အသုံးလုံးသင်တန်းမှာ လုပ်အားပေးဖူးပါတယ်"

"အေး . . . စကားက စာထက်အရင်းခံကျတယ်ဆိုတာ အဲဒီသာဓကတွေက အထင်အရှားပြနေတာပေါ့ကွယ်။ ပြီးတော့ ဒီနေ့ကမ္ဘာပေါ်မှာ စာမရှိသေးတဲ့ ဘာသာစကားတွေ အများကြီးရှိနေသေးတယ်။ စာမရှိတဲ့ လူမျိုးတွေရှိပေမယ့် စကားမရှိတဲ့ လူမျိုးရယ်လို့တော့ ဘယ်ရှိပါ့မလဲကွယ်။ ရှိတယ်ဆိုရင်လည်း ပုံပြင်တွေထဲမှာပါတဲ့ 'လူအတို့ တိုင်းပြည်' ပဲ ဖြစ်မှာပေါ့နော်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ချက်ပြောဦးမယ်။ လူတစ်ယောက်ကို ဓာတ်ပုံအမျိုးမျိုးရိုက်နိုင်သလိုပဲ။ ဘာသာစကားတစ်ခုကိုလည်း စာအရေးအသားစနစ်အမျိုးမျိုးနဲ့ ရေးလို့ရတယ်ကွဲ့"

"ရှင်းပြပါ ဆရာကြီး"

"ထင်ရှားတဲ့ သာဓက ကတော့ ဂျပန်စကားပဲ။ ဂျပန်စကားဆိုတာ တစ်မျိုးတည်းပဲ။ ဒါပေမယ့် ဒီဂျပန်စကားကို စာအရေးအသားစနစ်သုံးမျိုးနဲ့ ရေးနေတယ်လေ"

" ဘယ်လိုပါလဲ ဆရာကြီး"

"ဂျပန်စာအရေးအသားသုံးမျိုးရှိတယ်။ 'ခ တ ခ နတဲ့' တဲ့၊ 'ဟိရဂန'တဲ့ ၊ နောက်ပြီးတော့ 'ခန်းဂျိ' တဲ့။ အဲဒီစနစ်သုံးမျိုးနဲ့ စကားတစ်မျိုးတည်းကို ရေးနေတာလေ"

"ကျွန်တော့်အစ်ကိုက ဂျပန်ဘာသာနဲ့ ဘွဲ့ရထားလို့ အဲဒီအကြောင်း အစ်ကို့ဆီက ကြားဖူးနေပါတယ် ဆရာကြီး"

"ကဲ . . . ဒါထက်ပိုပြီးမြင်သာတဲ့ သာဓကတစ်ခုပြောပါ့မယ်။ သမီးနာမည် မြင့်မြင့်နော်"

"ဟုတ်ပါတယ်။ မြင့်မြင့်ပါဆရာကြီး"

"အဲဒီ 'မြင့်မြင့်' ဆိုတဲ့စကားကို စာအရေးအသားဘယ်နှမျိုးနဲ့ သမီးရေးတတ်သလဲ"

"ဟင် . . . ဟို . . . တစ်မျိုးပဲ ရေးတတ်ပါတယ် ဆရာကြီး"

"ဟုတ်ရဲ့လား သေသေချာချာစဉ်းစားပါဦး။ ကဲ . . . သမီးနာမည်ကို အင်္ဂလိပ်လို ရေးရင် ဘယ်လိုရေးသလဲ။ ရေးပြစမ်းပါ"

"သြော် . . . . ဟုတ်သားပဲ၊ အင်္ဂလိပ်လိုလည်း ရေးတတ်ပါတယ်ဆရာကြီး" (Myint Myint ဟု ရေးပြသည်။)

"ဒီစနစ်က မြန်မာနာမည်တွေကို အင်္ဂလိပ်လို စာလုံးပေါင်းရာမှာ အစဉ်အဆက်ကျင့်သုံးတဲ့ စနစ်ပေါ့ကွယ်။ ကဲ . . . သားက ပြောပါဦး။ အဲဒီ 'မြင့်မြင့်'ဆိုတဲ့ စကားကို ရေးနိုင်တဲ့ တခြားစာအရေးအသားစနစ် တတ်သေးသလား"

"ဟုတ်ကဲ့။ သြော် . . . ပုဂံခေတ်က မြန်မာစာအရေးအသားစနစ်နဲ့ ရေးရင်လည်းရမယ်ထင်ပါတယ် ဆရာကြီး။ ကျွန်တော် ရေးပြပါ့မယ်"

( မ္လင့် မ္လင့် ဟု ရေးပြသည်။)

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ပုဂံခေတ်ကျောက်စာတွေမှာ ရေးတဲ့ ရှေးမြန်မာစာအရေးအသားစနစ်နဲ့ ရေးရင် အဲဒီလို ရေးရမှာပေါ့။ အခုခေတ် 'မြ'ကို ပုဂံခေတ်က 'မ္လ' လို့ အောက်က လဆွဲပြီးရေးတယ်။ အောက်မြစ်ကိုလည်း ခုခေတ်လို အစက်ကလေးမဟုတ်ဘဲ အောက်က အ အက္ခရာနဲ့ 'င့်'လို့ ရေးတယ်။ ဟုတ်ပါတယ်ကွယ်"

"နားလည်ပါပြီ ဆရာကြီး"

"စဉ်းစားကြည့်ပါဦး။ သားတို့ သမီးတို့ တတ်ထားတဲ့ စာအရေးအသားစနစ် နှစ်ခုတောင်ကျန်သေးတယ်"

"သြော် . . . ကျွန်တော်သိပြီ။ သဒ္ဒဗေဒ အက္ခရာနဲ့လည်း ရေးလို့ရပါတယ်။ ဆရာကြီး (mjĩ' mjĩ' ရေးပြသည်။)

"အေး IPA(International Phonetic Alphabet) လို့ခေါ်တဲ့အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာ စနစ်ဆိုတာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဘာသာစကားရဲ့အသံကိုမဆို တိတိကျကျရေးမှတ်နိုင်ဖို့ ပညာရှင်တွေတီထွင်ထားတဲ့ စနစ်မဟုတ်လား . . . ။ သားတို့ သမီးတို့သင်ရမှာပါ"

"သင်ရပါတယ်ဆရာကြီး"

"အဲဒီစနစ်နဲ့ရေးရင် 'မ'သံက m ၊ 'ယပင့်သံ'က j၊ အင်ဆိုတဲ့ သရသံကို n အပေါ်က အကောက်ကလေးနဲ့ ñ လို့ပြတယ်။ အောက်မြစ်သံကိုတော့နောက်က ' ဆိုတဲ့ သင်္ကေတနဲ့ပြတယ်။ အဲဒီလို ခွဲကြည့်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ . . . နောက်တစ်မျိုးရော သတိထားမိသေးသလား"

"သမီးတို့ဂုဏ်ထူးတန်းတုန်းက ကျောက်စာတွေကို ရောမအက္ခရာ ဖလှယ်တဲ့ စနစ်သင်ရပါတယ်။ အဲဒီစနစ်နဲ့လည်း ရေးလို့ရပါတယ်"

"ကဲ . . . အဲဒီစနစ်နဲ့ ရေးကြည့်ပါဦး"

"ဒီလိုပါဆရာကြီး( mraṅ,mraṅ,ဟုရေးပြသည်။)

"ဟုတ်ပါတယ်။ ဒါကမြန်မာအက္ခရာကို ရောမအက္ခရာနဲ့ အရေးဖလှယ်တဲ့စနစ်ပေါ့။ သဒ္ဒဗေဒအက္ခရာက အသံဖလှယ်တာ၊ ဒါက အရေးဖလှယ်တာ။ ဒီတော့ 'မ' ကို m ၊ ရရစ်ကို r၊ အသရကို a ၊ င သတ်ကို n အပေါ်က အစက်ကလေးနဲ့ ṅ ပေါ့၊ အောက်မြစ်အတွက်တော့ အောက်က , လေးပြရတယ်။ ဒါက အရေးဖလှယ်တဲ့စနစ်ပေါ့"

"နားလည်ပါပြီဆရာကြီး"

"ဒီတော့ သားတို့သမီးတို့ ခုတွေ့တဲ့အတိုင်း 'မြင့်မြင့်'ဆိုတဲ့မြန်မာစကားသံတစ်မျိုးတည်းကို စာအရေးအသားစနစ် ငါးမျိုးနဲ့တောင် သားရောသမီးရောရေးပြနိုင်တယ်ဆိုတာ အထင်အရှားပဲလေ။ ဆရာရော၊ သားရော၊ သမီးရော မတတ်တဲ့ တခြားစာအရေးအသားစနစ်တွေနဲ့လည်း ရေးလို့ရတယ်ဆိုတာ နားလည်နိုင်ပါတယ်ကွယ်။ တို့သုံးယောက်လုံး သိတဲ့စာအရေးအသားစနစ်ငါးမျိုးနဲ့ သိသာရုံသာဓက ပြတာပါ"

"နားလည်ပါပြီဆရာကြီး။ စကားသံတစ်မျိုးတည်းကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဂျပန်စာ၊ တရုတ်စာ စတဲ့ စာအရေးအသားအမျိုးမျိုးနဲ့ ရေးနိုင်တာမို့ စကားက စာထက် အရင်းခံကျတယ်ဆိုတာ ထင်ရှားပါတယ် ဆရာကြီး"

"အဲဒီလိုပြောလို့စာက အရေးမကြီးဘူးလို့ဆိုလိုတာမဟုတ်ဘူးဆိုတာလည်း သဘောပေါက်ဖို့လိုတယ်နော်။ စာလည်း သူ့ကဏ္ဍနဲ့သူ အရေးကြီးတာပဲလေ။ စာအရေးအသား ပေါ်ပေါက်လာလို့ လူ့ယဉ်ကျေးမှု အရှိန်အဟုန်နဲ့ တိုးတက်လာတာအမှန်ပါပဲ ။ စာတတ်ဖို့ စာဖတ်ဖို့အရေးကြီးတာလည်း အမှန်ပါပဲ။ စာထက် စကားက အရင်းခံကျတယ်ဆိုတာကို မှန်မှန်ကန်ကန် မြင်ဖို့လိုတယ်ဆိုတဲ့ အချက်ကိုပဲ အဓိကပြောချင်တာပါ"

"ဟုတ်ကဲ့ပါ"

"တစ်ချိန်က ဘာသာဗေဒ ပညာရှင်တွေထဲမှာလည်း 'စာအရေးအသားဆိုတာ ဘာသာစကားမဟုတ်ဘူး။ ဘာသာစကားကို မြင်သာအောင် ရေးမှတ်ထားတဲ့ အမှတ်အသားသာဖြစ်တယ်'ဆိုတဲ့ အစွန်းရောက်တဲ့ အယူအဆရှိဖူးတယ်။ အခုတော့ စကားသံကိုရော စာအရေးအသားကိုရော ဘာသာစကား အသွင်ကွဲတွေအဖြစ် အသိအမှတ်ပြုပြီး အပြောဘာသာစကား (Spoken Language) နဲ့ အရေးဘာသာစကား (Written Language) လို့ သုံးနေကြပါပြီ။ ဒါဟာ စကားနဲ့စာရဲ့ဆက်သွယ်မှုကို ပိုပြီးအလေးထားလာတဲ့ သဘောလို့ ဆိုနိုင်တာပေါ့ကွယ်။ ကဲ . . . တစ်ထောက်နားကြဦးစို့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

'သားတို့သမီးတို့လိုပဲ စကားအရင်တတ်ပြီးမှ စာတတ်တာပါ။ ဘယ် ဘာသာစကားပြောတဲ့ လူမျိုးပဲဖြစ်ဖြစ် နှစ်နှစ်၊ သုံးနှစ်အရွယ်မှာ စကားစပြောတတ်တာပဲလေ။ စာကတော့ စကားတတ်ပြီးတဲ့နောက် ကျောင်းနေတဲ့အရွယ်မှာ သင်ပေးမှတတ်တာမဟုတ်လား'

## ငါးမွေးတောင်သူများအား ငါးသားပေါက်များ ညောင်တုန်းမြို့နယ်၌ပေးအပ်

ညောင်တုန်း အောက်တိုဘာ ၂၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန၏ အစီအစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဖြစ်ပေါ်ခဲ့သော ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာငါးမွေးတောင်သူများအား ငါးသားပေါက်များထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ဇီးဖြူကျွန်းကျေးရွာ MBG စိုက်ပျိုးမွေးမြူရေးစခန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဝင်းက ဩဂုတ်လအတွင်း မြင့်တက်ခဲ့သောရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ငါးမွေးတောင်သူများအား ငါးသားပေါက်များထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ငါးမွေးတောင်သူများအား တာဝန်ရှိသူများက ကျေးရွာအုပ်စုအလိုက် ငါးသားပေါက်များကို ပေးအပ်သည်။

ငါးသားပေါက်များ ထောက်ပံ့ပေးအပ်လိုက်သောကျေးရွာများဖြစ်သည့် ရန်ကင်းစံရာ၊ အင်းမ၊ ပါလှဲ့၊ ဝဲဒေါင့်၊ ဆင်ထုံး၊ စွန်တနီး၊ ကုက္ကို၀၊ ကျောင်းစု၊ မဲဇလီ(ရွာဟောင်း)နှင့် သဇင်ရေကျော်ကျေးရွာအုပ်စုများမှ ပျက်စီးဆုံးရှုံးသွားသော ပမာဏမှာ ၅၀၉၀ ဒသမ ၉၉ ဧကဖြစ်ပြီး ကျန်ရှိသော ပျက်စီးဆုံးရှုံးသွားသည့် ငါးမွေးတောင်သူများအား ဆက်လက်၍ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)




ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီးရှိ အင်းစိန်ယာဉ်သွားလမ်းမကြီးကိုဖြတ်လျက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနောက်ပိုင်းခရိုင်အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တာဝန်ယူတည်ဆောက်လျက်ရှိသော လူသွားခုံးကျော်စကြံတံတားသည် ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေသည်ကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

မြင့်သန်းကြည်(ရွှေပြည်သာ)

## တနိုင်းမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

တနိုင်း အောက်တိုဘာ ၂၄

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကောင်ရာကျေးရွာ၌ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက သိပ္ပံနည်းကျ (GAP)စိုက်နည်းစနစ် ၁၄ ချက်ကို ပညာပေးရှင်းလင်းဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသနှင့်ကိုက်ညီပြီး အထွက်တိုးစပါးများ ဧကများများစိုက်ခြင်းဖြင့် တောင်သူများဝင်ငွေတိုးစေနိုင်ကြောင်း ပြောကြားခဲ့သည်။ စံကွက်ရိတ်သိမ်းရာ၌ တောင်သူဦးချစ်ထွန်း ဦးပိုင်အမှတ်(၅၉)၏ ဗီယက်နမ်စပါးစံပြကွက်စိုက်ဧက ငါးဧက၌ တစ်ဧကအခြေခံအထွက်နှုန်း ၁၄၅ ဒသမ ၆၁ တင်းနှင့် တောင်သူ ဦးကံမြင့် ဦးပိုင်အမှတ် (၅၉/၁)၏ ပုလဲသွယ်စပါးစံပြကွက် တစ်ဧက၌ စံကွက်ရိတ် သိမ်းရာ တစ်ဧကအခြေခံအထွက်နှုန်း ၁၄၀ ဒသမ ၈၇ တင်းထွက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံကြိုဆိုပွဲများကျင်းပ

**မိုင်းယောင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းအား ဒေသခံတိုင်းရင်းသားပြည်သူများက ထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် မြို့မအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှမ်းတိုင်းရင်းသား ဦးစိုင်းစောတင်က အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းတိုင်းရင်းသူ ဒေါ်နန်းမြမြလွင်နှင့် ရှမ်းတိုင်းရင်းသား ဦးစိုင်းခမ်းလူတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အောင်မြင်စွာ လက်မှတ်ရေးထိုးခြင်းအား ထောက်ခံခြင်း အဆိုကိုလည်းကောင်း၊ ဦးစိုင်းခန်က ထောက်ခံကြိုဆိုခြင်း အဆိုကိုလည်းကောင်း တင်သွင်းကြပြီး သဘာပတိက တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီခြင်းကို တောင်းခံရယူရာ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားပြည်သူများက တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ကျိုင်းတုံ**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့မအားကစားကွင်း၌ အောက်တိုဘာ ၂၄ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုဥက္ကဋ္ဌများ၊ NGO အဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။

**အေးမောင် (ကျိုင်းတုံ)**

**မိုးညို**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အခမ်းအနားအား အောက်တိုဘာ ၂၂ ရက်က ကျင်းပ၏၊ သဘာပတိ ဦးစောလွင်က တက်ရောက်လာကြ သူများ၏ သဘောထားကို မေးမြန်းရာ အားလုံးကသဘောတူထောက်ခံကြကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**



**ဇီးကုန်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက်က မြို့နယ်ခန်းမ၌ကျင်းပသည်။ ယင်းအခမ်းအနားတွင် ရွာရှောင်ကျေးရွာမှ ကရင်တိုင်းရင်းသား စောစီသား၊ လေးပုကုန်းကျေးရွာမှ ကရင်တိုင်းရင်းသား စောမင်းဇော်နှင့် တက်ရောက်လာကြသူများက ထောက်ခံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က မူဆယ်မြို့ လေယာဉ်ကွင်းဟောင်းမှ စုဝေးပြီး မူဆယ်မြို့တော်ခန်းမအထိ ပြည်သူများက ဗီနိုင်းပိုစတာကြီးများနှင့် လက်ကိုင်ပိုစတာများကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဖာပွန်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးပွဲအား ကရင်ပြည်နယ် ဖာပွန်မြို့နယ်ရှိ အဖွဲ့အစည်းပေါင်းစုံနှင့် ပြည်သူများ ထောက်ခံပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ခရိုင်စုပေါင်းရုံး ယွန်းစလင်းခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

**လှိုင်းဘွဲ့**

လှိုင်းဘွဲ့မြို့နယ်၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းအား လှိုင်းဘွဲ့မြို့နယ်ပြည်သူများက ဂုဏ်ပြုထောက်ခံပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က ကပ္ပလီကျေးရွာ၌ကျင်းပသည်။ အခမ်းအနားတွင် မဲဆမိတ်ဆရာတော် အရှင်စန္ဒာရေက သြဝါဒစကားမိန့်ကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၆၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**နမ့်ဆန်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက်က ဇယန်းကြီးဘုန်းကြီးကျောင်းဝင်း၌ ကျင်းပသည်။

ထောက်ခံပွဲအခမ်းအနားသို့ မြို့ပေါ်ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်သူများ၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုမှ ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

**ကွတ်ခိုင်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက်က ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဒေသခံ ဗမာတိုင်းရင်းသား ဦးသန်းလှိုင်က NCA စာချုပ်လက်မှတ်ရေးထိုးမှု ထောက်ခံအဆိုတင်သွင်းရာပြည်သူ ဦးသန်းနိုင်က အဆိုကို ထောက်ခံဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများထံမှ သဘောထားကို ရယူခဲ့ရာ တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

**ပေါင်းတည်**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့် အခမ်းအနားကို ရန်ကုန်-ပြည်လမ်းရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ သဘာပတိ ဦးရဲကျော်က အခမ်းအနားတက်ရောက်လာကြသူများထံမှ ထောက်ခံသဘောတူညီမှုကိုရယူရာ အားလုံးက သဘောတူကြောင်း တညီတညွတ်တည်း ထောက်ခံကြကြောင်း သိရသည်။

**တင်ဝင်းဇော်**

**တောင်ကြီး**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရှမ်းပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားကျင်းပခဲ့သည်။

ထို့နောက် ရှမ်းတိုင်းရင်းသား ဦးစိုင်းနွတ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံကြောင်းအဆို တင်သွင်းရာ ပအိုဝ်းတိုင်းရင်းသား ဦးခွန်မောင်မောင်ထွန်းက ထောက်ခံကြောင်း ဆွေးနွေးပြောကြားပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်ရပ်စဲရေးသဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးခြင်းအပေါ် တက်ရောက်လာသောဒေသခံ တိုင်းရင်းသားများက တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**မိုးညို အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကို အောက်တိုဘာလ တတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျင်ထွန်းက တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောထွန်းဦးက ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သင်တန်းသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် တွေ့ဆုံပွဲကျင်းပ

**မာန်အောင် အောက်တိုဘာ ၂၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲဖြစ်ရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် မြို့နယ်၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်မောင်ကြည်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်အဖွဲ့သည် ငအင်းအုပ်စု၊ ရဲကျွန်းအုပ်စုများသို့ သွားရောက်ပြီး မဲစာရင်း၊ မဲရုံတည်ဆောက်ထားမှုနှင့် မဲရုံအတွင်း မဲပေးပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

## မဲရုံမှူးများ ဆင့်ပွားသင်တန်းနှင့် သရုပ်ပြပွဲကျင်းပ

**နမ့်ခမ်း အောက်တိုဘာ ၂၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် တာဝန်ယူဆောင်ရွက်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးများအား ဆင့်ပွားသင်တန်းနှင့် သရုပ်ပြပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့နယ်ခန်းမ၌ အောက်တိုဘာ ၂၀ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက တက်ရောက်အမှာစကားပြောကြားပြီး မူဆယ်ခရိုင် ရွေးကောက်ပွဲအရာရှိ ဦးအောင်ကျော်စိုးက မဲရုံမှူး၊ ဒုမဲရုံမှူးများအား ရွေးကောက်ပွဲကျင်းပရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ မဲရုံပြင်ဆင်ထားရမည့်အခြေအနေနှင့် သိသင့်သိထိုက်သောအချက်အလက်များကို ပို့ချသွားခဲ့သည်။ ယင်းနောက် အမက (၁) ၌ ခင်းကျင်းပြသထားသော အမှတ် (၅) နှင့် အမှတ် (၆) ရပ်ကွက်များ၏ မဲရုံပုံစံနှင့် ဆန္ဒမဲပေးသည့် ခင်းကျင်းပုံများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း (နမ့်ခမ်း)**

# မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**မုဒုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ်မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီ၏ (၁၄၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သီတင်းကျွတ်မီးထွန်းပွဲနှင့်အတူ အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့နံနက် ၇ နာရီတွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၇၆ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၀ တိုက်တို့မှရဟန်း၊ သာမဏေ၊ သာသနာ့ နွယ်ဝင် သီလရှင်အပါး ၁၆၀၀ ကျော်တို့အား မင်းတန်းရပ်မင်္ဂလာမဏ္ဍပ်မှစတင်ကာ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများအား စာရေးတံမဲဖောက်လှူဒါန်းကြမည်ဖြစ်သည်။ ပွဲတော်ရက်ညပိုင်းတွင် ကန်တော်ကြီးစေတီတော်ရင်ပြင်၌ မြို့ပေါ်ဝတ်အသင်းအဖွဲ့များက သီတင်းကျွတ် ဆီမီးထွန်းပွဲတော်နှင့် ဝတ်ရွတ်စဉ်များဖြင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဧည့်ပရိသတ်များအား ပျော်ပွဲရွှင်ပွဲများဖြင့်ဧည့်ခံဖျော်ဖြေခြင်း၊ မုန့်ဟင်းခါး၊ ကြာဆံချက်၊ အအေးမျိုးစုံတို့ဖြင့် နိဗ္ဗာန်စျေးဖွင့်ကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ နေ့စဉ် ဆင်နွှဲကြမည်ဖြစ်သည်။

ထို့ပြင်ကန်တော်ကြီးစေတီအရှေ့ဘက် သဘာဝကန်ကြီးရေကန်၌ မြို့နယ်ရှိ ရပ်ကွက်ကျေးရွာအုပ်စုများနှင့် အခြားမြို့နယ်များကပါ ပါဝင်ဆင်နွှဲမည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို အကြီးတန်းနှင့် ဖိတ်ခေါ်လူသစ်တန်းဟူ၍ ခွဲခြားကျင်းပသွားမည် ဖြစ်သည်။

"ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ရိုးရာလှေလှော်ပြိုင်ပွဲကိုပါ ကျင်းပတာဟာ လူကြီး၊ လူငယ်အချင်းချင်းရင်းနှီးခင်မင်မှု ပိုမိုရရှိဖို့၊ မျိုးဆက်သစ်လူငယ်တွေကိုယ်တိုင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲဓလေ့ကို ရိုးရာမပျက်ထိန်းသိမ်းဆောင်ရွက်တတ်ဖို့ရယ်၊ လှေလှော်ပြိုင်ပွဲကတစ်ဆင့်စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးမှု ပိုမိုရရှိဖို့ မြို့နယ်အနေနဲ့ နှစ်စဉ်သီတင်းကျွတ်ရောက်တိုင်း ကန်တော်ကြီးစေတီဗုဒ္ဓပူဇနိယပွဲတော်နဲ့အတူ ကျင်းပနေတာဖြစ်ပါတယ်"ဟု မုဒုံ ကန်တော်ကြီးစေတီဂေါပကအဖွဲ့ အတွင်းရေးမှူးကပြောသည်။

**ကိုချစ်**

# ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ဖွင့်လှစ်ပေးမည်

**ပျော်ဘွယ် အောက်တိုဘာ ၂၄**

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပျော်ဘွယ်မြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ်တွင် ယခင်ကတိုင်းရင်းဆေးကုဌာနအဖြစ်သာ ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ယခင်က မြို့နယ်တိုင်းရင်းဆေးကုဌာန အနေဖြင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ရောဂါဝေဒနာရှင်များကို မန္တလေးတိုင်းရင်းဆေးရုံသို့ လွှဲပြောင်းကုသပေးရခြင်းကြောင့် ဝေဒနာရှင်များအနေဖြင့် သွားလာရေးအခက်အခဲများ၊ ခရီးစရိတ်အခက်အခဲများရှိခဲ့ကြပြီး ယခုလိုတိုင်းရင်းဆေးရုံတည်ဆောက်ပေးမည်ဖြစ်သည့်အတွက် အဆိုပါအခက်အခဲများကို လျှော့ချပေးနိုင်တော့မည်ဖြစ်သည်။

ပျော်ဘွယ်မြို့နယ် ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံကို ပြည်သာယာရပ်ကွက်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၄၂ သိန်းဖြင့် သံကူကွန်ကရစ် တစ်ထပ်အဆောက်အအုံကို သတ်မှတ်ရက်အတွင်းပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ချောင်းသာကမ်းခြေသာယာလှပရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ချောင်းသာကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ပထမလုပ်ငန်းစဉ်အဖြစ် အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ဟောပြောပွဲများ၊ လက်ကမ်း စာစောင်များဖြင့် အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အသိပညာပေးမှုကို မလိုက်နာပါက ဒုတိယဆင့်အနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် အောက်တိုဘာ ၂၃ ရက်က ချောင်းသာကမ်းခြေရှိ နယူးချောင်းသာဟိုတယ်၌ ပြုလုပ်သည့် ချောင်းသာကမ်းခြေ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



ဆွေးနွေးပွဲတွင် ကမ်းခြေထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေး၊ ချောင်းသာကျေးရွာ ရေပေးဝေရေး၊ ရေဆိုးရေညစ်စွန့်ထုတ်မှု၊ ဒီရေတောပြုန်းတီးမှု ကာကွယ်ရေးနှင့် ရွှေ့ပြောင်းအိမ်ရာ ကျူးကျော်တဲများနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အတွင်းရေးမှူး ဦးအေးကျော်၊ ရွှေသောင်ယံမြို့နယ်ခွဲရှိ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။ **ကိုကိုမောင် (ပြန်/ဆက်)**

# တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၂၅ ရက်တွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၆၃ လက်မနှင့် ရေးမြို့တွင် ၀ ဒသမ ၃၅ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

# ကျုံဒိုးမြို့ အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲကျင်းပ

**ကော့ကရိတ် အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကျုံဒိုးမြို့ အုပ်ချုပ်ရေးမှူးရုံးသစ်ဖွင့်ပွဲနှင့် ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါ ရုံးရှေ့၌ ဖွင့်လှစ်ခဲ့သည်။

ရုံးသစ်ဖွင့်ပွဲကို ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦး၊ ကျုံဒိုးမြို့အုပ်ချုပ်ရေးမှူး ဦးပြည်သိန်ကျောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အဆောက်အအုံသစ်နှင့်ပတ်သက် သည့်စာရွက်စာတမ်းများကို ကျုံဒိုးမြို့ အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါ အဆောက်အအုံသည် RC နှစ်ထပ်အဆောက်အအုံအလျား ၄၅ ပေ၊ အနံပေ ၃၀၊ အမြင့် ပေ ၂၀ ဖြစ်ကာ ဇွန်လ ၉ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပိုမိုကောင်းမွန်သော ရေပေးဝေရေးစီမံကိန်းဖြင့် သန့်ရှင်းသည့် သောက်သုံးရေများ ဖြန့်ဖြူးမည်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့၌ ရေပေးဝေရေးစနစ်ကို ဂျိုက်ကာနှင့်ပူးပေါင်း၍ ပိုမိုတိုးတက်ကောင်းမွန်ရေး စီမံကိန်းရေးဆွဲပြီး မြို့နေပြည်သူများသန့်ရှင်းသည့်သောက်သုံးရေ ဖြန့်ဖြူးသွားနိုင်ရန် မြို့တော်စည်ပင်က လုပ်ဆောင်နေကြောင်း သိရသည်။

"ဒီစီမံကိန်းကြီး ပြီးသွားရင် မြို့နေလူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းခန့် ရေရရှိတော့မှာပါ။ ပြည်သူတွေလိုအပ်ချက်အတွက် စည်ပင်ရန်ပုံငွေထဲက အတတ်နိုင်ဆုံးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကော်မတီဝင်တစ်ဦးက ပြောသည်။

မန္တလေးမြို့ ချဲ့ထွင်ပြီးနောက်ပိုင်း ပြည်ကြီးတံခွန်မြို့နယ် လူဦးရေ၏ ၅ ရာခိုင်နှုန်းသာ သောက်သုံးရေဖြန့်ဖြူးပေးနိုင်ရာမှ ယခု ဂျိုက်ကာက ကူညီထောက်ပံ့ငွေ ယန်း ၂ ဒသမ ၅၅ ဘီလီယံခန့်ဖြင့် တိုးချဲ့ရေပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်စီမံကိန်းပြီးပါက ပြည်ကြီးတံခွန်မြို့နယ်အတွင်း (ဂ)၊(ဃ)၊(င) ရပ်ကွက်များ၊ ငွေတော်ကျီကုန်းနှင့် သင်ပန်းကုန်းရပ်ကွက်များတွင် ရေလုံလောက်စွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

"ရေမီတာလျှော့က်ထားမှု တိုးမြင့်လာဖို့လည်း ပညာပေးဆွေးနွေးမှုတွေ လုပ်နေတယ်။ လိုအပ်တဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပြီး စစ်တမ်းကောက်တာ၊ အကြံပြုလွှာတွေလည်း ပြင်ဆင်လုပ်ဆောင်နေပါတယ်"ဟု ၄င်းကဆက်လက်ပြောသည်။

ပိုက်များဖြင့် ရေပေးဝေရေးစနစ်တွင် အန္တရာယ်ကင်းစေရန် ကလိုရင်းဆေးခတ်စနစ်ဖြင့် သတ်မှတ်စံနှုန်း ကိုက်ညီသည့် သန့်စင်သောရေများ ပေးဝေမည်ဖြစ်၍ သန့်စင်သောရေကို အသုံးပြုနိုင်မည်ဖြစ်သည်။

စျေးနှုန်းများမှာ တစ်ကုဗမီတာ ဂါလန် ၂၂၀ လျှင် ၈၅ ကျပ် ဖြစ်ကာ လိုအပ်သည့် ရေဖိအား မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး ရေမော်တာများ အသုံးပြုရန် မလိုတော့သဖြင့် လျှပ်စစ်မီးသုံးစွဲမှု ကင်းဝေးကာ ကုန်ကျစရိတ် သက်သာမည်ဖြစ်သည်။

အဆိုပါ ရေပေးဝေရေးဧရိယာအတွက် စီမံကိန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေးမြို့ ပြည်သူ့ဆေးရုံ၌ လစ်လပ်နေသော သမားတော်အထူးကုဆရာဝန်ကြီးများအား အစားထိုးခန့်အပ်ချထားပေးရန် ဒေသခံများလက်မှတ်ရေးထိုးတောင်းဆို

**ရေး အောက်တိုဘာ ၂၄**

မွန်ပြည်နယ် ရေးမြို့ ပြည်သူ့ဆေးရုံ၌ လစ်လပ်လျက်ရှိသော ဆရာဝန်ကြီးများဖြစ်သည့် ကောင်းမွန်တတ်ကျွမ်းသော အထွေထွေရောဂါအထူးကုသမားတော်နှင့် ထိခိုက်ဒဏ်ရာအရိုးအကြောအထူးကုဆရာဝန်ကြီးတို့ကို ရွေးကောက်ပွဲကာလအတွင်း အမြန်ဆုံးပြန်လည်ချထားပေးရန် ကျန်းမာရေးဝန်ကြီးဌာနကို ဒေသခံ ၅၉ ဦးတို့က ဆန္ဒပြုလက်မှတ်ရေးထိုးကြပြီး သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများထံသို့ အောက်တိုဘာ ၂၂ ရက်က တရားဝင်တင်ပြထားကြောင်း သိရသည်။

ရေးမြို့ ပြည်သူ့ဆေးရုံသည် ခုတင် ၅၀ဆံ့ကနေမှ ခုတင် ၁၀၀ ဆံ့ဆေးရုံကို တိုးချဲ့တည်ဆောက်ပေးထားပြီး အဆောက်အအုံမှာ ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေကို မရောက်ရှိနိုင်သေး၍ လူနာများလာသည့်ကာလတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အပြည့်အဝမပေးနိုင်သည့်အခါတွင်လည်း အခက်အခဲများနှင့် ကြုံတွေ့ရကြောင်း ဝေဒနာရှင် မိသားစုဝင်တစ်ဦး၏ ကိုယ်တွေ့နှင့်မြို့ခံလူထု အများစု၏ ပြောဆိုမှုများအရ သိရသည်။

**နေမျိုးထွဋ် (ရေး)**



# မဟာချိုင်သို့အလည်လာသည့် အထောက်အထားရှိ မြန်မာအလုပ်သမားအား ထိုင်းရဲဖမ်းဆီး၍ MAT ကူညီ

**မဟာချိုင် အောက်တိုဘာ ၂၄**

ထိုင်းနိုင်ငံရှိ မဟာချိုင်နယ်မြေအတွင်း ပတ်စ်ပို့နှင့် အလုပ်လုပ်ခွင့်ပါမစ်အပြည့်အစုံရှိသည့် မြန်မာအလုပ်သမားတစ်ဦးအား အောက်တိုဘာ ၂၂ ရက်က မဟာချိုင်မြို့မရဲစခန်းက ဖမ်းဆီးငွေတောင်းခံခဲ့သဖြင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT အဖွဲ့က ကူညီကယ်ထုတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ တည်ရှိရာနေရာဖြစ်သော ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တရာမြို့မှတစ်ဆင့် ဗန်ကောက်မြို့အနီးရှိ မဟာချိုင်မြို့သို့လာရောက်ခဲ့သော မြန်မာအလုပ်သမား မစံပယ်ဆိုသူအား ပတ်စ်ပို့စာအုပ်နှင့် အလုပ်လုပ်ခွင့်ပါမစ်များ အပြည့်အစုံရှိသော်လည်း မဟာချိုင်မြို့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဖမ်းဆီး၍ ငွေကြေးတောင်းခံခဲ့ပြီး မြို့မရဲစခန်း၏ အောက်ထပ်ခန်းထဲတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့သောကြောင့် အဆိုပါ အလုပ်သမားက မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက် ရေးကော်မတီဝင်ဖြစ်သော ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ ဆက်သွယ်၍ အကူအညီတောင်းခံလာမှုကြောင့် လွတ်မြောက်ရန် ကူညီဆောင်ရွက်ပေးခဲ့သည်။

မဟာချိုင်နယ်မြေမှ ထိုင်းရဲများသည် မြန်မာအလုပ်သမားများအား နေ့စဉ်ဖမ်းဆီး၍ ငွေကြေးတောင်းခံလေ့ရှိတတ်ကြကြောင်း၊ ထို့အတွက်ကြောင့် MAT အဖွဲ့က ဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ကူး၍ ထိုင်းအစိုးရ ဗဟိုရဲတပ်ဖွဲ့နှင့် မြန်မာတာဝန်ရှိသူများအား တင်ပြထားကြောင်း MATအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

**စိုးဝင်း(SP)**

# တရားမဝင်သယ်ယူလာသည့် တမလန်းသစ် ဓားရှေတုံးများ ဖမ်းဆီးရမိ

**စစ်ကိုင်း အောက်တိုဘာ ၂၄**

စစ်ကိုင်းခရိုင် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် စစ်ကိုင်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၂၁ ရက်က စစ်ကိုင်းမြို့ အိုးဘိုအဝိုင်းပတ်အနီး၌ တရားမဝင်သစ်တမလန်းတုံးများ သယ်ဆောင်လာသည့် ယာဉ်နှင့် အမှတ်(၃)ခရိုင်ချင်းဆက်လမ်း တောင်ရင်းကျေးရွာအနီး၌ တရားမဝင်သစ် တမလန်း ဓားရှေတုံးများ သယ်ဆောင်မောင်းနှင်လာသည့် ယာဉ်တို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးနှင့် သစ်တောဝန်ထမ်းများသည် စစ်ကိုင်းမြို့မရဲစခန်းမှ ဒုရဲအုပ်သီဟစိုးနှင့်အတူ အောက်တိုဘာ ၂၁ ရက်က ကောလင်းဘက်မှ ယာဉ်မောင်း ကိုနိုင်ဦး ပြည်ကြီးတံခွန်မြို့နယ်နှင့် တစ်ရပ်ကွက်တည်းအတူနေ မောင်ကျော်ထက်နှင့်အတူ မောင်းနှင်လာသည့် ပရိဘောက်စ် MDY-CC----ယာဉ်ကို စစ်ကိုင်းမြို့ အိုးဘိုအဝိုင်းပတ်အနီး၌ ရပ်တန့်စစ်ဆေးရာ တရားမဝင်သစ် တမလန်းများ သယ်ဆောင်လာသည်ကို တွေ့ရှိရပြီး တရားမဝင်သစ်တမလန်းတစ်လုံး၊ တမလန်းဓားရှေ ခြောက်တုံး၊ တမလန်း တိုင်ခြောက်လုံး စုစုပေါင်း ၀ ဒသမ ၄၀၈၂ တန်ကို ဖမ်းဆီးရမိခဲ့သည်။



ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းမြို့နယ် အမှတ်(၃)ခရိုင်ချင်းဆက်လမ်း စစ်ကိုင်း-ရွှေဘိုသွားကားလမ်းတွင် ကန့်ဘလူမြို့နယ် ဘောကျေးရွာဘက်မှ ယာဉ်မောင်းအောင်နိုင်လင်း ကောလင်းမြို့နယ် ဒေဝရွာနေသူမောင်းနှင်လာသော မတ်တူးအဖြူရောင်ယာဉ်ကို စစ်ကိုင်းမြို့နယ် အမှတ်(၃)ခရိုင်ချင်းဆက်လမ်းတောင်ရင်းကျေးရွာအနီး စစ်ကိုင်း-ရွှေဘိုသွားကားလမ်း၌ ရပ်တန့်စစ်ဆေးရာ တရားမဝင်သစ်တမလန်း ဓားရှေ ၁၁ တုံး (၀ ဒသမ ၂၇၂၄) တန်ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သစ်တမလန်းတုံးများ သယ်ဆောင် မောင်းနှင်လာသူများအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# မြေနီလမ်း တူးဖော်စဉ် ဗုံးသီးတစ်လုံးတွေ့ရှိ

**ရေး အောက်တိုဘာ ၂၄**

ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာသွားကားလမ်းရှိ သချိုင်းအနီး၌ အောက်တိုဘာ ၂၃ ရက်က ရေးမြို့နယ်မြတ်သူရကုမ္ပဏီမှ ကိုအေးမင်းစိုးမောင်းနှင်သည့်ဘက်ဟိုးဖြင့် မြေတူးနေစဉ် အနက်လေးပေခန့်အရောက်၌ လေယာဉ်သုံး ဗုံးသီးတစ်လုံး တွေ့ရှိကြောင်း သတင်းအရ ခေတ္တစခန်းမှူးရဲအုပ်ကျော်သက်ခိုင်၊ ရေးမြို့မှ ဗိုလ်မှူးပြည့်ဖြိုးမောင်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တွေ့ရှိသော ဗုံးသီးမှာ လေယာဉ်သုံး အမျိုးအစား ဗုံးသီးဟောင်းတစ်လုံးဖြစ်ကာ အရှည် သုံးပေ၊ လုံးပတ်နှစ်ပေရှစ်လက်မ၊ ထိပ်ဝ ရှစ်လက်မရှိပြီး မြေကြီးအတွင်း မြုပ်နေသည်ကိုတွေ့ရ၍ ယင်းဗုံးသီးကို ရေးမြို့နယ်မြေခံတပ်က ခေတ္တထိန်းသိမ်းထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ဝန်းသိုမြို့နယ်၌ ဘိန်းမည်းခတ်ပုံနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းမိ

**ဝန်းသို အောက်တိုဘာ ၂၄**

ကသာခရိုင် ဝန်းသိုမြို့နယ် ရဲစခန်းအနောက် ကိုးမိုင်ခန့်အကွာရှိ လက်ပံကျင်းကျေးရွာ၌ အောက်တိုဘာ ၂၄ ရက် နံနက် ၅ နာရီခွဲက ဘိန်းမည်းဟုယူဆရသော အညိုမည်းရောင် ထုပ်ပိုးခွံပါ ၁၃ ဂရမ်ခန့်၊ ခတ်ပုံဟုယူဆရသော အညိုရောင်အမှုန့်ခြောက် ထုပ်ပိုးခွံပါ ၂၆ ဒသမ ၂၄ ဂရမ်ခန့်၊ မြန်မာငွေကျပ် ၃၀၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဦးစီး(၁)မှ ရဲအုပ် သောင်းထက်အောင်၊ ဝန်းသိုမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး မြင့်ဇော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖမ်းဝရမ်းအမှတ်(၁၈/၁၅)ဖြင့် ဝန်းသိုမြို့နယ် လက်ပံကျင်းကျေးရွာနေ အောင်ပိုင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေစဉ် နေအိမ်အပေါ်ထပ် ဧည့်ခန်းအတွင်းမှ တွေ့ရှိ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးနှင့်အတူတွေ့ရှိသူ အောင်ပိုင်(၂၅ နှစ်)လက်ပံကျင်းကျေးရွာဝန်းသိုမြို့နယ်နေသူအား အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဆိုင်ကယ်တိမ်းမှောက်

**အောင်လံ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အောင်လံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက်က အောင်လံမြို့နယ်ပြည်သူ့ဆေးရုံ၌ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူ လူနာတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၂ ရက် ည ၈ နာရီက မကွေး-ပြည်လမ်းအတိုင်း မကွေးဘက်မှ ပြည်မြို့ဘက်သို့ အောင်လံမြို့နယ် ကန်နှစ်ဆင့်ကျေးရွာနေသူ မအေးအေးခိုင်(၃၇ နှစ်) မောင်းနှင်လာသော ၃၇ ယ/---ဆိုင်ကယ်သည် အောင်လံမြို့ သရက်တောရပ်ကွက် (၃)လမ်းထိပ် အရောက်တွင် (၃)လမ်းအတိုင်း ကမ်းနားလမ်းဘက်မှ မကွေး-ပြည်လမ်းဘက်သို့ တစ်ရွာတည်းနေ မညိုပြာ (၄၂ နှစ်) မောင်းနှင်လာသော ပရိဘောက်ခဲရောင်မော်တော်ယာဉ်နှင့် တိုက်မိကာ မအေးအေးခိုင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ မညိုပြာအား အောင်လံမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

---


**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**တောင်ကြီးခရိုင်တရားရုံး**

**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၁၈ နှင့်ဆက်သွယ်သည့်**

**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၃၆**

ဒေါ်ဝမ်ရီရှမ်း **နှင့်** ၁။ ဒေါ်မီမီ

၂။ ဦးစိုင်းလူဖ

**တရားနိုင်** **တရားရှုံးများ**

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ အမှတ် ၉၄၊ မြကန်သာလမ်း၊ နယ်မြေ ၅ နေ ဒေါ်မီမီနှင့် ဦးစိုင်းလူဖ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၁၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၄ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**



**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**တောင်ကြီးခရိုင်တရားရုံး**

**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၄ နှင့်ဆက်သွယ်သည့်**

**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၄**

ဒေါ်ရီရီခင်(ခ)မလောဂူး **နှင့်** ၁။ ဦးကျော်ဝင်း(ခ)ကွမ်းယွေ့

၂။ ဒေါ်အေးရင်(ခ)ဒေါ်အေးရီ

**တရားနိုင်** **တရားရှုံးများ**

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ နယ်မြေ(၁)၊ အင်းယားလမ်း၊ အမှတ် ၄/၂၂၆ နေ ဦးကျော်ဝင်း(ခ)ကွမ်းယွေ့နှင့် ဒေါ်အေးရင်(ခ)ဒေါ်အေးရီ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၄ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၆၃**

ဦးမြတ်ကျော် **နှင့်** ၁။ ဦးမောင်သောင်း

၂။ ဒေါ်ပါးပါ

၃။ ဒေါ်ခင်စိန်

၄။ ဒေါ်စန်းစန်းဦး

**တရားလို** **တရားပြိုင်များ**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ် ၃၄/က နေ ဦးမောင်သောင်း၊ ဒေါ်ပါးပါ၊ ဒေါ်ခင်စိန်၊ ဒေါ်စန်းစန်းဦး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဦးမြတ်ကျော်က ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၃ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်ဆွေ)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဃ/၂၃၂၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/8202 Toyota Corolla Fielder N2EH S/W(4x2) ဦးသန့်စင်ဦး ၁၂/လမန(နိုင်)၀၆၈၁၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**



**အမွေစားအမွေခံ သားအဖြစ်မှစွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်နေ အဖ ဦးအောင်ဝင်း [၁၂/သဃက(နိုင်) ၀၉၅၄၃၂]၏ သားဖြစ်သူ မောင်စိုးမိုးအောင် [၁၂/သဃက(နိုင်) ၁၄၇၀၂၃] သည် မိဘ၏ဆိုဆုံးမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးအောင်ဝင်း [၁၂/သဃက(နိုင်) ၀၉၅၄၃၂]

# ဆေးဖက်ဝင်အသွင်ဆန်း အံ့မခန်းတဲ့ ရတနာ

သတင်းဆောင်းပါး-ကလျာမိုးမြင့် (မြန်မာ့အလင်း)
ဓာတ်ပုံ-ရွှေစာ

**မပူလွန်းမအေးလွန်းသော မျှတသည့် ရာသီဥတုအောက်တွင် မြစ်ကြီးနားမြို့သည် ဣန္ဒြေရစွာ လှပလျက်ရှိသည်။ ယခင်နှင့်များစွာ ထူးခြားခြင်းမရှိဘဲ လုပ်ငန်းခွင် သွားရောက်သူ၊ ဈေးရောင်း ဈေးဝယ်သူ၊ ကျောင်းတက်သူများဖြင့် စည်ကားသက်ဝင်နေသည်။ သို့သော် အမြင်အာရုံကိုဖမ်းစားနိုင်သော ထူးခြားမှုတစ်ခုကိုတော့ သတိပြုမိသည်။ ဒေသခံလူကြီး လူငယ်အတော်များများသည် ပယင်းပုတီး၊ ပယင်းလည်ဆွဲနှင့် လက်ကောက်များကို ယခင်ကထက်ပို၍ ဝတ်ဆင်သုံးစွဲလာကြခြင်းပင် ဖြစ်သည်။**

လက်ငုတ်လက်ရင်း အလုပ်အကိုင်အပြင် ပယင်းသွေးခြင်း၊ ရောင်းချခြင်းကို တွဲဖက်လုပ်ကိုင်လာသူလည်း များပြားလာသည်ကို တွေ့မြင်ရပါသည်။ ပယင်းပန်းပုလုပ်ငန်းလုပ်ကိုင်သူ ဦးချစ်ကိုက ၄င်းပြုလုပ်ထားသည့် မက်မွန်သီးပုံ၊ ဗုဒ္ဓပုံ၊ ငါးရုပ်ပုံ ပယင်းများကို ပြသခဲ့ပြီး ပယင်းတူးဖော်ပုံအဆင့်ဆင့်နှင့် ဆေးဖက်ဝင်ပုံကို ပြောပြခဲ့ပါသည်။

"ပယင်းအစ သစ်စေးက" ဟူ၍ ဆိုရပေမည်။ နှစ်သန်းပေါင်းများစွာက ပေါက်ရောက်ခဲ့ကြသော ထင်းရှူးမျိုးနွယ်သစ်ပင်ကြီးများမှ သစ်စေးများသည် ကမ္ဘာမြေ၏ အပူချိန်နှင့်ဖိအားကြောင့် နှစ်ပေါင်းများစွာ ကြာလာသည့်အခါ ပယင်းဟူသော ရတနာအဖြစ်သို့ ပြောင်းလဲရောက်ရှိလာကြောင်း မှတ်သားခဲ့ရပါသည်။

"ပယင်းအရောင်အသွေးအမျိုးမျိုးရှိတယ်။ ဈေးကွက်အဝင်ဆုံးကတော့ ခိုသွေးရောင်၊ လက်ဖက်စိမ်းရောင်၊ အဝါကြည်၊ ဝက်ဆီ၊ အဲဒါပထမတန်းစားပယင်းတွေပါ။ ဒီဇယ်၊ ဒီဇယ်ဝါနဲ့ အပိတ်သားတွေက ဈေးသိပ်မရဘူး။ အပိတ်သားဆိုတာက မီးထိုးကြည့်လို့မရဘူး။ အလင်းမပေါက်နိုင်ဘူး" ဟု ၄င်းက ပြောရင်း အဝါကြည်ရောင်ပယင်းကို နေရောင်ထဲ၌ ထောင်ပြသည်။ သဘာဝနေရောင်အောက်တွင် ပယင်း၏ လက္ခဏာရပ်များ ပေါ်လွင်လျက်ရှိနေသည်။ အေးမြသည့်ရာသီများတွင် အခြားသော ကျောက်မျက်ရတနာများကဲ့သို့ မဟုတ်ဘဲ ပယင်းသည် ဝတ်ဆင်ထားသူ၏ အရေပြားနှင့် ထိတွေ့သည့်အခါ ပူနွေးနေသည်ကပင် နှစ်ခြိုက်စရာဟု ထင်မိသည်။

ကျောက်မျက်ရတနာတစ်ပါးဖြစ်သည့် ပယင်းသည် အင်အော်ဂဲနစ်မဟုတ်ဘဲ သစ်ပင်မှရသည့် အော်ဂဲနစ်ကျောက်မျက်ဖြစ်ပါသည်။ အလင်းပေါက်နိုင်စွမ်းရှိပြီး အပေါ့ပါးဆုံးသော ကျောက်မျက်ဖြစ်သည်။ ပွတ်တိုက်ကြည့်ပါက လျှပ်စစ်ဓာတ်ဖြစ်ပေါ်လာပြီး ပေါ့ပါးသော အရာဝတ္ထုများကို ဆွဲငင်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ဂရိလူမျိုးများက ပယင်းကို (Elektron ) ဟု ခေါ်ဆိုကြသည်။ သွေးလည်ပတ်မှု အားကောင်းစေပြီး အနာရောဂါများကို သက်သာပျောက်ကင်းစေသဖြင့် ဆေးများဖော်စပ်ရာတွင် လည်းကောင်း၊ ရေမွှေးများဖော်စပ်ရာတွင်လည်းကောင်း အသုံးပြုကြကြောင်း သိရပါသည်။

ကမ္ဘာပေါ်တွင် အမေရိကန်၊ ပိုလန်၊ ရိုမေးနီးယားနှင့် ကနေဒါနိုင်ငံများသည် ပယင်းထွက်ရှိသော နိုင်ငံများဖြစ်ကြပြီး မြန်မာနိုင်ငံတွင်လည်း ဟူးကောင်းချိုင့်ဝှမ်း၊ တနိုင်းဒေသတွင် ပယင်းအမြောက်အမြား ထွက်ရှိပါသည်။

"မြန်မာ့ပယင်းက သက်တမ်းမလွန်သေးဘူး။ သက်တမ်းလည်းမနုဘူး။ အနေတော်ပဲ။ ရေ၊ မြေ၊ ရာသီဥတုတွေနဲ့လည်း အဆင်ပြေတယ်။ မြန်မာနိုင်ငံမှာတောင် တနိုင်းဒေသကထွက်တဲ့ ပယင်းက အရည်အသွေးအကောင်းဆုံးပဲ။ ရှမ်းပြည်နယ် (ကျောက်မဲ)မှာလည်း ပယင်းထွက်တယ်။ ယောကလည်းထွက်တယ်။ ယောပယင်းက သက်တမ်းနည်းနည်း လွန်သွားတယ်။ ဒီအတိုင်းအကြမ်းထည်ကို ခွဲလိုက်တဲ့အချိန်မှာ အနီရောင်၊ အရောင်တင်လိုက်တဲ့အခါ နီပုပ်ပုပ် အရောင်ပြောင်းသွားတယ်။ ခန္တီးကထွက်တဲ့ ပယင်းကျတော့ သက်တမ်းနုလွန်းလို့ အပေါက်ဖောက်တဲ့အခါ အဆင်မပြေဘူး"ဟု မြန်မာ့မြေပေါ်မှထွက်သော ပယင်းများအကြောင်း ပြောပြခဲ့သည်။

ပယင်းပန်းပု လုပ်ငန်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဦးစွာ မြေသားများ ကပ်ငြိနေသော ပယင်းတုံး အကြမ်းထည်ကို အခွံချွတ်လိုက်ပြီး အမည်းစက်၊ အမှုန်များ၊ အနာများ ပါနေသည့်အပိုင်းကို မော်တာဖြင့် သန့်စင်ဖယ်ရှားလိုက်သည်။ ထိုသို့ ဖယ်ရှားပြီးနောက် အကောင်းဆုံးရှိနေသည့်အပိုင်းကို အနီးစပ်ဆုံးတူသည့် ပုံသဏ္ဌာန်အတိုင်း အရုပ်ထွင်းလိုက်ခြင်းဖြစ်သည်။


ရုပ်ကြွင်းပါရှိသောပယင်းကို တွေ့မြင်ရပုံ

"ဘူးသီးနဲ့တူသလား၊ နဂါးနဲ့တူသလားကြည့်တယ်။ ထွင်းတဲ့အခါ ခက်ချိန်သိပ်လျော့မသွားအောင်၊ အများကြီး ကလော်တဲ့ပုံမဖြစ်ရအောင် အနီးစပ်ဆုံးပုံဖော်သွားတာ။ ပယင်းကို တရုတ်လူမျိုးတွေအများဆုံး စိတ်ဝင်စားကြတဲ့အတွက် သူတို့ရာဇဝင်ထဲမှာရှိတဲ့ပုံတွေ ဥတည်ဘွား၊ ကွမ်ရင်မယ်တော်ပုံတွေ ထွင်းတယ်။ ပယင်းက အနီရောင်ဆိုရင် မက်မွန်သီးပုံ၊ အစိမ်းဆို စောင်းလျားသီးပုံ ထွင်းတယ်။ အရောင်တင်တဲ့အခါမှာတော့ ကျောက်တွေချောအောင်တိုက်တဲ့ အမှုန့်တွေ နံပါတ်အမျိုးမျိုးရှိတယ်။ ပယင်းတိုက်တဲ့ အဖြူမှုန့်ကတော့ အနုဆုံးပါပဲ။ အဲဒီ အဖြူမှုန့်ကို အမွေးဘီးလေးနဲ့ သုံးတာ။ ပယင်းမဖြစ်မီ စေးကပ်တဲ့ သဘာဝ၌ရှိနေတုန်း လာရောက်ကပ်ငြိကြတဲ့ ပျား၊ ပိတုန်းနှင့် လိပ်ပြာလို အကောင်ငယ်လေးတွေ သစ်စေးအတွင်း ကပ်ငြိပိတ်မိရာက မာကျောလာတဲ့ သစ်စေးနှင့်အတူ အချိန်ကာလများစွာ ကြာလာတဲ့အခါ ရုပ်ကြွင်းငယ်ပါရှိသော ပယင်းရတနာအဖြစ်သို့ ရောက်ရှိလာပါတယ်။ ပုစဉ်းရုပ်ကြွင်းပါသော ပယင်း၊ သစ်မြစ်၊ သစ်ရွက်ကလေးများဝင်နေသော ပယင်းစသည်ဖြင့် အမျိုးစုံကို မြင်တွေ့ခဲ့ရပါတယ်။







"ယင်ကောင်တစ်ကောင်က အဝါကြည်မှာ ဝင်နေတာဆိုရင် ဈေးပိုရမယ်။ ဆိုက်ချင်းတူရင်တောင် ဒီဇယ်က အမျိုးအစားနိမ့်တော့ ဒီဇယ်မှာဝင်ရင် ဈေးသိပ်မရဘူး။ လက်ဖက်စိမ်းလို ကျောက်သားအလွန်ကောင်းတဲ့ အထဲမှာ ပိုးကောင်ဝင်ရင် ကြည်ပေါက်ပြီး လင်းပြီး အမြင်သိပ်လှတယ်။ ထူးခြားမှုပိုသွားတာပေါ့။ ဒါကြောင့် ကျောက်သားကောင်းလို့ အဆင့်မြင့်တဲ့နေရာမှာ အကောင်ဝင်ရင် အဲဒီကျောက်သားရဲ့ မူလတန်ဖိုးထက် လေးငါးဆပိုသွားတယ်။ အပိတ်သားထဲမှာသွားဝင်ရင် အမြင်မှာ ဆွဲဆောင်မှုမရှိတဲ့အတွက်ဈေးလည်းမရတော့ဘူး" ဟု ပယင်းအမျိုးအစားနှင့် ဈေးနှုန်းကွာခြားပုံကို ရှင်းပြသည်။

"ရှဝါနန်" ဟု ရိုးရာအခေါ်ဖြင့် ခေါ်ဝေါ်ကြသော ပယင်းဖြင့် စီရင်ထားသည့် လည်ဆွဲတစ်မျိုးရှိပါသည်။ ရှဝါနန်သည် ဘိုးစဉ်ဘောင်ဆက်ကတည်းက ရှိလာခဲ့သော သတို့သားက သတို့သမီးအား အမြတ်တနိုးတင်တောင်းသည့် ကချင်လူမျိုးများ၏ရိုးရာပစ္စည်းဖြစ်ပါသည်။ ရှဝါနန်အစစ်တစ်ခုသည် ပယင်း၊ ဆင်စွယ်၊ ငွေနှင့် ကျောက်များဖြင့်ပြုလုပ်ထားပြီး တန်းဖိုးကြီးမြင့်လှသည်။ ထို့ကြောင့် လူတိုင်းပြုလုပ်ရန် မလွယ်ကူသည့်အတွက် ရှေးဟောင်းပစ္စည်းကိုအတုခိုးကာ ပယင်းများထည့်ပြီး ဆင်စွယ်နေရာတွင် ဆင်စွယ်နှင့်အလားတူစေမည့်အခြား ပစ္စည်းများထည့်ကာပြုလုပ်ကြသည်။

"ကချင်လူမျိုးတွေ သတို့သမီးတောင်းရမ်းတဲ့အခါ မောင်းပါရတယ်၊ ကျွဲပါရတယ်၊ ရှဝါနန်ပါရတယ်၊ ကွမ်းဖိုးလို့ခေါ်တယ်။ ရှဝါနန်ဆွဲထားတာကို ကြည့်ပြီး အမြတ်တနိုးတောင်းရမ်းလက်ထပ်ခြင်းခံရတဲ့ အမျိုးသမီးအဖြစ် ဂုဏ်ယူကြပါတယ်" ဟု ပြောသည်။

နောက်ထပ် စိတ်ဝင်စားဖွယ်ကောင်းသော ပယင်းအမျိုးအစားမှာ "မီးကျန်" ဟုခေါ်သော ပယင်းဖြစ်သည်။ ထိုပယင်းပေါ်တွင် ဓာတ်မီးဖြင့်အဝိုင်းပုံထိုးလိုက်လျှင် အဝိုင်းပုံလေးအတိုင်း ကျန်နေတတ်သည်။ ညဘက်တွင် ပိုမိုထင်ရှားသည်။ ဂငယ်ပုံထိုးလျှင် ထိုပုံအတိုင်း ကြာကြာလင်းနေပြီး ပြီးမှ ပြန်မှိန်သွားသည်။ အလင်းရောင်ကို စုပ်ထားနိုင်သော ပယင်းဖြစ်သည်။

ပယင်းသည် ဂေါက်ရောဂါ၊ လည်ချောင်းနာ၊ သွားနာ၊ အစာအိမ်နာရောဂါများကို ပျောက်ကင်းစေသည့်အပြင် သွေးလည်ပတ်မှုကိုပါ ကောင်းစေသည်ဟု ဆိုပါသည်။ တရုတ်လူမျိုးများက ပယင်းဖြင့်အသားကို ပေါင်းစားကြပြီး အသက်ရှည် ဆေးအဖြစ် မှီဝဲကြသည်။ ပယင်းအမှုန့်သန့်သန့်ကို ဖက်ကြမ်းဖြင့် လိပ်ပြီးနောက် မီးရှို့၍ အငွေ့ကိုရှူရှိုက်လျှင် သစ်မွှေးနံ့ထွက်ပေါ်လာပြီး အမူးအမော်ပြေပျောက်ကာ ပေါ့ပါးလန်းဆန်းစေပါသည်။ ထို့ပြင် စိတ်ခွန်အားကို မြှင့်တင်ပေးနိုင်စွမ်းရှိသော ရတနာအဆောင်လည်း ဖြစ်သည့်အတွက် လူကြီးများကမူ ကျန်းမာရေးအတွက် ဝတ်ဆင်ကြသည်။

ပယင်းရောင်းဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံ စူးစမ်းကြည့်ရာ ပယင်းတူးဖော်ရာတွင် ပေအနက် ၃၀၊ ၄၀ မှ ပေ ၅၀၀ ကျော် ၆၀၀ အထိ နက်အောင်တူးဖော်ရသည်လည်း ရှိပါသည်။ ပယင်းထွက်သောမြေသည် ကျောက်စိမ်းမြေကဲ့သို့မမာပေ။ သတိအထားရဆုံး အချိန်မှာ ပယင်းကို မြေသားထဲမှာ ခွာယူချိန်ဖြစ်သည်။ ပယင်းသည် မာခြင်းအဆင့် ၂ ဒသမ ၅ ရှိပြီး သိပ်သည်းဆ ၁ ဒသမ ၀၇ သာရှိသည့်အတွက် ကြွပ်ဆတ်ပြီး ကွဲအက်နိုင်သောကြောင့် ဖြစ်သည်။ သံတိုင်ဖြင့် ဖွတူးပြီးနောက် လက်ဖြင့်နှိုက်၍ ရလောက်သည့် အခြေအနေရောက်လျှင် လက်ဖြင့် ဖြည်းဖြည်းချင်း ကုပ်ယူလိုက်ရသည်။

**သတိအထားရဆုံး အချိန်မှာ ပယင်းကို မြေသားထဲမှာ ခွာယူချိန်ဖြစ်သည်။ ပယင်းသည် မာခြင်းအဆင့် ၂ ဒသမ ၅ ရှိပြီး သိပ်သည်းဆ ၁ ဒသမ ၀၇ သာ ရှိသည့်အတွက် ကြွပ်ဆတ်ပြီး ကွဲအက်နိုင်**



တွင်းထဲဆင်းသည့်အခါ အပေါ်မှနေ၍ အောက်ဆီဂျင်ပေးရာတွင် တွင်းအနက် ပေ ၁၀၀ ရှိလျှင် ပေ ၇၀ လောက်အထိရောက်အောက် လေပိုက်ကို ချရသည်။ လူနှင့် ကွက်တိဖြစ်နေလျှင် ဓာတ်ငွေ့ပြန်ရိုက်ပြီး မွန်းကျပ်နိုင်သည်။ မြေကြီးစုပ်ယူမှု၊ လူကစုပ်ယူမှုကို ပုံမှန်အနေအထားဖြစ်စေရန် အောက်ဆီဂျင်ပိုက်ကို အနည်းငယ်ခွာထားပြီး ပေးရသည်။ အောက်ဆီဂျင်ပြတ်လျှင် အသက်အန္တရာယ်ရှိနိုင်ပြီး တွင်းပြိုနိုင်သည်ကိုလည်း သတိထားရပါသည်။

"တချို့က မြေအောက်မှာ ပယင်းကိုတွေ့တဲ့အခါ အဝတ်နဲ့ပတ်ပြီးမှ အပေါ်ကို တင်ရတယ်။ ဒါမှမဟုတ်ရင် အနာပါသွားတတ်တယ်ဆိုပြီးပြောတယ်။ တကယ်တော့ အရည်အသွေး ကောင်းပြီး ပယင်းစစ်ရင် အဲလိုလုပ်ဖို့မလိုပါဘူး။ ဒီတိုင်းတင်ရုံပဲ" ဟု ပယင်းလုပ်ငန်းလုပ်ကိုင်သူက ဆိုသည်။ ၄င်းပြောပြချက်များအရ တရုတ်နိုင်ငံတွင် ပယင်းကို အထည်ထုတ်၍ ရသည့်အဆင့်တွင် အထည်ထုတ်ပြီး အထည်ထုတ်၍ မရသည့်အဆင့်တွင် ကော်လောင်း၍ ကြွေပြားကဲ့သို့ကပ်ပြီး စက်ဖြင့် ညှိလိုက်သည်။ ပန်းချီ ပန်းပုအဖြစ်လည်း ထွင်းထုသည်။ ကနေဒါနိုင်ငံတွင် ချမ်းသာကြွယ်ဝသူများ၏ နေအိမ်၌ ပယင်းအရောင်မျိုးစုံကို နံရံတွင်ကပ်၍ အလှဆင်ကြသည်။ ခန်းဆီးကန့်လန့်ကာ အဖြစ်လည်း အသုံးပြုကြသည်ဟု သိရသည်။

"ဈေးနှုန်းသတ်မှတ်တာကျတော့ အလုံးအဖန်ကွာတယ်။ ကြီးတဲ့ပယင်းက ခက်ချိန်၊ အလေးချိန်ပိုများသွားမယ်။ သေးရင် ခက်ချိန်လျော့မယ်၊ ခက်ချိန်လည်းများမယ်၊ အတုံးလည်းကြီးမယ်ဆိုရင် ဈေးမြင့်မယ်။ လက်ဖက်စိမ်းချင်းတူရင်တောင် အတုံးသေးရင် တီထွင်မှုအရ ဈေးကွက်သိပ်မဝင်တော့ဘူး။ အသားလှလို့သာ ဝယ်တာ။ လက်ကောက်ဖောက်ချင်တယ်ဆို လက်ကောက်ဆိုက်မရရင် ဈေးမရဘူး။ ဥပမာ လက်ဖက်စိမ်း လက်ကောက်တစ်ကွင်းကို ကွင်းကြီးဆိုက်ဆို ငွေကျပ်သိန်း ၅၀၀ ရမယ်။ ကွင်းလတ်ဆို ငွေကျပ် သိန်း ၃၀၀ ပဲရမယ်။ ကွင်းသေးဆို ငွေကျပ် သိန်း ၁၅၀ ရမယ်။ သူ့ခွင်မိမှ သူ့ဈေးပုံသေသတ်မှတ်လို့ရတာ " စသဖြင့် ဈေးနှုန်းသတ်မှတ်ပုံကို သိရသည်။

ပယင်းလုပ်ငန်းကို လုပ်ကိုင်သူများပြားလာချိန်တွင် ဈေးကွက်ကို မထိန်းကြသူများကြောင့် ရောင်းဝယ်ရာတွင် အခက်အခဲကြုံရသည်များလည်းရှိကြောင်း ၄င်းက ပြောပြသည်။ " ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိတဲ့ ပယင်းကို အခြားတစ်ယောက်က ငွေကျပ် ၃၀၀၀၀နဲ့ ရောင်းလိုက်တယ်။ အချင်းချင်းသစ္စာမရှိဘူး၊ မညီညွတ်ဘူး၊ ဈေးကွက်ကို မထိန်းဘူးဆိုရင် ပါးနပ်တဲ့ အချို့စီးပွားရေးသမားတွေက တက်နင်းသွားတာ ခံရနိုင်ပါတယ်။ ဒါကြောင့် ဈေးကွက်မှာ စည်းကမ်းရှိကြဖို့ အလွန်အရေးကြီးပါတယ်။"

မည်သို့ဆိုစေ အရည်အသွေးကောင်းမွန်ပြီး ဆေးဖက်ဝင် အော်ဂဲနစ်ကျောက်မျက်ရတနာဖြစ်သည့် မြန်မာ့ပယင်းသည် သယံဇာတတစ်ခုအနေဖြင့် မြန်မာ့မြေပေါ်မှ ထွက်ရှိခြင်းကို များစွာဂုဏ်ယူမိပါသည်။

ခရီးသွားဆောင်းပါး



# ရှုမွှယ်စုံလင် ရွှေသမင်တို့ ကျက်စားရာ နယ်မြေဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**ရွှေဘိုမြို့ကို ရောက်နေသည်မှာ နှစ်ရက်ရှိပြီ။ အလုပ်တာဝန်များ ပြီးပြတ်အောင်ဆောင်ရွက်လိုက်ရာ ည ၁၀ နာရီခန့်တွင် ပြီးစီးသွားသည်။ အလုပ်များပြီးပါက နာမည်ကျော် ရွှေသမင်များကျက်စားရာ ချပ်သင်းသဘာဝ ဘေးမဲ့တောသို့သွားရန် ကြိုတင်စိတ်ကူးထားသဖြင့် နောက်နေ့နံနက်စောစောကားဖြင့်သွားမည်ဟု ရွှေဘိုသားကိုဝင်းမြင့် ပြောစကားကြောင့် ဝမ်းသာသွားသည်။ ကမ္ဘာပေါ်၌ ရှားပါးနေပြီဖြစ်သော ရွှေသမင်များကို သဘာဝအတိုင်း လှေလာမြင်တွေ့ခွင့် ရတော့မည့်စိတ်ကြောင့် တော်တော်နှင့်အိပ်မပျော်ခဲ့။**

ရွှေဘိုမြို့မှ နံနက် ၅ နာရီခန့် ကျွန်တော်တို့ မော်တော် ယာဉ်ဖြင့်ထွက်ခဲ့ရာ ကားအသွားအလာရှင်းသဖြင့် ခရီးတွင်သည်။ အအေးဓာတ်ဝင်စပြုသော ဆောင်းနံနက်ခင်း မို့လားမသိ ကားပြတင်းပေါက်မှ ဝင်ရောက်လာသည့် လေကအေးစိမ့်နေသည်။ ကားလမ်းဘေးဝဲယာတစ်လျှောက် လုပ်ငန်းခွင်ဝင်သူများ၊ စပါးပင်များဖြင့် ပြည့်နေသော လယ်ကွင်းများနှင့် ကျေးလက်နေအိမ်များကို မပြတ်တမ်း တွေ့မြင်လာရသည်။ နံနက် ၁၀ နာရီခန့်တွင် ချပ်သင်းရွာအနောက်ဘက် သုံးကီလိုမီတာအကွာတွင်ရှိသော ချပ်သင်းဘေးမဲ့တောသို့ ဆိုက်ရောက်လေသည်။

"ချပ်သင်းဘေးမဲ့တော" ဟူသည့် အနီရောင်အောက်ခံပေါ်တွင် အဖြူရောင်ဖြင့် ရေးသားထားသော ဆိုင်းဘုတ်ကို တွေ့ရသည်။ သဘာဝကျစွာ လိုက်လျောညီထွေမှုရှိစွာ ရေးသားထားသော ဆိုင်းဘုတ်က သစ်သားပြားပေါ်တွင် မပီဝိုးတဝါးဖြင့် နေရာယူထားသည်။ သစ်သားပြားအချို့ပေါ်၌ သတိပေးစာတန်းများကိုလည်း မြင်တွေ့ရသည်။ ချပ်သင်းဘေးမဲ့တောသို့ ကျွန်တော် ပထမဆုံး ခြေချခွင့်ရခဲ့ပြီဖြစ်သည်။ သွားလိုသည့် ဆန္ဒပြည့်ဝခဲ့ ၍လားမသိ တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးလျက်ရှိသည်။

ချပ်သင်းဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း တည်ရှိသည်။ ရန်ကုန်မှလာလျှင် မန္တလေးသို့ မီးရထားဖြင့်လာရောက်ကာ မန္တလေးမြို့မှ ရွှေဘိုမြို့သို့ ကားဖြင့် လာရောက်ပြီး ရွှေဘိုမှ ချပ်သင်းဘေးမဲ့တောသို့ ကားဖြင့် သွားရောက်လေ့လာနိုင်မည်ဖြစ်သည်။ ရန်ကုန်မှ ရွှေဘို-ချပ်သင်းအထိ မိုင်ပေါင်း ၅၇၇ မိုင်ရှိပြီး ရွှေဘိုမြို့မှ ချပ်သင်းဘေးမဲ့တောသို့ မိုင် ၈၀ ခန့်ကားမောင်းလျှင် ရောက်ရှိလေသည်။ ကျွန်တော်တို့ ချပ်သင်းဘေးမဲ့တောသို့ ရောက်ချိန်သည် နေအတန်မြင့်နေပြီဖြစ်သော်လည်း တောရိပ်၊ တောင်ရိပ်တို့ကြောင့် အပူချိန်မပြင်းထန်ချေ။

ရွှေဘိုသားကိုဝင်းမြင့်က ချပ်သင်းဘေးမဲ့တောသို့ မကြာခဏရောက်ရှိသူဖြစ်ရာ အဆင်ပြေလေသည်။ အချို့နေရာများတွင် လမ်းဟုပင် ပီပီပြင်ပြင်မရှိသည့်နေရာများစွာ တွေ့မြင်ရသည်။ အောက်ခြေရှင်းသော သစ်ပင်များကိုလည်း မြင်တွေ့ရသလို မိုးထိလွင့်ပျံနေသော အပင်များက နေပြောက်မထိုးအောင် ရှိနေတော့သည်။ ချပ်သင်းဘေးမဲ့တောကို ၁၉၄၁ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အကျယ်အဝန်းမှာ ၁၀၃ ဒသမ ၅၅ စတုရန်းမိုင် ကျယ်ဝန်းသည်ဟု သိရသည်။ ခရီးဝေးသော်လည်း ရှားပါးသမင်မျိုးဖြစ်သော ရွှေသမင်မျိုးတို့က ခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုတစ်ရပ်ဖြစ်ပြီး ခရီးသွားများအတွက် တန်ဖိုးရှိသောမြင်ကွင်းများကို တိုက်ရိုက်မြင်တွေ့လေ့လာနိုင်မည်ဖြစ်သည်။ ကျွန်တော်တို့ ချပ်သင်းဘေးမဲ့တောသို့ရောက်ချိန်တွင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်အချို့ကို မြင်တွေ့ရသည်။ ကင်မရာတချိန်ချိန်နှင့် ဓာတ်ပုံမှတ်တမ်းရိုက်ယူနေသည့် နိုင်ငံခြားသားခရီးသွားများမှာ နံနက်စောစောကပင် ရောက်ရှိလာကြောင်း၊ တောရိုင်းတိရစ္ဆာန်တို့၏ နံနက်ခင်းလှုပ်ရှားမှုများကို မြင်တွေ့လေ့လာလို၍ဖြစ်ကြောင်း သိရသည်။




"ရွှေသမင်တွေရှိတဲ့ နေရာဘက်သွားရအောင်" ဟု ကိုဝင်းမြင့်က ပြောသဖြင့် လိုက်ပါသွားခဲ့သည်။ မြေကြီးလမ်းအတိုင်း လျှောက်လာခဲ့ရာ သစ်ပင်ထိပ်ဖျားပေါ်မှ ကျေးငှက်တို့အသံကိုကြားရသည်။ မော့ကြည့်လိုက်ရာ တစ်ပင်နှင့်တစ်ပင်ပျံသန်းကာ သဘာဝအတိုင်းလွတ်လပ်စွာ နေထိုင်ကြသည့် ငှက်အချို့ကိုတွေ့ရသည်။ ဗျိုင်းနှင့်တူသော်လည်း အမွေးနှင့်အတောင်က အနက်နှင့်အဖြူရောစပ်ထားပြီး နှုတ်သီးကတိုတုတ်သဖြင့် ငှက်အမျိုးစားကိုခွဲခြား၍မရ။ ချပ်သင်းဘေးမဲ့တောအတွင်း ငှက်မျိုးစိတ်ပေါင်း ၁၅၈ မျိုးခန့်ရှိကြောင်း သိရသည်။

လူသံမကြားရသော်လည်း ခပ်လှမ်းလှမ်းသစ်ပင်အုပ်စီမှ လွင့်ပျံလာသော ဥသြသံကိုသဲ့သဲ့ကြားရသည်။ မိုးအကုန်ဆောင်းအကူးကာလမှာပင် ဥသြသံကကြားနေရပြီ။ တိတ်ဆိတ်အေးချမ်းသော ချပ်သင်းတောအတွင်း ဥသြသံကြောင့် အလွမ်းစိတ်ဝင်ချင်သလိုပင်။ အပူပိုင်း သစ်တောများပေါက်ရောက်ရာ နေရာများတွင် ဥသြငှက်တို့ရှိတတ်စမြဲ။

"ဟိုမှာ. . . ဟိုမှာ . . ရွှေသမင်"ဟု လေသံဖြင့် ပြောသော ကိုဝင်းမြင့်အသံကြောင့် အတွေးရပ်သွားသည်။ သူညွှန်ပြရာသို့ကြည့်လိုက်ရာ ဦးချိုကားကားဖြင့် ရွှေသမင်တစ်ကောင်ကို မြင်တွေ့လိုက်ရသည်။ သစ်ပင်များကြားမှ ထိုးဆင်းလာသော နေရောင်အစက်အပြောက်များနှင့်အတူ ပေ ၁၀၀ ခန့်အကွာတွင် မတ်တတ်ရပ်ကာ ဟိုသည်ကြည့်နေသော ရွှေသမင်ကို အံ့သြစွာမြင်တွေ့ရသည်။ ခန္ဓာကိုယ်အမွေးအရောင်က ရွှေရောင်စစ်စစ် မဟုတ်သော်လည်း ကြည့်လိုက်သည်နှင့် ရွှေသမင်မှန်း သိသာနေသည်။ ဦးခေါင်းထက်တွင် ချိုဆိုင်နှစ်ခုက အချိုးအစားကျစွာ တည်ရှိနေပြီး မြင်တွေ့ရသည်မှာ မျက်စိမှမခွာနိုင်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။ သစ်ပင်များကို အကာကွယ်ယူပြီး မြေပြင်၌ ဆောင့်ကြောင့်ထိုင်ကာ ရွှေသမင်၏ လှုပ်ရှားမှုကို အသံမထွက်စေဘဲ အသာအယာ စောင့်ကြည့် လေ့လာနေမိသည်။

ကမ္ဘာတွင် ရှားပါးနေပြီဖြစ်သော ရွှေသမင်မျိုးက မြန်မာနိုင်ငံတစ်ခုတည်း၌သာ အများဆုံးရှိနေသည်။ မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရွှေသမင်များကို ချပ်သင်းဘေးမဲ့တောအတွင်း ထိန်းသိမ်း စောင့်ရှောက်ထားသည်မှာ အလွန်ကောင်းမွန်သော ဆောင်ရွက်မှုပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ များဖြစ်သော ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် အိန္ဒိယတို့တွင် ရွှေသမင်အကောင်ရေ အနည်းငယ်သာရှိတော့သည်။

ချပ်သင်းဘေးမဲ့တော၌ ၁၉၉၅ ခုနှစ်က ရေဒီယို အချက်ပြစနစ်အပြင် အခြားခေတ်မီနည်းစနစ်များဖြင့် လေ့လာမှတ်တမ်းတင်မှုအရ ရွှေသမင်ကောင်ရေ ၃၀၀၀ ကျော်ခန့်ရှိခဲ့သော်လည်း ယခုအခါ အကောင်ရေ ၁၅၀၀ ကျော်သာရှိတော့ကြောင်း သိရသည်။ ဒေသခံများ၏ သတ်ဖြတ်မှု၊ တရားမဝင် အမဲလိုက်မုဆိုးများ၏ လက်ချက်ဖြင့် ရွှေသမင်အကောင်ရေများစွာ လျော့နည်းကျဆင်းခဲ့ရသည်။ လွန်ခဲ့သည့် လေးလခန့်ကပင် ရွှေသမင်တစ်ကောင် ကားတိုက်ခံရပြီး သေဆုံးခဲ့ကြောင်း သတင်းတစ်ပုဒ် ဖတ်ရှုခဲ့ရသည်ကို သတိရမိသည်။

ချပ်သင်းဘေးမဲ့တောဝန်းကျင်တွင် ကျေးရွာပေါင်း ၂၅ ရွာခန့်ရှိနေရာ အချို့ဒေသခံများလက်ချက်ကြောင့် ရွှေသမင်များ ဘေးအန္တရာယ်ကြုံတွေ့နေရမှုကို လျော့နည်းစေရန် အသိပညာပေးဟုသုတဖြန့်ဝေခြင်း၊ ဟောပြောခြင်းတို့ကို ကျေးရွာများအရောက် ဆောင်ရွက်နေသော်လည်း လိုက်နာမှုအားနည်းနေဆဲဖြစ်သည်။ လိုက်နာမှုအားနည်းရသည့် အဓိကအချက်မှာ စားဝတ်နေရေးပင်ဖြစ်ပြီး နေ့စဉ်ဝင်ငွေနည်းပါးမှုပင်ဖြစ်သည်။


ရွှေသမင်နောက်တစ်ကောင် ထပ်ရောက်လာသဖြင့် ရှေ့သို့တိုးကြည့်လိုက်ရာ နှစ်ဦးသားထိခိုက်မိပြီး ယိုင်လဲသွားသည့်အသံကြောင့် ရွှေသမင်များ ရုတ်ခနဲထွက်ပြေးသွားတော့သည်။ လျှပ်တစ်ပြက်အတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည့် ရွှေသမင်များကို ဟိုဟိုသည်သည် လိုက်ရှာကြည့်ရှုသော်လည်း မတွေ့တော့။

*စာမျက်နှာ ၁၇ သို့*

**သစ်ပင်များကြားမှ ထိုးဆင်းလာသော နေရောင်အစက်အပြောက်များနှင့်အတူ ပေ ၁၀၀ ခန့်အကွာတွင် မတ်တတ်ရပ်ကာ ဟိုသည်ကြည့်နေသော ရွှေသမင်ကို အံ့သြစွာမြင်တွေ့ရသည်။ ခန္ဓာကိုယ်အမွေးအရောင်က ရွှေရောင်စစ်စစ် မဟုတ်သော်လည်း ကြည့်လိုက်သည်နှင့် ရွှေသမင်မှန်း သိသာနေသည်။**



စာမျက်နှာ ၁၆ မှ



ကြီးမားသော ဦးချိုများရှိသော်လည်း သမင်များက တောအုပ်အတွင်း လျင်မြန်စွာပြေးလွှားနိုင်အောင် သဘာဝ အသိဉာဏ်က ဖြည့်ဆည်းပေးထားသလားမသိ။ သစ်ပင်ချုံနွယ်များဖြင့် ငြိပြီးသေဆုံးသော သမင်များက ရှားလေသည်။ ရွှေသမင်များမှာ အမြင့် ၁ ဒသမ ၅ မီတာရှိပြီး အချို့သက်တမ်း နှစ် ၂၀ ခန့်ရှည်ကြောင်း သိရသည်။

ကျွန်တော်တို့ ရွှေသမင်ကြည့်သည့်နေရာမှ ပြန်ထွက်ခဲ့သည်။ ချပ်သင်းဘေးမဲ့တောအတွင်း စမ်းချောင်းလည်း စီးဆင်းလျက်ရှိရာ အချို့ခရီးသွားများက လှေငယ်ဖြင့် တောအတွင်း လိုက်လံကြည့်ရှုလေ့လာကြသည်။ တဖြည်းဖြည်း လျှောက်လာခဲ့ရာ အောက်ခြေရှင်းပြီး မြင့်မားစွာပေါက်ရောက်နေသော သစ်ပင်အချို့တွေ့မြင်ရသလို မြေပြင်၌ ဆေးဖက်ဝင်အပင်များစွာ ရှင်သန်နေသည်ကိုလည်း တွေ့ရသည်။ ချပ်သင်းဘေးမဲ့တောအတွင်း ဆေးဖက်ဝင် အပင်မျိုးစိတ်ပေါင်း ၇၀ ကျော်ရှိပြီး အချို့ ဂမုန်းမျိုးစိတ်ဝင်အပင်များကိုလည်း မြင်တွေ့ရသည်။

> ချပ်သင်းဘေးမဲ့တော၌ ၁၉၉၅ ခုနှစ်က ရေဒီယိုအချက်ပြစနစ်အပြင် အခြား ခေတ်မီ နည်းစနစ်များဖြင့် လေ့လာမှတ်တမ်းတင်မှု အရ ရွှေသမင်ကောင်ရေ ၃၀၀၀ ကျော် ခန့်ရှိခဲ့သော်လည်း ယခုအခါ အကောင်ရေ ၁၅၀၀ ကျော်သာရှိတော့ကြောင်း သိရသည်။



အပင်များကို စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ်မှာပင် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်ပေါ်သို့ ဖျတ်ခနဲ ပြေးတက်သွားသော တောကောင်ငယ်တစ်ကောင်ကို ရိပ်ခနဲတွေ့လိုက်ရသဖြင့် ရှာဖွေကြည့်လိုက်ရာ တောကြောင် တစ်ကောင်ဖြစ်နေသည်။ သစ်ကိုင်းတစ်ကိုင်းမှတစ်ကိုင်းသို့ လျင်မြန်သွက်လက်စွာ ခုန်ကူးသွားသည်မှာ စက္ကန့် ပိုင်းအတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ချပ်သင်းတောအတွင်း ကျားသစ်၊ တောဝက်၊ မြေခွေး၊ တောခွေး စသည့် မျိုးစိတ်များ၊ ကုန်းရေနှစ်မျိုးနေသတ္တဝါမျိုးစိတ်များစွာ နေထိုင်ကျက်စားကြောင်း သိရသည်။ တိရစ္ဆာန် မျိုးစိတ်များကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်နေပြီး သစ်ခွပန်းများ၊ အပင်မျိုးစိတ်များစွာအပြင် ငှက်မျိုးစိတ် များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိရာ ဒေသခံများ ဝိုင်းဝန်းပူးပေါင်းမှသာ ရရှိမည်ဖြစ်သည်။

နေက တဖြည်းဖြည်းမြင့်လာသည်။ ရွှေဘိုမှ မန္တလေးအထိ ပြန်ရမည့်အချိန်ကိုတွက်ပြီး ချပ်သင်းဘေးမဲ့ တောအတွင်းမှ ပြန်ထွက်လာခဲ့သည်။ ကမ္ဘာပေါ်တွင် ရှားပါးနေပြီဖြစ်သော ရွှေသမင်များရှိရာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ ဝမ်းသာစရာကောင်းနေသည်။ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်မှာလည်း ဒေသခံများအပါအဝင် အားလုံး၌ အသိရှိရမည်ဖြစ်သည်။ ရွှေသမင်တို့ ကျက်စားရာ ချပ်သင်းဘေးမဲ့တောက တဖြည်းဖြည်းဝေး၍ ကျန်ခဲ့ပြီ။ ။

# ကမ္ဘာ့အမွေအနှစ်သမိုင်းဝင်

# ဗစ်တိုးရီးယားရေတံခွန်

စုရည်မွန်

**ဗစ်တိုးရီးယားရေတံခွန်သည် ဇမ်ဘီယာနှင့် ဇင်ဘာဘွေ နယ်စပ်၌တည်ရှိပြီး ယင်း၏ထုထည်ကြီးမားသော ရေစီးဆင်းမှုကို ဒေသခေါ် Mosi-oa-Tunya သို့မဟုတ် မြည်ဟိန်းနေသော မီးခိုးဟုတင်စားခေါ်ဝေါ်ကြသည်။ ဇမ်ဘဇီမြစ်မှစီးဆင်းသော ဗစ်တိုးရီးယား ရေတံခွန်သည် ကမ္ဘာပေါ်ရှိ သဘာဝအံ့ဖွယ်ခုနစ်ပါးတွင် တစ်ခုအဖြစ် ယူဆပြီး ၁၉၈၉ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်အဖြစ် တရားဝင်ကြေညာခဲ့ပြီးဖြစ်သည်။**

ယင်းရေတံခွန်သည် ကမ္ဘာပေါ်ရှိ စီးဆင်းနေသော ရေအားလုံး၏ တစ်ခုတည်းသော အကြီးဆုံးရေစီးကြောင်း ပိုင်ဆိုင်မှုနှင့်အတူ ပြိုင်ဘက်ကင်းသည့် ဖွဲ့စည်းတည်ဆောက်မှုကိုလည်း ပိုင်ဆိုင်ထားသည်။ သို့သော်လည်း ယင်းရေတံခွန်သည် ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံးနှင့် အရှည်လျားဆုံး ရေတံခွန်တစ်ခုတော့မဟုတ်ပါ။

အဆိုပါ ဒေသထင်ရှားလာရခြင်းမှာ နက်နဲသော တောင်ကြားများနှင့် တောင်တန်းများမရှိဘဲ ညီညာပြန့်ပြူးသော ကုန်းပြင်မြင့်တစ်ခုဖြင့် ဖွဲ့စည်းထားသောကြောင့်ဖြစ်သည်။ ယင်းရေတံခွန်၏အမည်ကို စကော့တလန်လူမျိုး စူးစမ်းလေ့လာသူနှင့် သာသနာပြုတစ်ဦးဖြစ်သူ ဒေါက်တာဒေးဗစ်လီဗင်စတန်တို့က ပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှာ ဗစ်တိုးရီးယားဘုရင်မကြီး၏ လက်ထက်ဖြစ်သောကြောင့် ယင်းရေတံခွန်ကို ဗစ်တိုးရီးယားဘုရင်မ၏ အမည်ဖြင့်ပေးခဲ့ခြင်းဖြစ်သည်။ ရေတံခွန်ကို အပေါ်စီးမှကြည့်ပြီး ဥရောပသားများအနေဖြင့် လေယာဉ်စီးချိန်တွင် အံ့ဖွယ်မြင်ကွင်းကို မြင်ကောင်းမြင်နိုင်သော်လည်း ယခုကဲ့သို့ မြင်ကွင်းမျိုးကို တစ်ခါမျှ မမြင်ဖူးကြောင်း ဒေါက်တာဒေးဗစ်လီဗင်စတန်က ကြေညာခဲ့သည်။

Mosi-oa-Tunya ခေါ် မြည်ဟိန်းနေသော မီးခိုး ဟုခေါ်ရခြင်းမှာ ရေတံခွန်မှ ကျဆင်းလာသော အသံနှင့် ကျလာသောရေမှ ဖြာထွက်လာသော အမှုန်အမွှားလေးများကြောင့်ဖြစ်သည်။ ယင်းဒေသ အမည်မှာ ယနေ့တိုင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ ဇမ်ဘီယာအနီးရှိ အမျိုးသားဥယျာဉ်ကိုလည်း Mosi-oa-Tunya ဟုခေါ်ဆိုပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ယင်းအမည်ကို တရားဝင်အသိအမှတ်ပြုလျက်ရှိသည်။

ဇမ်ဘီယာနိုင်ငံသည် ၁၉၆၄ ခုနှစ်တွင် ဗြိတိန်မှခွဲထွက်ခဲ့ပြီး လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သော်လည်း ဒေသခံပြည်သူများနှင့် ဒေါက်တာဒေးဗစ်လီဗင်စတန်တို့၏ ဆက်နွှယ်မှုမှာ ယခင်ကကဲ့သို့ပင် ကောင်းမွန်လျက်ရှိသည်။ ယင်းသို့ခွဲထွက်ပြီးနောက် အင်္ဂလိပ်အမည်ဖြင့် ပေးထားသော အဆောက်အအုံများ၊ မြို့ကြီးများ၊ လမ်းများ၏ အမည်များကို ဖယ်ရှားပြီး အာဖရိကအမည်များဖြင့် ပြန်လည်အမည်ပေးခဲ့သော်လည်း ဒေါက်တာဒေးဗစ်လီဗင်စတန်နှင့် ဆက်နွှယ်နေသည့် လီဗင်စတန်မြို့နှင့် တရားဝင် အမည်ဖြစ်သော ဗိတိုရိယရေတံခွန်တို့သာ ပြန်လည်အမည်ပေးခြင်းမရှိသည့် ခြွင်းချက်တစ်ခု ဖြစ်လာခဲ့သည်။

ရေတံခွန်အနီးရှိ ပတ်ဝန်းကျင်တွင် စိုစွတ်သောရာသီနှင့် ခြောက်သွေ့သော ရာသီဟု နှစ်မျိုးရှိပြီး စိုစွတ်သော (သို့) မိုးရာသီသည် နိုဝင်ဘာလကုန်မှ ဧပြီလဆန်းထိဖြစ်ပြီး ခြောက်သွေ့သောရာသီမှာ မတ်လနှောင်းပိုင်းမှ နိုဝင်ဘာလလယ်အထိဖြစ်သည်။ စိမ်းလန်းစိုပြည်သော မိုးရာသီမှာ သွားရောက်လည်ပတ်ရန် ကောင်းမွန်ပြီး မြူခိုးများနှင့် ရေမှုန်ရေမွှားများဖြင့် လေထုထဲတွင် ပိန်းပိတ်နေပြီး ရေတံခွန်ကို ကောင်းစွာမမြင်နိုင်ဘဲမှုန်ဝါးနေတတ်သည်။ ခြောက်သွေ့သောရာသီဖြစ်သည့် ဩဂုတ်လနှင့် အောက်တိုဘာလတွင် သွားရောက်လည်ပတ်ပါက ရေထက်ကျောက်ဆောင်များကိုသာ မြင်တွေ့နိုင်မည်ဖြစ်သည်။ အများစုအတွက် လည်ပတ်ရန် အကောင်းဆုံးအချိန်မှာ ဇွန်လနှင့် ဇူလိုင်လတို့ဖြစ်ပြီး ရေတံခွန်မှာ သာယာပြီး ကောင်းစွာမြင်တွေ့နိုင်သည်။

ယင်းရေတံခွန်ကို ကောင်းစွာမြင်နိုင်သော နည်းလမ်းနှစ်ခုအနက် ပထမနည်းလမ်းမှာ ရေတံခွန်တစ်လျှောက် ပြေးဆွဲနေသည့် ရထားများထဲမှ ရေတံခွန်နှင့် အနီးဆုံး ပေ ၂၀၀ ခန့်အထိ ရောက်အောင်ပို့ဆောင်ပေးနိုင်သော ရထားတစ်စင်းရရှိရန်ဖြစ်သည်။ ရေစီးငြိမ်ပြီး ရေကျသော ခြောက်သွေ့ရာသီတွင် ရေတံခွန်တစ်လျှောက် ကိုယ်တိုင်လမ်းလျှောက်လည်ပတ်ခြင်းသည် မယုံကြည်နိုင်လောက်အောင် အတွေ့အကြုံသစ်တစ်ခုကို ရရှိစေနိုင်ပြီး အမြင့်ကြောက်သူများ သတိထားရှောင်ရှားရမည်။ နောက်တစ်နည်းမှာ ရဟတ်ယာဉ်ဖြင့် လည်ပတ်နိုင်သော လေကြောင်းခရီးဖြစ်သည်။ ဇင်ဘာဘွေသို့ လာရောက်လည်ပတ်သူအများစုမှာ ယင်းရေတံခွန် ကြည့်ရှုရန်ဖြစ်ပြီး နှစ်စဉ် ရေတံခွန်ကြည့်ရှုရန် လာရောက်သူ တစ်သန်းခန့်ရှိသည်။

> **မြည်ဟိန်းနေသော မီးခိုး ဟု ခေါ်ရခြင်းမှာ ရေတံခွန်မှ ကျဆင်းလာသော အသံနှင့် ကျလာသောရေမှ ဖြာထွက် လာသော အမှုန်အမွှားလေး များကြောင့်ဖြစ်သည်. . .**



ယ နေ့ တ က္က သို လ် န ယ် မြေ တ စ် ခွ င်

သတင်းဆောင်းပါး-မြတ်မွန်ထွေး(မြန်မာ့အလင်း) ဓာတ်ပုံ-ချမ်းမြတ်သော်ဇင်

# ဆရာများ၏ စေတနာအပြည့်ထား သင်ကြားမှုတွေနဲ့ နိုင်ငံ့ဦးဆောင်စီးပွားရေးပညာရှင်လောင်းများ မွေးထုတ်ပေးမည့် မုံရွာစီးပွားရေးတက္ကသိုလ်



*အနောက်မြောက်တိုင်းမြို့တော် မုံရွာကနေ မြို့ပြင်ကျောက်ကာလမ်းအတိုင်း အရှေ့မြောက်ဘက်ကို ဆက်သွားခဲ့ရင် တက္ကသိုလ်များရဲ့ ဝိသေသတစ်ခုဖြစ်တဲ့ လွမ်းမောဖွယ် တမာတန်းနဲ့ ဖြောင့်ဖြူးနေတဲ့ ကတ္တရာလမ်းမကြီးတစ်ခုရှိပါတယ်။ ကတ္တရာလမ်းမကြီးရဲ့တစ်ဖက်မှာ တက်ကြွသောလူငယ်များရဲ့ အနာဂတ်ကို မြင့်တင်ပေးဖို့ အသင့်ရှိနေတဲ့ မုံရွာစီးပွားရေးတက္ကသိုလ်ကြီးက စောင့်ကြိုနေပါတယ်။ များပြားလှတဲ့ အနာဂတ်လူငယ်တွေဟာ ဂုဏ်ယူဝံ့ကြွားစွာနဲ့ တက္ကသိုလ်ကြီးရဲ့ ဝင်ပေါက်ဆိုင်းဘုတ်အောက်မှာ အချင်းချင်း မှတ်တမ်းဓာတ်ပုံတွေ အပြိုင်ရိုက်နေကြသည်ကို မြင်တွေ့ရတော့ ကိုယ်တိုင်ပင် လူငယ်ဘဝကို ရောက်သွားသလို ခံစားရပါတယ်။*

မြန်မာနိုင်ငံမှာ သုံးခုသာရှိသေးတဲ့ စီးပွားရေးတက္ကသိုလ်တွေမှာ မုံရွာ စီးပွားရေးတက္ကသိုလ်ကြီးကလည်း တစ်ခုအပါအဝင်ဖြစ်တာမို့ ကျောင်းသား ကျောင်းသူများ ဂုဏ်ယူမည်ဆိုလည်း ယူလောက်စရာ ပင်ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အထိ အမိမုံရွာစီးပွားရေးတက္ကသိုလ်ကြီးကနေ ပညာရည်နို့သောက်စို့ပြီး အတောင်အလက်စုံလို့ ပျံသန်းဖို့ အားယူထွက်ခွာသွားကြတဲ့ ကျောင်းသားကျောင်းသူဦးရေဟာ ရိုးရိုးဘွဲ့ရ၊ ဂုဏ်ထူးတန်းနဲ့ အထူးအောင်ဘွဲ့ရ၊ မဟာဘွဲ့ရစုစုပေါင်း ၉၀၁၆ ဦးရှိပြီးလို့ သိရပါတယ်။ အခုဆိုရင် လူငယ်လူရွယ်တွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးရောင်ခြည်ဦးကို ပုံဖော်ထုဆစ်ဖို့အတွက် ကျရာတာဝန်ကို ထမ်းဆောင်ရင်း ကိုယ်ကျင်လည်ရာ နယ်ပယ်အသီးသီးမှာ ကြိုးစားလုပ်ကိုင်နေကြပြီလို့ သိရပါတယ်။

"မုံရွာစီးပွားရေးတက္ကသိုလ်ကို ၁၉၉၀ပြည့်နှစ်ကနေ စတင်ဖွင့်လှစ် ပညာသင်ကြားပေးခဲ့ရာမှာ ယခု ၂၀၁၅ ခုနှစ်အထိစစ်ကိုင်း၊ မကွေး၊ ချင်း၊ ကချင်၊ ရှမ်း(မြောက်) စတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ငါးခုက ကျောင်းသား ကျောင်းသူတွေကို လက်ခံပြီး စီးပွားရေးဆိုင်ရာ ပညာရပ်တွေအနေနဲ့ ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေး စီမံခန့်ခွဲမှုပညာ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းကိုင်ပညာဆိုပြီး ဘာသာရပ်ခွဲငါးခုခွဲပြီး သင်ကြားပေးနေတာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းမှာ အမှတ် ၃၅၀ နဲ့ အထက်ရပြီး တစ်ဘာသာချင်း ၅၀နဲ့ အထက်ရတဲ့သူတွေကို တက်ရောက်ဖို့ ရွေးချယ်ပါတယ်။ လာမယ့်ပညာသင်နှစ်ကစပြီး တိုင်းဒေသကြီး/ပြည်နယ် ငါးခုကသာမကဘဲ တစ်နိုင်ငံလုံးက တိုင်းဒေသကြီး ဘယ်ပြည်နယ်ကမဆို လာရောက်လျှောက်ထားခွင့်ပြုထားပါပြီ။ ခု ၂၀၁၅ ခုနှစ်အထိ ကျောင်းတော်ကြီးကနေ စီးပွားရေးဆိုင်ရာ ပညာရပ်တွေနဲ့ ဘွဲ့ရကျောင်းသူကျောင်းသား ၉၀၀၀ ကျော်ကိုမွေးထုတ်ပေးနိုင်ခဲ့ပါပြီ"ဟု မုံရွာစီးပွားရေး တက္ကသိုလ်မှဌာနမှူး (သင်တန်းရေးရာ) ဒေါ်စုစုထွန်းက ပြောပါတယ်။

"ကျောင်းတွင်းအဆောင်များမှာပဲနေချင်ပါတယ်ဆိုတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကျောင်းတွင်းဆောင်များမှာလက်ခံပေးထားပါတယ်။ ပြီးခဲ့တဲ့နှစ်က ကျောင်းသားများအတွက်တစ်ဆောင်၊ ကျောင်းသူများအတွက်တစ်ဆောင်ထားရှိပေးခဲ့တာမှာ လာမယ့်နှစ်မှာတော့လူဦးရေ ၁၆၀ ဆံ့မယ့်အဆောင်သစ်နှစ်ခုဆောက်လုပ်ပြီးစီးသွားပြီဖြစ်လို့ ပိုမိုထားပေးနိုင်တော့မှာဖြစ်ပါတယ်။ ၂၀၁၄ တက္ကသိုလ်ဝင်ကျောင်းပြီးတွေကို ဦးရေ ၇၀၂ဦး ခေါ်ခဲ့ရာ က ၂၀၁၅ ခုနှစ်အောင်တွေအတွက်လူဦးရေ ၁၀၀၀ ထိ တိုးမြှင့်လက်ခံသွားဖို့ ရှိပါတယ်" လို့ ဆရာမ ဒေါ်စုစုထွန်းက ကျောင်းသားလက်ခံမှု၊ နေရာထိုင်ခင်းပေးနိုင်မှုနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းပြပါတယ်။

"စီးပွားရေး တက္ကသိုလ်ကနေသင်ယူရတာတွေကတော့ ပညာစုံပါတယ်။ အနီးပတ်ဝန်းကျင်က ကျေးရွာတွေမှာရှိတဲ့လူနေမှုစနစ်၊ စိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှု၊ လူမှုရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေးစတဲ့ လုပ်ရှားမှုတွေကို ဘောဂဗေဒပညာရပ်တွေနဲ့ ဆက်နွှယ် ပတ်သက်နေတာတွေကို အဖြေရှာရပါတယ်။ ကျောင်းစတက်ပြီဆိုကတည်းက တစ်နှစ်စာလုပ်ဆောင်ရမယ့် တာဝန်၊ လှုပ်ရှားမှုတွေကို Calender ဆွဲပေးထားပါတယ်။ လအလိုက်အားကစားက အစ ပရဟိတအဆုံး ကျောင်းတွင်း လှုပ်ရှားမှုတွေရှိတာဖြစ်လို့ ကျောင်းသား ကျောင်းသူတွေပိုပြီးတော့ စည်းလုံးညီညွတ်မှုကို ဖြစ်စေပါတယ်။ ပြီးတော့ ဒီနှစ်ထဲမှာဆို ဝမ်းသာစရာသတင်းကောင်းတစ်ခုက ဂျပန်က Mizuho Bank Ltd. နဲ့ MOA လက်မှတ်ရေးထိုးထားပြီးတော့ ကျောင်းသား ကျောင်းသူ ၂၅ ဦးကို ပညာသင်ဆုတွေပေးပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လကုန်က ဘွဲ့ရတော့မယ့် ကျောင်းသားတွေအတွက် Job Fair အနေနဲ့ ဘွဲ့ရတော့မယ့် ကျောင်းသား ကျောင်းသူများ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက် ရန်ကုန်က ကုမ္ပဏီ ၁၀ ခု၊ မန္တလေးက ကုမ္ပဏီ တစ်ခု၊ မုံရွာကကုမ္ပဏီတစ်ခုတို့ လာရောက်ပြီးတော့ ကျောင်းသားတွေနဲ့တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားခဲ့ပါသေးတယ်။ အလွန်ကောင်းတဲ့ အစီအစဉ်တစ်ခုပါ။ ကျောင်းပြီး အလုပ်လိုက်ရှာရင်းနဲ့ အချိန်ကုန်စရာမလိုတော့ဘူး" ဟု ဘောဂဗေဒဘာသာရပ်ဖြင့် နောက်ဆုံးနှစ်တက်ရောက်နေသူ ကျောင်းသူတစ်ဦးက ကျောင်းပြီးပြီးချင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖမ်းဆုပ်ယူနိုင်မယ့် စီးပွားရေးကျောင်းဆင်းများ ကိုယ်စား ဂုဏ်ယူပြီး ပြောပြပါတယ်။



**ဘွဲ့လွန်သင်တန်းသားများအထည်ချုပ်စက်ရုံ၌ လေ့လာစဉ်။**

မုံရွာစီးပွားရေးတက္ကသိုလ်ဟာ ဆရာမ ဒေါ်စုစုထွန်း ပြောခဲ့တဲ့ ဘွဲ့ရ ၉၀၀၀ ကျော် မွေးထုတ်ပေးနိုင်တယ်ဆိုတဲ့ အထဲမှာ ဘွဲ့လွန်လာတက်ပြီး အမ်ဘီအေ၊ အမ်ပီအေ မဟာဘွဲ့တွေရသွားတဲ့ ကျောင်းသား ကျောင်းသူဦးဦး၊ အန်တီများလည်း အပါအဝင်ဖြစ်ပါတယ်။ အဲ့ဒီကျောင်းသား ဦးဦးများစွာထဲကနေ မုံရွာဆရာအတတ်သင် လေ့ကျင့်ရေးကျောင်းအုပ်လည်းဖြစ်၊ မုံရွာစီးပွားရေး တက္ကသိုလ်မှာ လက်ရှိ တက်ရောက်နေတဲ့ အမ်ပီအေ ကျောင်းသားလည်းဖြစ်နေတဲ့ ဦးဦးကျောင်းသားတစ်ဦးကို တက္ကသိုလ်ကြီးနဲ့ပတ်သက်တဲ့ တစ်ကျော့ပြန်တွေ့ဆုံမှုတွေ အကြောင်းကို မေးမြန်းဖြစ်ခဲ့ပါတယ်။

"ကျွန်တော်ကသင်္ချာမေဂျာအဓိကနဲ့ ၁၉၈၃ခုနှစ်က ကျောင်းပြီးထားတာပါ။ အမ်ပီအေကို မိမိအရည်အချင်းကို မြှင့်တင်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့တက်ဖြစ်ခဲ့တာပါ။ ငယ်ငယ်တုန်းကဖြစ်ချင်ခဲ့တဲ့ တက္ကသိုလ် ကျောင်းသားဘဝ ခံစားချက်နဲ့ လူကြီးဘဝရောက်လာမှဖြစ်လာတဲ့ တက္ကသိုလ်ကျောင်းသားဘဝခံစားချက်ကတော့တော်တော်ကွာခြားသွားပါပြီ။ ငယ်ငယ်တုန်းကတော့ အပူအပင်မရှိ တက္ကသိုလ်ကျောင်းသားဘဝက တော်တော်ပျော်စရာ ကောင်းခဲ့ပါတယ်။ သက်တူရွယ်တူ သူငယ်ချင်းတွေ ဘယ်သူ ဘယ်ဘဝလမ်းလျှောက်ရမယ် ကြိုမသိခဲ့ကြပါဘူး။ သူငယ်ချင်းတွေ အများကြီး ကျောင်းအတူတူတက်ကြ၊ အားကစားပွဲတွေအတူတူ ပါဝင်ကြနဲ့ အဲ့ဒီတုန်းကဘဝကို ပြန်တွေးမိရင်တော်တော်ကို ပြန်လွမ်းမိတာပါ။ ကိုယ့်မေဂျာ အင်္ကျီလေးဝတ်ပြီး မေဂျာ စိတ်ပြင်းပြင်းထန်ထန်နဲ့ အားကစားမှာ အားကြိုးမာန်တက် ပါဝင်ခဲ့ကြပေမယ့် ကျောင်းစာမှာလည်း မညံ့ခဲ့ကြပါဘူး။ အဲ့ဒီတုန်းကတော့ ငါတက္ကသိုလ် ကျောင်းသားကွဆိုပြီးတော့ မိုးကိုတောင် ဒူးနဲ့တိုက်မယ်ဆိုတဲ့ ယုံကြည်ချက်အပြည့်နဲ့ ကျောင်းသားလေးဖြစ်ခဲ့တာပေါ့" လို့ မုံရွာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးခင်မောင်အေးက သူ့ရဲ့ တက္ကသိုလ်ကျောင်းသားငယ်ဘဝကို ချက်ချင်းပြန်ရောက်သွားသလို အားမာန်ပါပါ ပြောပြနေပါတယ်။ တက္ကသိုလ်ဆိုတဲ့ ကျောင်းတော်ကြီးကို ရောက်လာတဲ့ ကျောင်းသားကျောင်းသူတိုင်းရဲ့ ခံစားချက်တွေကို ဆရာကြီးရဲ့ စကားသံတွေကနေ ထင်ဟပ်ပုံဖော်လို့ ရနေပါတယ်။ တက္ကသိုလ်ရောက်ကျောင်းသူ ကျောင်းသားတွေရဲ့ထုံးစံအတိုင်း မိဘရင်ခွင်အသိုက်အမြုံထဲကနေ လူမှုဘဝပတ်ဝန်းကျင်သစ် အသိုင်းအဝိုင်းကြားမှာ ရင်ခုန်စိတ်လှုပ်ရှားစွာ ဖြတ်သန်းပြီး ဘဝအတွေ့အကြုံတွေကို အမိအရဖမ်းဆုပ်ရယူနေကြတဲ့ အချိန်တွေပါ။




ဆရာကြီးတက်ရောက်လျက်ရှိနေတဲ့ အမ်ပီအေနှင့် အမ်ဘီအေတန်းဟာမည်သည့် ကျောင်း ကဘွဲ့ရမဆို ဝင်ခွင့်လျှောက်ထားဖြေဆိုပြီး တက်ရောက်ခွင့်ရှိတဲ့ စီးပွားရေးတက္ကသိုလ်ကျောင်းတော်ကြီး တစ်ခုတည်းကသာ လက်ခံသင်ကြားပေးနိုင်တဲ့ အတန်းများဖြစ်ပြီးတော့ မုံရွာ စီးပွားရေးတက္ကသိုလ်အနေဖြင့် ၂၀၀၀ ပြည့်နှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့တာ လက်ရှိအချိန်အထိ အမ်ဘီအေ၊ အမ်ပီအေဘွဲ့ရ ၅၇၂ ဦးထိ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။

"ယခုလက်ရှိ ကျွန်တော်တို့အတန်းမှာတက်ရောက်နေသူ ၄၅ ဦးရှိပါတယ်။ တစ်ပတ်မှာသုံးရက်တက်ရပါတယ်။ သင်တန်းသားအားလုံးလိုလိုအလုပ်ခွင်ကနေတက်ရောက်ကြတာဖြစ်တယ်။ ပြီးတော့ကျောင်းမှာ ကျောင်းသားအဖြစ်နဲ့ပြန်ဆုံကြတော့ ကျောင်းပြင်ပဆက်ဆံရေးမှာ အလွန်အဆင်ပြေကြပါတယ်။ တစ်ဦးနဲ့တစ်ဦးအပြန်အလှန်ကူညီမှုတွေရကြတယ်။ သင်ခန်းစာတွေထဲမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုဆက်ဆံရေးစတဲ့ကဏ္ဍစုံသင်ယူရပါတယ်။ သင်ကြားမှုအသီးသီးမှာ အုပ်စုဖွဲ့ဆွေးနွေးကြ၊ အလုပ်လုပ်ကြရတာတွေလည်းရှိတယ်ဆိုတော့ ကိုယ့်ရဲ့ကျောင်းပြင်ပလူမှုရေး အသီးသီးတွေကို မေ့သွားကြပြီး အားလုံးကကျောင်းသားတွေ တစ်ဖန်ပြန်ဖြစ်သွားကြပါတယ်။ ကျောင်းစည်းကမ်းအရ ယူနီဖောင်းလည်း ဝတ်ရတယ်။ ကျောင်းသားတစ်ဦးလိုက်နာရမယ့် စည်းကမ်းတွေ အကုန်လိုက်နာပြီး ငယ်ငယ်ကကျောင်းသားအဖြစ် ပြန်လည်အသက်သွင်းလိုက်သလိုပါပဲ။ နောက်တစ်ခုက presentation တွေလည်းလုပ်တဲ့အခါမှာ လက်ရှိ ကိုယ်ဖြတ်သန်းနေရတဲ့ လုပ်ငန်းအတွေ့အကြုံတွေကို ဖလှယ်ဆွေးနွေးခွင့်ရတာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူစရာလည်း ဖြစ်ရပါတယ်"ဟု ၎င်း၏ တက္ကသိုလ်ကျောင်းသားအတွေ့အကြုံကို ဆက်လက်ပြောပြပါတယ်။

ဦးခင်မောင်အေးတို့တက်ရောက်နေတဲ့ အမ်ပီအေအတန်းဟာ နှစ် နှစ်ကြာတက်ရောက်ရမယ့် မဟာဘွဲ့သင်တန်းဖြစ်ပါတယ်။ အလွှာစုံနယ်ပယ်စုံ အလုပ်ခွင်ရောက်လူလတ်များအလုပ်တစ်ဖက်နဲ့တက်ရောက်ကြတာဖြစ်ကြပြီး သင်တန်းမှာ ဆရာဝန်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရဌာနများက အရာရှိတွေစသဖြင့် အတူပါဝင်တက်ရောက်နေကြတယ်လို့လည်း သိရပါတယ်။

မည်သို့ပင်ဖြစ်ပါစေ တက္ကသိုလ်ဝင်တန်းအောင်ခါစ ဆယ်ကျော်သက်အရွယ်ကျောင်းသား ကျောင်းသူလေးတွေကိုပဲဖြစ်ဖြစ်၊ ဆရာကြီး ဦးခင်မောင်အေးတို့လို အလုပ်ခွင်ရောက် တစ်ကျော့ပြန်ကျောင်းသားကြီးတွေကိုပဲ ဖြစ်ဖြစ် တက္ကသိုလ်ဆိုတဲ့ပညာရည်နို့တိုက်ကျွေးရာ မုံရွာစီးပွားရေးတက္ကသိုလ်ကြီးကတော့ကြီးကြီးငယ်ငယ် ကျားသား ရင်သားမခွဲခြားဘဲကျောင်းသားဆိုတဲ့ အားသစ်မာန်သစ်တွေကို အသက်သွင်းပေးပြီးတော့ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့ လက်တွေ့ဘဝ၊ စာတွေ့ဘဝတွေကို သင်ကြားပေးနေမှာဖြစ်တဲ့အပြင် တက္ကသိုလ်ဖြတ်သန်းရတဲ့ ကျောင်းသားဘဝရင်ခုန်ကြည်နူးဖွယ်၊ ပျော်ရွှင်လိုက်မောဖွယ်၊ လွမ်းဆွတ်တမ်းတဖွယ်ရာရသပေါင်းစုံကိုလည်း ပေးနိုင်မှာဖြစ်တာကိုတော့ ယုံမှားဖွယ်မရှိပါဘူး။


မြန်မာနိုင်ငံရဲ့ အထက်ပိုင်းဒေသဇာတိချက်မြုပ်ဖြစ်တဲ့မုံရွာစီးပွားရေးတက္ကသိုလ်ကြီးကတော့ တစ်နှစ်ပြီးတစ်နှစ် အဟောင်းထွက်၊ အသစ်ဝင်ကျောင်းတော်သူကျောင်းတော်သားများကိုကျားသားရင်သားမခွဲခြားဘဲ မိမိခြေအစုံပေါ်မှာရပ်တည်ကာရှေ့ဆက်ရမယ့် လူမှုဘဝတစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် မမောနိုင်မပန်းနိုင်နဲ့ စေတနာအပြည့်ဖြင့် သွန်သင်ပဲ့ပြင်ကာပညာသင်ပေးနေလျက်ရှိတာကိုလေးစားစွာဖြင့် ဂုဏ်ယူရေးသားလိုက်ရပါတယ်။

**မုံရွာစီးပွားရေးတက္ကသိုလ်ကို ၁၉၉၀ ပြည့်နှစ်ကနေ စတင်ဖွင့်လှစ်ပညာသင်ကြားပေးခဲ့ရာမှာ ယခု ၂၀၁၅ ခုနှစ်အထိ စစ်ကိုင်း၊ မကွေး၊ ချင်း၊ ကချင်၊ ရှမ်း(မြောက်) စတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ငါးခုက ကျောင်းသား ကျောင်းသူတွေကို လက်ခံပြီး စီးပွားရေးဆိုင်ရာ ပညာရပ်တွေအနေနဲ့ ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးစီမံခန့်ခွဲမှုပညာ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းကိုင်ပညာဆိုပြီး ဘာသာရပ်ခွဲငါးခုခွဲပြီး သင်ကြားပေးနေ ......**

**ပြည်နယ်တွင်းသာမက နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများကို ဆွဲဆောင်မှုရှိသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့၏ နှစ်စဉ်ရိုးရာမီးပုံးပျံပွဲတော်ကြီး နီးလာပြီဖြစ်သည်။ ပြိုင်ပွဲကြီးနီးလာသည့်အလျောက် ပြိုင်ပွဲဝင်များ၏ ခေတ်စနစ်နှင့်အညီ ဆန်းသစ်တီထွင်ကြံဆလာမှုသည် ပြိုင်ပွဲဝင်များကြား တစ်နှစ်ထက်တစ်နှစ် ပြင်းထန်မှုများရှိလာကြသလို ပြိုင်ပွဲဝင်များလည်း ပိုမိုများပြားလာကြသည်။**

# တိုးတက်လာသောခေတ်နှင့်အညီ ခေတ်မီမီဆန်းသစ်တီထွင်လာကြသည့်

## ရှမ်းပြည်နယ်၏ရိုးရာမီးပုံးပျံပြိုင်ပွဲကြီး



ယခုနှစ်တွင် ပြိုင်ပွဲဝင်မည့် ရသ၏ ညမီးကြီး မှိုင်းဖြူခံနေစဉ်။

■ **သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

"ကျွန်တော်တို့ ဒီနှစ်မီးပုံးပျံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တွေကို အခုအောက်တိုဘာ ၅ ရက် ကတည်းက လျှောက်လွှာတွေ ခေါ်ခဲ့တယ်။ အခု အောက်တိုဘာ၂၅ ရက်ဆို ဖောင်ပိတ်ပါပြီ။ အရင်နှစ်တွေကနဲ့စာရင် ပြိုင်ပွဲဝင်တွေ ပိုများမယ့် သဘောရှိပါတယ်" ဟု တောင်ကြီးတန်ဆောင်တိုင်ပွဲ မီးပုံးပျံကျင်းပရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို ၁၉၅၁ ခုနှစ်က စတင်ခဲ့ပြီး ယခုနှစ်ဆိုလျှင် ၆၄ ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးထည့်သွင်းထားပြီး အမျိုးအစားများမှာ ညမီးကြီး၊ စိန်နပန်၊ ခြေနှစ် ချောင်း၊ ခြေလေးချောင်းနှင့် အုပ်စုသုံးကောင်တွဲလွှတ် ပြိုင်ပွဲများဖြစ်သည်။ ယခင်ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ညမီးကြီး ၈၅ လုံး၊ စိန်နပန် ၃၅ လုံးအပါအဝင် ညလွှတ်ပြိုင်ပွဲဝင် မီးပုံးပျံအလုံးပေါင်း ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နေ့လွှတ်ပြိုင်ပွဲတွင် ခြေနှစ်ချောင်း ၁၀၀ ကျော်၊ ခြေလေးချောင်း ၈၀ ကျော်နှင့် အုပ်စုဖွဲ့တွင် ပြိုင်ပွဲဝင်မီးပုံးပျံအလုံးပေါင်း ၄၈ လုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

"ဒီနှစ်မီးပုံးပျံပွဲမှာ အခုချိန်ထိကတော့ ညမီးကြီး ၇၉ လုံး၊ စိန်နပန် ၃၃ လုံး၊ နေ့လွှတ်မှာဆိုရင် ခြေနှစ်ချောင်း ၉၂ လုံး၊ ခြေလေးချောင်း အလုံး ၈၀ နဲ့ အုပ်စုဖွဲ့က ၂၃ အုပ်စုလာပြီးတော့ စာရင်းပေးထားပြီးပါပြီ။ တချို့ဆို မီးပုံးပျံတောင်လုပ်ပြီးနေကြပြီ။ တချို့ကတော့ လုပ်တုန်းပါ။ ပြိုင်ပွဲမှာလည်း ကျွန်တော်တို့ကော်မတီအနေနဲ့ မှိုင်းခံမှုအနေအထား၊ ပြိုင်ပွဲဝင်မီးပုံးပျံ ပုံသဏ္ဌာန်၊ အတက်ကောင်း မကောင်း၊ ဆန်းသစ်မှုအနေအထား၊ စက္ကူပသာဒ၊ အတက်စံချိန်တို့နှင့် စည်းကမ်းသတ်မှတ်မှု အနေအထားစတာတွေကို ကြည့်ပြီးဆုအဖြစ် ရွေးချယ်ပေးတာဖြစ်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်းက ထပ်မံရှင်းပြသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ညလွှတ်ပြိုင်ပွဲများဖြစ်သည့် ညမီးကြီးနှင့် စိန်နပန်တို့ကို ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုလျှင် ဝင်ကြေးအဖြစ် ငွေကျပ် ၈၀၀၀ နှင့် နေ့လွှတ်ပြိုင်ပွဲများဖြစ်သည့် ခြေနှစ်ချောင်း၊ ခြေလေးချောင်းနှင့် အုပ်စုလွှတ်ပြိုင်ပွဲများတွင် ငွေကျပ် ၁၅၀၀ နှုန်း ဝင်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ဆုကြေးသတ်မှတ်မှုနှုန်းထားမှာ ညမီးကြီးပြိုင်ပွဲတွင် ပထမဆုကြေးကို ငွေကျပ်သိန်း ၆၀၊ စိန်နပန်ကို ငွေကျပ် ၂၅ သိန်း၊ နေ့လွှတ် အရုပ်ပြိုင်ပွဲများတွင် ခြေနှစ်ချောင်းကို ငွေကျပ် နှစ်သိန်း၊ ခြေလေးချောင်းကို သုံးသိန်းနှင့် အုပ်စုလွှတ်ပြိုင်ပွဲတွင် ငွေကျပ် ငါးသိန်းနှင့်အခြား ဒုတိယဆု၊ တတိယဆုများအပါအဝင် နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် ဒီတန်ဆောင်တိုင်မီးပုံးပျံပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာ ရှစ်ကြိမ်ရှိပါပြီ။ ဝင်ပြိုင်ဖြစ်တဲ့ ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့ရဲ့ ရိုးရာပြိုင်ပွဲလည်းဖြစ်၊ ကျွန်တော်ကိုယ်တိုင်လည်း ဒီပြိုင်ပွဲအပေါ်မှာ တကယ်ဝါသနာပါလို့ ဝင်ပြိုင်တာပါ။ ကျွန်တော်က တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ကနေ ရပ်ကွက်ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကတော့ တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာတယ်။ ဒီနှစ်အတွက်ကတော့ အခုပြင်ဆင်နေတာ တော်တော်လေး ပြီးနေပါပြီ။ ဆုကတော့ တစ်ခါမှ မရဖူးသေးပါဘူး။ ပထမဆုဆွတ်ခူးနိုင်အောင် ကျွန်တော်တို့အဖွဲ့အနေနဲ့ အတတ်နိုင်ဆုံးကြိုးစားသွားမှာပါ"ဟု တောင်ကြီးမြို့နယ် မင်္ဂလာဦးရပ်ကွက်မှ ညမီးကြီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုဖြိုးမင်းသန်းက ပြောသည်။

တောင်ကြီးမြို့၏ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲတွင် ပြည်သူများစိတ်ဝင်စားမှုအခံရဆုံးမှာ ညမီးကြီး မီးပုံးပျံပြိုင်ပွဲဖြစ်သည်။ ညမီးကြီးဆိုသည့်အတိုင်း ခေါင်အချင်းမှာ ၂၄ ပေခွဲ၊ နံအတောင်မှာ ၂၄ ပေ၊ ပတ်လည်ပေ ၉၀၀ ကျော်ရှိသည့် မီးပုံးပျံကြီးများကို ပြုလုပ်လွှတ်တင်ကြသည်။ ပြိုင်ပွဲဝင်များအနေဖြင့် မီးရှူးမီးပန်းများကိုလည်း တစ်သောင်းကျော်အထိ အသုံးပြုကြပြီး အသုံးပြုရာတွင်လည်း ရှမ်းစက္ကူ ချည်သားတို့ကိုအသုံးပြုကြကာ ပန်းချီလက်ရာမြောက်အနုပညာများကိုလည်း ထည့်သွင်းအသုံးပြုရသဖြင့် ကုန်ကျစရိတ်မှာအများဆုံးဖြစ်သောကြောင့် ဆုကြေးငွေကိုလည်း အမြင့်ဆုံး သတ်မှတ်ပေးထားကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ ညမီးကြီး မီးပုံးတစ်လုံးပြိုင်ပွဲဝင်သည်အထိ ပြင်ဆင်မွမ်းမံလျှင် ယခင်နှစ်က ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀ ဝန်းကျင်သာ ကုန်ကျခဲ့သော်လည်း ယခုနှစ်တွင်မူ ငွေကျပ်သိန်း ၃၀ မှ ၃၅ သိန်းအထိ ကုန်ကျစရိတ်ကြီးမြင့်မှုရှိခဲ့ကြောင်း ပြိုင်ပွဲများထံမှ သိရသည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို နှစ်စဉ်တန်ဆောင်တိုင်ကာလ၌ တောင်ကြီးမြို့၏ စူဠာမဏိလောကချမ်းသာဘုရားပွဲနှင့် မြို့နယ်လုံးကျွတ်မဟာဘုံကထိန်ပွဲတို့တွင် နှစ်စဉ်ထည့်သွင်းကျင်းပခဲ့သည်။ ယခုနှစ်တွင်လည်း တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး လိုအပ်လျှင် ရက်ထပ်မံတိုး၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တောင်ကြီးမီးပုံးပျံပြိုင်ပွဲသို့ ပြည်နယ်တစ်ဝန်းနှင့် နိုင်ငံအနှံ့အပြားမှ နှစ်စဉ်ပရိသတ်အင်အား သုံးလေးသိန်းလာရောက် အားပေးလျက်ရှိသည်။

မြန်မာတို့၏ ရိုးရာမီးပုံးပျံပြိုင်ပွဲကို မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ်၊ ခရစ်နှစ် ၁၉၄၁ ခုနှစ် တန်ဆောင်မုန်းလတွင် ကုန်သာကျောင်းဘုန်းကြီးကဦးစီး၍ ဦးထား၊ ဦးချစ်၊ ဦးရီ(ဦးဖိုးရီ)တို့က ခေါင်အချင်း ပေ ၅၀ ခန့်ရှိ မီးပုံးပျံကြီးကို ပိတ်စဖြင့်ပြုလုပ်ကာ အပ်ချုပ်စက်ဖြင့် စာရေးကတော် ဒေါ်သင့်နှင့်အဖွဲ့၊ ကူညီကုန်း အောင်မြင်ဝပ်ရှော့ (ဆရာမဒေါ်သန်းမြ၏အမေ) အုပ်စုက တာဝန်ယူချုပ်ပေးခဲ့သည်။ မီးပုံးပျံချုပ်ချိန်မှာ တစ်လကြာမြင့်ခဲ့ပြီး မီးစာကို သံနှင့်ပြုလုပ်ကာ သက်န်းစနှင့်ကျစ်၍ ရေနံချေးအသုံးပြုလုပ်ဆောင်ခဲ့သည်။ မီးစာ၏ အရွယ်အစားမှာလည်း လုံးပတ် အချင်း နှစ်ပေ၊ မီးစာအမြင့် ၁၀ ပေခန့်နှင့် ယင်းမီးစာကို ဦးလှဖေနှင့်အဖွဲ့က တာဝန်ယူ၍ စတင်ပြုလုပ်ပေးခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။



ပြီးခဲ့သည့်နှစ် စိန်နပန်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် တက္ကသိုလ်မီးပုံးပျံကြီးကို တွေ့ရစဉ်။



ပြီးခဲ့သည့်နှစ် ညမီးကြီးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အိုဇုန်းမီးပုံးပျံကြီးကို တွေ့ရစဉ်။

**ပြိုင်ပွဲဝင်များအနေဖြင့် မီးရှူးမီးပန်းများကိုလည်း တစ်သောင်းကျော်အထိ အသုံးပြုကြပြီး အသုံးပြုရာတွင်လည်း ရှမ်းစက္ကူ ချည်သားတို့ကို အသုံးပြုကြကာ ပန်းချီလက်ရာမြောက် မှုအနုပညာများကိုလည်း ထည့်သွင်းအသုံးပြု**

# ဆရာတော် ဦးဗုဓ် ဇာတိမြေသို့

မောင်သာ(ရှေးဟောင်းသုတေသန)

**နန်းမတော် မယ်နုအုတ်ကျောင်းနှင့် ပုံစံဆင်တူသည့် နှစ်ထပ်အုတ်ကျောင်းကြီးတစ်ခုကို ကျွန်တော်တို့ စိတ်ဝင်စားစွာကြည့်ရှုနေကြသည်။ ဆရာတော် ဦးဗုဓ်၏ ဇာတိမြေ ညောင်ကန်ရွာ၏ အပြင်ဘက် လယ်ကွင်းများအကြားမှ သစ်ရိပ်များညို့နေသည့် ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းတွင် တည်ရှိနေသည့် အဆိုပါ အုတ်ကျောင်းသို့ ညောင်ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ ကိုပြည့်ဖြိုးအောင်က ဆိုင်ကယ်ဖြင့် ကျွန်တော့်ကိုလိုက်ပို့ခဲ့သည်။**

ညောင်ကန်ရွာ အုတ်ကျောင်းသည် အင်းဝတွင် နန်းမတော်မယ်နု ဆောက်လုပ်လှူဒါန်းခဲ့သည့် အောင်မြေဘုံစံ အုတ်ကျောင်းခေါ် မယ်နုအုတ်ကျောင်းနှင့် ပုံသဏ္ဍာန်ဆင်တူကာ လှေကားများက မယ်နုအုတ်ကျောင်းမှ လှေကားခုံများနှင့် ပုံစံတူပြုလုပ်ထားသည်။ ယင်းအုတ်ကျောင်းကို ဒေသခံများက ဒုတိယ မယ်နုအုတ်ကျောင်းဟု ဆိုကြသော်လည်း နန်းမတော် မယ်နုအုတ်ကျောင်းထက် သေးငယ်သည်။

ကျွန်တော်တို့သည် ထိုအုတ်ကျောင်းအောက်သို့ ခေါင်းငုံ့၊ ခါးကုန်းကာ ဝင်ကြည့်ကြရပါသည်။ ကျောင်းတိုက်အောက်တွင် လိုဏ်ဂူကဲ့သို့အခန်းများ ပြုလုပ်ထားသည်ကိုတွေ့ကြရသည်။ ကျောင်းတိုက်တွင် သီတင်းသုံးခဲ့သည့် ဆရာတော်များ တရားအားထုတ်ခဲ့သည့် နေရာများဖြစ်နိုင်ကြောင်း လိုက်ပို့သူများက ရှင်းပြခဲ့သည်။ ယခုအခါတွင် ထိုကျောင်းတိုက်ကြီး၌ ရဟန်းတစ်ပါးသာ သီတင်းသုံးနေထိုင်လျက်ရှိကြောင်း သိရှိရပြီး ထိုဆရာတော်ကိုလည်း မတွေ့ခဲ့ရပါချေ။ ယင်းကျောင်းကို မည်သူတည်ဆောက်ခဲ့သည်ကိုလည်း တိကျစွာ မသိရှိခဲ့ရပါချေ။

ညောင်ကန်ကျေးရွာသည် မြန်မာ့ကြေးခေတ် တူးဖော်မှု အထောက်အထားများကြောင့် ရှေးဟောင်းသုတေသန ပညာရပ်နယ်ပယ်တွင် ထင်ရှားသောနေရာတစ်ခုဖြစ်သည်။ ထို့အတူပင် ဗုဒ္ဓသာသနာတော်တွင် နေအသွင် လအသွင် ထွန်းတောက်ခဲ့သည့် ဗုဓ်သုံးဗုဓ်တွင် တစ်ပါးဖြစ်သည့် ဆရာတော် ဦးဗုဓ်၏ မွေးရာဇာတိမြေအဖြစ်လည်း ထင်ရှားလှပေသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတွင် မြတ်စွာဘုရားရှင် ဗုဒ္ဓ၊ အဋ္ဌကထာကျမ်းပြု ဆရာတော် ရှင်မဟာဗုဒ္ဓဃောသနှင့် ညောင်ကန် ဦးဗုဓ်တို့အား ဗုဓ်သုံးဗုဓ်ဟု တင်စားခေါ်ဝေါ်ကြသည်။

ညောင်ကန်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့၏ အနောက်တောင်ဘက် ငါးမိုင်အကွာ ချင်းတွင်းမြစ်၏ အရှေ့ဘက်ခြမ်းတွင်ရှိသည်။ ဘုတလင်မြို့မှ ကနီမြို့တစ်ဖက်ကမ်းအထိရောက်သည့် ကတ္တရာလမ်းဘေးတွင် တည်ရှိသည်။ ညောင်ကန်ကျေးရွာသို့ ရှေးဟောင်းသုတေသန လေ့လာခရီးစဉ်တစ်ခုအဖြစ် ကျွန်တော်ရောက်ရှိခဲ့သည်။ ရန်ကုန်မှ စီးလာသော အဝေးပြေးမော်တော်ယာဉ်သည် မုံရွာသို့ နံနက်စောစောရောက်ရှိခဲ့ပြီး မုံရွာတွင် ခေတ္တနားပြီး နံနက် ၈ နာရီမှ ပြန်လည်ထွက်ခွာလာခဲ့သဖြင့် ဘုတလင်သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိသည်။ ဘုတလင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ဝင်ပြီးမှ ညောင်ကန်သို့ ဆက်လက်ထွက်ခွာခဲ့ရာ နေအတော်မြင့်မှ ညောင်ကန်သို့ ရောက်ရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသန ပညာဌာနမှ လက်ထောက်ကထိက ဦးစိုးမင်းအောင် ဦးဆောင်သည့်အဖွဲ့သည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှ ထူးချွန်ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဝိဇ္ဇာ ပထမနှစ်သင်တန်းသားများ၏ ဘုတလင်မြို့နယ်၊ ညောင်ကန်ကျေးရွာ မြန်မာ့ကြေးခေတ်နယ်မြေသို့ ကွင်းဆင်းလေ့လာရေးခရီးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်နိုင်ရန် ညောင်ကန်သို့ ကြိုတင်ထွက်ခွာလာခဲ့ကြသည်။ ကျွန်တော်သည် ထိုအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါလာခဲ့သည်။

ကျွန်တော်တို့အား ညောင်ကန်ရွာမှ ဦးစိုးမြင့်အောင်နှင့် ညောင်ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ ကိုပြည့်ဖြိုးအောင်တို့က စောင့်ကြိုနေကြသည်။ ညောင်ကန်ရောက်သည်နှင့် ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကို စီစဉ်ကြရသည်။ ကျောင်းသား ကျောင်းသူများ တည်းခို၊ နေထိုင်၊ စားသောက်၊ ကွင်းဆင်းရာတွင် အစစ အဆင်ပြေစေရန် ကြိုတင်ဆောင်ရွက်ကြရသည်။ လုံခြုံရေးအတွက် ဘုတလင်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်တစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ဦးအား ကျောင်းသားများတည်းခိုမည့် ညောင်ကန်ကျေးရွာ တွဲဖက် အထက်တန်းကျောင်းတွင် ခရီးစဉ်ပြီးဆုံးချိန်အထိ တာဝန်ချထားပေးသည်။

ကြိုတင် လုပ်ဆောင်ထားရမည့်ကိစ္စများ ဆောင်ရွက်ကြပြီး နောက်တစ်ရက်တွင် ညောင်ကန်ရွာအပြင်ရှိ အင်းဝနန်းမတော် အုတ်ကျောင်းနှင့် ပုံစံတူ ဆောက်လုပ်ထားသည့် အုတ်ကျောင်းကြီးကို သွားရောက် လေ့လာကြပြီးနောက် ဆရာတော်ဦးဗုဓ် ဖွားမြင်သန့်စင်ခဲ့ရာ နေရာသို့သွားခဲ့ကြသည်။ ဆရာတော် ဖွားမြင်ရာ မြေနေရာတွင် "ဆရာတော် ဦးဗုဓ်ပြတိုက်" ကို ဖွင့်လှစ် ထားသည်။ ညောင်ကန်ရွာအတွင်း ရွာလမ်းမပေါ်တွင် ရှိသည့် ပြတိုက်အဆောက်အအုံအတွင်း၌ ဘုရားရှင်ရုပ်ပွား တော်တစ်ဆူသာ တွေ့ရသည်။

ဆရာတော် ဦးဗုဓ် ပြတိုက်သည် ဆရာတော်ရှိစဉ်က အဆောက်အအုံ မဟုတ်ဘဲ ဆရာတော်ဖွားမြင်ခဲ့သည့် နေရာအား အစဉ်အဆက် ထိန်းသိမ်းခဲ့ကာ အထိမ်းအမှတ် အဆောက်အအုံတစ်ခုကို ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ သာခေါင်ရပ်ဟု ခေါ်ဆိုကြောင်း သိရှိခဲ့ရသည်။ ဆရာတော်၏ အသုံးအဆောင်များသည် ဆရာတော် ငယ်စဉ်က သီတင်းသုံးခဲ့သောကျောင်းတွင် အနည်းအပါးကျန်ရှိကြောင်း ဦးစိုးမြင့်အောင်က ရှင်းပြသည်။

ညောင်ကန်ကျေးရွာသည် ရှေးအခါက ဗဒုံကျေးလက်တွင် တည်ရှိခဲ့သောရွာကြီးတစ်ရွာဖြစ်ကာ ညောင်ကန်ရွာ ဇာတိ ဆရာတော်ဦးဗုဓ်က မိမိကိုယ်တိုင်ပြုစုခဲ့သော ပါဠိသဒ္ဒါ ပဒရူပသိဒ္ဓိ နိဿယကျမ်းစာနိဂုံးတွင် ပါဠိဘာသာဖြင့် မွေးရပ်မြေ ညောင်ကန်ရွာအကြောင်း ရေးသားခဲ့သည်။ မြန်မာပြန်မှာ အောက်ပါအတိုင်းဖြစ်သည်။ "ဖားသည် မြွေကို၊ ကြွက်သည် ကြောင်ကို၊ သမင်သည် ကျားကို အောင်မြင်ရာဖြစ်၍၊ ကပိလရှင်ရသေ့၏ ကျောင်းသင်္ခမ်းရာမြေနှင့်တူသော၊ ရန်သူတို့သည် မအောင်အပ်သော ဤမြေအရပ်၌ ညောင်ဗုဒ္ဓဟောပင် ပေါက်ရောက်ပြီ။ ဗောဓိအနီး မုစလိန္ဒအိုင်နှင့်တူ၍ ရေများစွာရှိသော ကန်ကြီးသည် ဖြစ်လတ်လေပြီ။ ထို ဗောဓိညောင်နှင့်ရေကန်တို့ကိုအမှီပြု၍ ခပ်သိမ်းသော ပြည်ကြီးအင်္ဂါနှင့် ပြည့်စုံသော ပြည်ကြီးသည် ရှေးက ဖြစ်ခဲ့ဖူးပြီ။ ထိုပြည်ကြီးသူတို့၏ ကောင်းမှုကုန်ခြင်းကြောင့် ပျက်စီးလတ်သော် ထိုညောင်ကန် ဟူသော အမည်ဖြင့် ထင်ရှားလှသော ရတနာမျိုးစုံနှင့်ပြည့်စုံသော နိဂုံး (ညောင်ကန်ရွာကြီး)သည် ဖြစ်လတ်လေပြီ" ဟူ၍ ဖြစ်သည်။



ဆရာတော် ဦးဗုဓ်လောင်းလျာ သားငယ်ကို အဘ ဦးအိုနှင့်အမိ ဒေါ်မွေးတို့က မြန်မာသက္ကရာဇ် ၁၁၄၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် ၊ အင်္ဂါနေ့တွင် ရှေးအခါက ဗဒုံဟုခေါ်ခဲ့သည့် မြန်မာပြည်အထက်ပိုင်း၊ ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ သာခေါင်ရပ်၌ မွေးဖွားသန့်စင်ခဲ့သည်။မွေးဖွားချိန်တွင် လမင်းကို ရာဟု ငပုပ် ဖမ်းချိန်ဖြစ်နေသောကြောင့် မိဘများက မောင်ပုပ်ဟု အမည်ပေးခဲ့သည်။ မောင်ပုပ် အသက်ရှစ်နှစ် အရွယ်တွင် ညောင်ကန်ရွာ အနောက်တိုက်ခေါ် ရတနာမဥ္ဇူတိုက် ဘုန်းတော်ကြီး ဦးပြေထံတွင် စတင်ပညာသင်ယူခဲ့သည်။ မောင်ပုပ်သည် ကလေးသူငယ် ကျောင်းသားအရွယ်ကပင် ဉာဏ်အလွန်ထက်မြက်ခဲ့သည်။ စာတစ်ပုဒ်၊ အကြောင်းအရာ တစ်ခုကို သုံးကြိမ်ကြားရလျှင် အကုန်မှတ်မိသည်ဟု ဆိုသည်။ ကျောင်းမှ အိမ်သို့ ပြန်လာတိုင်း သင်အံထားသော စာတစ်ပုဒ်ကို ရွတ်အံသွားမြဲဖြစ်ကာ အိမ်ရှေ့ရောက်၍ စာကမပြီးဆုံးသေးလျှင် တံခါးတိုင်ကို မှီလျက် စာဆုံးအောင်ရွတ်ဆိုပြီးမှ အိမ်အတွင်းသို့ ဝင်လေ့ရှိသည်။ မောင်ပုပ်သည် အသက် ၁၃ နှစ် အရွယ်အထိ ဆရာတော်ဦးပြေထံတွင် ပညာသင်ယူခဲ့ပြီးနောက် ဆရာတော်ဦးပြေက ကျောင်းနီးချင်းရဟန်း ဦးသာပုံထံ အပ်နှံပေးခဲ့သည်။ ဆရာတော် ဦးသာပုံက ဉာဏ်ပညာ အလွန်ထက်မြက်သည့် မောင်ပုပ်သည် တစ်ချိန်ချိန်တွင် လျှမ်းလျှမ်းတောက် ထင်ရှားလာမည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာမည်ကို ကြိုတင်တွက်ဆမိသည့်အတွက် မောင်ပုပ်ကို မောင်ဗုဓ်ဟု အမည်ပြောင်းပေးခဲ့သည်။ ဆရာတော် ဦးသာပုံကျောင်းမှာပင် မောင်ဗုဓ်သည် ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပြီး ဆရာတော် ဦးသာပုံက တပည့်ဖြစ်သူအား ဇမ္ဗူတစ်လွှား၊ တံခွန် အလား ထင်ရှားပေါ်လွင်မည့် နိမိတ်ကိုယူလျက် "ရှင် ဇမ္ဗူ့ဓဇ" ဟူသော ဘွဲ့အမည်ကို ပေးခဲ့သည်။

ဆရာတော်လောင်းလျာသည် ငယ်စဉ်ကပင် စာပေလိုက်စားမှုကို အထူးဝါသနာ ထုံခဲ့ရာ အိပ်ချိန်၊ စားချိန်၊ ရေချိုးချိန်၊ ကုဋီဝင်ချိန်များမှလွဲ၍ စာနှင့်မျက်နှာခွာသည်မရှိဟု ဆိုကြသည်။ စာဖတ်လျှင် ဖတ်၊ မဖတ်လျှင် စာရေးနေလေ့ရှိသည်။ ရှင်ဇမ္ဗူ့ဓဇသည် ၁၁၆၉ ခုနှစ်တွင် ရဟန်းအဖြစ်ခံယူခဲ့ပြီး ၁၁၈၂ ခုနှစ်တွင် ညောင်ကန်ဂိုဏ်းအုပ်ဖြစ်လာခဲ့ကာ ညောင်ကန်ရွာ ရတနာမဥ္ဇူတိုက်တွင် စာသင်သား ၁၀၀ ကျော်တို့ကို စာပေကျမ်းဂန် အဖြာဖြာကို ပို့ချခဲ့သည်။

၁၁၉၂ ခုနှစ်တွင် အင်းဝမဟာအောင်မြေဘုံစံ အုတ်ကျောင်း ပထမဆရာတော် ဦးပိုး ပျံလွန်ခဲ့ပြီး ဘကြီးတော်(စစ်ကိုင်းမင်း) နှင့် မိဖုရား နန်းမတော်မယ်နုတို့က နေပြည်တော် အင်းဝရှိ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးအား ကပ်လှူခဲ့သဖြင့် ဆရာတော် ဦးဗုဓ်သည် ဒုတိယ အုတ်ကျောင်းဆရာတော်အဖြစ် အင်းဝသို့ ပြောင်းရွှေ့ကာ နန်းမတော်မယ်နုအုတ်ကျောင်းတွင် သီတင်းသုံးခဲ့သည်။ ဆရာတော် ဦးဗုဓ်သည် စကား၌လည်းကောင်း၊ တရား၌လည်းကောင်း အပြောအဟောနည်းပါးပြီး စာပေပရိယတ္တိကို မပြတ်မလပ် ကြည့်ရှုခြင်း၊ ပို့ချခြင်း၊ ကျမ်းပြုခြင်းဖြင့်သာ အချိန်ကုန်လွန်လေ့ရှိသည်။ ပေတစ်ချပ်ကို သုံးကြိမ်ကြည့်လျှင် အာဂုံရသည်ဟု ဆိုကြသည်။ ရဟန်း နှစ်ဝါအရတွင် ဝိနည်းငါးကျမ်းကို အာဂုံရခဲ့သည်။ သက်တော် ၅၅ နှစ်တွင် သာယာဝတီမင်းနှင့် နန်းမတော်မိဖုရားခေါင်တို့ ဆက်ကပ်လှူဒါန်းခဲ့သည့် အမရပူရမြို့၊ မင်္ဂလာဘုံကျော်ကျောင်းတွင် ပျံလွန်ခဲ့သည်။ ဆရာတော် ဦးဗုဓ်သည် ရဟန်း ဝါ ၃၅ ဝါအတွင်း ပါဠိ မြန်မာကျမ်းပေါင်း ၅၄ ကျမ်း ရေးသားစီရင်ခဲ့သဖြင့် သာသနာတော်နှင့်လောကအား အလွန်ကျေးဇူးများသော ပုဂ္ဂိုလ်ထူးဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်၌ ဗုဓ်အစ (ဗုဒ္ဓ ဘုရားရှင်)၊ ဗုဓ်အလယ် (ရှင်မဟာ ဗုဒ္ဓဃောသ) နှင့် ဗုဓ် အဆုံး (ဦးဗုဓ်) ဟု ဆိုရိုးရှိခဲ့သည်။ဆရာတော် ဦးဗုဓ်က နန်းမတော်မယ်နုအား သူမ၏ ဘဝနောက်ဆုံးအချိန်တွင် ပြောကြားဆုံးမခဲ့သည့် စကားတစ်ခွန်းသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သည်။

၁၂၀၂ ခုနှစ်(၁၈၄၀ပြည့်နှစ် မေလ)တွင် နန်းမတော် မယ်နုကို ဘုရင့်နန်းကို ပုန်ကန်ရန် ကြံစည်မှုဖြင့် သာယာဝတီမင်းက ရေချစီရင်ရန် အမိန့်ချခဲ့သည်။ မယ်နုအား စီရင်မည့်နေ့တွင် နန်းမတော်မယ်နုသည် မြို့ဝန်နှင့် ပါးကွက်သားများထံ သူမသေမီ ဆရာတော် ဦးဗုဓ်အား နောက်ဆုံးဖူးမြော်ခွင့်ပေးရန် တောင်းခံခဲ့သည်။ ဆရာတော် ဦးဗုဓ်ကျောင်းသို့ ရောက်သောအခါ ဆရာတော်က စာကြည့်နေခိုက်ဖြစ်သည်။ မယ်နုက ဆရာတော်ကို ဦးချကာ "သူ၏ အာဏာစက်ဖြင့် အဆုံးစီရင်ခြင်းခံရပါတော့မည်၊ ဤနေ့ကား ဆရာတော်ဘုရားကို နောက်ဆုံး ဖူးမြော်ကန်တော့ခြင်း ဖြစ်ပါကြောင်း" ဟု လျှောက်တင်ခဲ့သည်။

ဆရာတော်က စာကြည့်နေရာမှ နန်းမတော်မယ်နုရှိရာသို့ မျက်နှာမူလိုက်ပြီး "မိနု၊ သူ့ကြွေးရှိလျှင်ဆပ်ရလိမ့်မည်" ဟု အမိန့်ရှိပြီးသည်နှင့် ကျောင်းအမ မယ်နုသည် ဆရာတော်ဦးဗုဓ်ကို ရှိခိုးဦးချကာ ကျောင်းပေါ်မှ ဆင်းခဲ့ပြီး ပါးကွက်သားများ ခေါ်ဆောင်ရာနောက်သို့ ရဲရဲကြီးလိုက်ပါသွားခဲ့တော့သည်ဟု စာရေးဆရာ ညိုမြကသူ၏ ကုန်းဘောင်ရှာပုံတော်ဝယ် သံဝေဂရဖွယ် ရေးသားထားပေသည်။



ဆရာတော်ဦးဗုဓ် ပြတိုက်မှအပြန်တွင် ညောင်ကန်ရွာတွင် ဆရာတော်ဦးဗုဓ်ငယ်စဉ်က သီတင်းသုံးခဲ့သည့် ကျောင်းသို့ ကျွန်တော်တို့သွားခဲ့ကြသည်။ ဆရာတော် ဦးဗုဓ် သီတင်းသုံးခဲ့သည့် ကျောင်းနေရာတွင် ခြေတံရှည် နှစ်ထပ်သစ်သားကျောင်းကြီးတစ်ခုကို မြင်တွေ့ကြရသည်။ ကျောင်းပေါ်သို့တက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြပြီးနောက် ဆရာတော်က ကျောင်းအတွင်း လိုက်လံပြသခဲ့သည်။ ယင်းသစ်သားကျောင်းကြီးသည် ဆရာတော် ဦးဗုဓ် သီတင်းသုံးခဲ့စဉ်က ကျောင်းဟောင်းမှ သစ်သားတိုင်များကို ပြန်လည်အသုံးပြုကာ အသစ်ပြန်လည်တည်ဆောက်ထားသည့် ကျောင်းဖြစ်ကြောင်း ဆရာတော်က ရှင်းပြခဲ့သည်။

ကျောင်းပေါ်တွင် ဆရာတော်ဦးဗုဓ်၏ အသုံးအဆောင်အချို့ကို ဖူးတွေ့ရသည်။ ဆရာတော်၏ စာတိုက်၊ ဆရာတော်သုံးစွဲခဲ့သည့် မီးအိမ်တို့ကို တွေ့ရှိခဲ့ရသည်။ ဆရာတော်၏ စာတိုက်သည် သစ်သားကို အလွန်လက်ရာမြောက်စွာ ထွင်းထုထားသည့် ရှေးခေတ်ဗီရို ဖြစ်ပြီး ပေစာများသိမ်းဆည်းရန် ဖြစ်ပေသည်။ ဆရာတော်၏ ကွမ်းအစ်၊ ဆင်စွယ်ကမ္မဝါစာတို့ကို ထည့်ထားသော မှန်ဗီရိုအထဲတွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူကို တွေ့ကြရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ဝန်းကျင်၊ ကုန်းဘောင်ခေတ်အတွင်း စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းတို့ ကိုးကွယ်ခဲ့သော သီလ၊သမာဓိ၊ ပညာဂုဏ်များ အထူးထင်ရှားခဲ့သည့် ဆရာတော် ဦးဗုဓ်ငယ်စဉ်က ပညာသင်ယူခဲ့သည့် စာသင်တိုက်ကျောင်းရှိရာသို့ ရောက်ရှိခဲ့ရသည့်အတွက် ကျွန်တော်များစွာ ကျေနပ်နေမိပါသည်။ နှစ်ထပ်ကျောင်းကြီးပေါ်ရှိ ဆရာတော်၏ ပုံတော်ကို ရှိခိုးကန်တော့ပြီး ကျောင်းတိုက်မှ ပြန်ဆင်းလာခဲ့ချိန်တွင် ဆရာတော် ဦးဗုဓ်၏ "သူ့ကြွေးရှိလျှင်ဆပ်ရလိမ့်မည်" ဟူသည့် သံဝေဂတရားမိန့်မှာစကားကို ကြားနေရသကဲ့သို့ ခံစားမိခဲ့ပါသည်။

**ဆရာတော် ဦးဗုဓ်သည် ရဟန်း ဝါ ၃၅ ဝါ အတွင်း ပါဠိ မြန်မာကျမ်းပေါင်း ၅၄ ကျမ်း ရေးသား စီရင်ခဲ့သဖြင့် သာသနာတော်နှင့် လောကအား အလွန်ကျေးဇူးများသော ပုဂ္ဂိုလ်ထူးဖြစ်**

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

**မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။** (စာတည်းအဖွဲ့)

# အိုင်အက်စ်အရေး ကမ္ဘာ့အရေး

တင်လင်းအောင်

နိုင်ငံခြားတပ်သားသစ် ၃၀၀၀၀ နီးပါးယခုအခါတွင် ဆီးရီးယားသို့ အင်အားဖြည့်တင်းလျက်ရှိရာ အများစုမှာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့များနှင့် ဆက်သွယ်လျက်ရှိသည်။ လွန်ခဲ့သော တစ်နှစ်တာကာလအပိုင်းအခြားနှင့် နှိုင်းယှဉ်ကြည့်လျှင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့်ဆက်သွယ်သော လူအင်အားမှာနှစ်ဆခန့်ပိုမိုများပြားလာကြောင်း သိရသည်။ နိုင်ငံတကာပေါင်းစုအားဖြင့် နယ်စပ်ဒေသများကို တင်းကျပ်ထားခြင်း၊ စုံစမ်းထောက်လှမ်းမှုများကို ပူးပေါင်းလုပ်ဆောင်ခြင်း၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများကို ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခြင်းဖြင့် အိုင်အက်စ်အကြမ်းဖက်သမားများကို နှိမ်နင်းတိုက်ဖျက်လျက်ရှိသော်လည်း အသစ်အသစ်သော အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက် ရေးသမားများမှာ သိသိသာသာ ပိုမိုများပြားလာလျက်ရှိသည်။



ဆီးရီးယား သို့မဟုတ် အီရတ်ပဋိပက္ခထဲသို့ ဝင်ရောက်ခဲ့သော သို့မဟုတ် ဝင်ရောက်ရန် ကြိုးစားနေသော အဆိုပါတပ်သားသစ်များတွင် အမေရိကန်နိုင်ငံသား ၂၅၀ ကျော်ပါဝင်ကြောင်း စုံစမ်းထောက်လှမ်းရေးနှင့် တရားဥပဒေအရာရှိများက ဆိုသည်။

၂၀၁၁ခုနှစ်မှစ၍ နိုင်ငံပေါင်း ၁၀၀ကျော်မှ နိုင်ငံခြားတပ်သားသစ်တိုက်ခိုက်ရေးသမား ၃၀၀၀၀ နီးပါး အီရတ်နှင့် ဆီးရီးယားသို့ ထွက်ခွာလာခဲ့ကြောင်း ခိုင်လုံသောသက်သေအထောက်အထားများအရ အမေရိကန်စုံစမ်းထောက်လှမ်းသူများက လေ့လာတွေ့ရှိခဲ့သည်။ ထို့ပြင် လွန်ခဲ့သောတစ်နှစ်ကလည်း နိုင်ငံပေါင်း ၈၀ ကျော်မှ တိုက်ခိုက်ရေးသမား ၁၅၀၀၀ ခန့်အနက် အများစုမှာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်ခဲ့ကြောင်း အမေရိကန်အရာရှိများက တွေ့ရှိခဲ့သည်။ ဂျီဟတ်ဒ်များနှင့် ဆက်သွယ်ရန် ပင်လယ်ရပ်ခြားသို့ ခရီးထွက်ရန်ကြိုးစားနေသော အမေရိကန်များကို အင်တိုက်အားတိုက်ပိတ်ဆို့ရန် ကြိုးစားခဲ့သော်လည်း အခွင့်မသာခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့သော အခြေအနေများအပေါ် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရန် နိုင်ငံတကာ လှုပ်ရှားမှုများကို ဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။

အခြားဘက်တွင်လည်း အိုဘားမားအစိုးရ၏ ဆီးရီးယားနိုင်ငံအပေါ်ထားရှိသော ၎င်း၏မူဝါဒနှင့် အိုင်အက်စ်အကြမ်းဖက် တိုက်ခိုက်ရေးသမားများကို တိုက်ခိုက်ချေမှုန်းရာတွင်လည်း သိသာထင်ရှားစွာ အခြေအနေမလှပခဲ့ပေ။

အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းမည့် တပ်ဖွဲ့များကိုလေ့ကျင့်ပေးသည့် အမေရိကန်ဒေါ်လာသန်း ၅၀၀ ကုန်ကျသော ပင်တဂွန်၏ကြိုးပမ်းမှုကလည်း တိုက်ခိုက်ရေးသမား လက်တစ်ဆုပ်စာသာ မွေးထုတ်ပေးနိုင်ခဲ့သည်။ ရုရှားကလည်း ဆီးရီးယားတွင် စစ်လေယာဉ်များပါဝင်သော လေတပ်အခြေစိုက် စခန်းသစ်တစ်ခု တည်ထောင်ရန်ကြိုးပမ်းမှုကို ပိတ်ဆို့ဟန့်တားရန် ကြိုးစားနေသော အမေရိကန်၏ အစီအစဉ်ကို သဘောမတူကြောင်းပြသခဲ့သည်။

ဆီးရီးယားအကြမ်းဖက်မှုနှင့် အိုင်အက်စ် စစ်သွေးကြွတို့ ထိန်းချုပ်ထားသော ဒေသများအတွင်း ဖိနှိပ်ချုပ်ချယ်မှုများမှလွတ်မြောက်လိုသော ဒုက္ခသည်များအပါအဝင် ဒုက္ခသည်ထောင်သောင်းများစွာ ပဋိပက္ခဖြစ်ပွားနေသော အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတို့မှ ထွက်ပြေးလာခြင်းတို့ကြောင့် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုတွင် အခက်ကြုံလျက်ရှိသည်။

လွန်ခဲ့သောတစ်နှစ်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အမေရိကန်ထိပ်တန်းအရာရှိများက ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃နိုင်ငံမှ နိုင်ငံသားများ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင်မဖြစ်စေရန် ဖိနှိပ်မှုနှင့် ကာကွယ်မှုများ ပြုလုပ်ရန် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းအရထောက်ခံရန် အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုခဲ့သည်။ သို့သော်လည်း မျက်မှောက်အခြေအနေတွင် အိုင်အက်စ် အကြမ်းဖက်သမားများနှင့် ဆက်သွယ်လိုသော သို့မဟုတ် ဆက်သွယ်နေသော နိုင်ငံခြားတိုက်ခိုက်ရေးသမားများ၏အခြေအနေကို အလေးအနက် ဂရုပြုမိစေရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြမ်းဖက်တိုက်ဖျက်ရေး ထိပ်တန်းပုဂ္ဂိုလ် တီနာအက်စ် ကိုင်ဒါနော်က ဒီအခြေအနေမှန်၏ အစအဆုံးဖြစ်ရပ်များကို ဆင်ခြင်သုံးသပ်ရတော့မည်ဖြစ်ကြောင်း၊ ထို့ပြင် အင်တာနက်နှင့် လူမှုမီဒီယာများကို အသုံးပြု၍ တပ်သားသစ်များစုဆောင်းခြင်းနှင့် အမြစ်မြေလှန်ပြောင်းလဲလိုမှုပြင်းထန်သော နောက်လိုက်များ စုဆောင်းခြင်းကို ပြုလုပ်နေသော အိုင်အက်စ်စစ်သွေးကြွများ၏ မမျှော်မှန်းနိုင်သော စွမ်းရည်များကိုလည်း သတိပြုရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မဟာမိတ်တပ်ပေါင်းစု၏ ပူးပေါင်းထိုးစစ်ဆင်မှုကြောင့် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွ ၁၀၀၀၀ခန့် သေဆုံးခဲ့ကြောင်း ပင်တဂွန်က အစီရင်ခံခဲ့သော်လည်း နည်းအမျိုးမျိုးဖြင့်တစ်လလျှင် အိုင်အက်စ်အကြမ်းဖက် တပ်ဖွဲ့ဝင်ပျမ်းမျှ ၁၀၀၀ ခန့်ထပ်မံ အင်အားဖြည့်တင်းလျက်ရှိကြောင်း သိရသည်။ အစိုးရက အနောက်နိုင်ငံများမှ တပ်ဖွဲ့ဝင် ၄၅၀၀ အပါအဝင် ၂၅၀၀၀ ထက်ကျော်သော တပ်ဖွဲ့ ဝင်များ အိုင်အက်စ်စစ်သွေးများနှင့် ဆက်သွယ်ခဲ့ကြောင်း လွန်ခဲ့သောလအတော်ကြာက သတင်းထုတ်ပြန်ခဲ့သည်။ အမေရိကန်အရာရှိများက အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်သွယ်ခဲ့သော အနောက်နိုင်ငံများမှ တပ်ဖွဲ့ဝင်များမှာ ၄၅၀၀ ခန့်ဆိုသော်လည်း အတိအကျ စာရင်းမဟုတ်ကြောင်း သိရသည်။

ယခုအခါတွင် အိုင်အက်စ်အဖွဲ့ထဲသို့ရောက်ရှိ သွားသော မိသားစုအဖွဲ့ဝင်များက အခြားမိသားစုအဖွဲ့ဝင်များကို စည်းရုံးသော အင်တာနက်ကွန်ရက်ချိတ်ဆက်မှုများ ပြုလုပ်လာကြောင်း ဂျော့ချ်တောင်း တက္ကသိုလ်မှ ပါမောက္ခလည်းဖြစ် တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးကျွမ်းကျင်သူလည်းဖြစ်သော ဒန်နီရယ်အယ်လ်ဘိုင်မန်က ပြောခဲ့သည်။ ယခုအချိန်ထိ နိုင်ငံခြားတိုက်ခိုက်ရေးသမားများနှင့် သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာ အသေးစိတ်အချက်အလက်စုဆောင်းမှုဘဏ် (ဒေတာဘေ့စ်) မရှိသေးကြောင်း သိရသည်။

အချို့အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး ကျွမ်းကျင်ပညာရှင်များက အီရတ်နှင့်ဆီးရီးယားတွင် အိုင်အက်စ်စစ်သွေးကြွများကို ဆန့်ကျင်သည့် တိုက်ခိုက်မှုပေါင်း ၇၀၀၀ ကျော်ပြုလုပ်ခဲ့မှု၊ နယ်စပ်ဒေသဆိုင်ရာ လုံခြုံရေးမြှင့်တင်မှု၊ သံသယဖြစ်ဖွယ် နိုင်ငံခြားတိုက်ခိုက်ရေးသမားများ၏ အချက်အလက်များကို ဝေမျှမှုစသည်တို့က အိုင်အက်စ်အကြမ်းဖက်သမားများ၏ ကြီးထွားလာမှုအရှိန်ကို လျော့နည်းလာစေကြောင်း အပြုသဘောဆောင်ပြောဆိုခဲ့သည်။ ဆီးရီးယားနှင့်အီရတ်တွင် အိုင်အက်စ်တို့၏ အခိက မဏ္ဍိုင်ပြိုကွဲပြီး အိုင်အက်စ်များလုံးဝမရှိစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကင်းစ်တက္ကသိုလ်၏လုံခြုံရေးဆိုင်ရာ ပညာရပ်လေ့လာရေး ပါမောက္ခလည်းဖြစ် ညွှန်ကြားရေးမှူးလည်းဖြစ်သော ပီတာနျူမန်းက ပြောခဲ့သည်။ ဗြိတိန်တွင် ယခုချိန်ထိလူပေါင်း ၇၅၀ ကျော်မှာ ဆီးရီးယားနှင့် အီရတ်ရှိ အကြမ်းဖက်လှုပ်ရှားမှုများတွင် ပါဝင်ရန် ခရီးထွက်ခဲ့ကြောင်း၊ ၎င်းတို့ထဲမှ ထက်ဝက်မှာ ဌာနေသို့ပြန်လာခဲ့ရာ အင်္ဂလန်မြေပေါ်တွင် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်မည်ကို စိုးတထိတ်ထိတ်ကြောက်ရွံ့နေရကြောင်းသိရသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစပြီး အမေရိကန်ပြည်ထောင်စုအပါအဝင် အခြား ၃၄ နိုင်ငံသည် နိုင်ငံခြားအကြမ်းဖက်တိုက်ခိုက်ရေးသမား သို့မဟုတ် အကြံကြီးပြီး အစွန်းရောက်သူများကို ဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂတန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးရုံးက ကမ္ဘာ့နိုင်ငံများသည် နိုင်ငံခြားတိုက်ခိုက်ရေးသမားအဖြစ် ခရီးထွက်ရန် ကြံရွယ်နေသောသူများကို အရေးပေါ်ဆောင်ရွက်မှုများ ပြုလုပ်သင့်ကြောင်း အကြံပေးခဲ့သည်။ လတ်တလောတွင် ထိပ်သီး ၂၁ နိုင်ငံမှ ငါးနိုင်ငံမှာ အငြင်းပွားဖုန်သို့ အရေးပေါ်ခရီးသွားရန် ပြင်ဆင်နေသည့် ခရီးသွားများ၏ အချက်အလက်များ၊ နာမည်စာရင်းများကို လေ့လာမှုများ ပြုလုပ်နေကြောင်း သိရသည်။

နိုင်ငံအများစုသည် အကြမ်းဖက်လုပ်ရပ် လှုံ့ဆော်မှုများကို တားမြစ်သည့် ဥပဒေများကို အတည်ပြုပြဋ္ဌာန်းထားကြောင်း သိရသည်။ သို့သော်လည်း နိုင်ငံအတော်များများတွင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ရန်အတွက် သို့မဟုတ် အကြမ်းဖက်သင်တန်းတစ်ခုခုကို တက်ရောက်ရန်အတွက် ပြည်ပနိုင်ငံတစ်ခုခုသို့ ခရီးသွားရန် စီစဉ်နေသည့် အဆိုပါ သံသယရှိသူများကို တရားစွဲဆိုရန်အတွက် ဥပဒေများမရှိသေးကြောင်းသိရသည်။ သို့သော်လည်း ထိပ်သီး ၂၁ နိုင်ငံအနက် ငါးနိုင်ငံမှာ အဆိုပါ ဥပဒေများကိုသတ်မှတ်ပြဋ္ဌာန်းထားကြောင်း သိရသည်။ ဥပဒေသစ်များ ရုတ်ချည်းပြဋ္ဌာန်းလာသည့်အတွင်း လူ့အခွင့်အရေးအုပ်စုများက အကယ်၍ အစိုးရများက လူထုကြား သဘောထားကွဲလွဲမှုများကို ထုတ်ဖော်ပြောဆိုခွင့်မပြုသောအခါ နိုင်ငံသားများမှာ အစွန်းရောက်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ဖြစ်လာနိုင်ကြောင်း လူ့အခွင့်အရေးအုပ်စုများက သတိပေးခဲ့သည်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့များ၏ လှုံ့ဆော်စည်းရုံးမှုများမှ တိုက်ခိုက်ရေးသမားများကို တားမြစ်ရန် ကြိုးစားမှုကို တူရကီကဲ့သို့နိုင်ငံမျိုးက အသေအချာကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းနိုင်ငံတွင် ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့မှ ဖြတ်ပြီး အကြမ်းဖက်စစ်သွေးကြွထောင်ပေါင်းများစွာ စိမ့်ဝင်နိုင်သော ရှည်လျားသည့် နယ်စပ်ဒေသရှိသောကြောင့် ဖြစ်သည်။ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ရာထူးမှဖြုတ်ချရန်ကြိုးစားနေသော အချို့သူပုန်တိုက်ခိုက်ရေးသမားများကို တူရကီနိုင်ငံက သိသိသာသာ ကူညီထောက်ပံ့မှုများ ပြုလုပ်နေကြောင်း သိရသည်။ သို့သော်လည်းထိုသို့ ပြုလုပ်ခြင်းက နောက်ပိုင်းတွင် တူရကီနိုင်ငံအနေဖြင့် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏ တိုက်ရိုက်ရန်လိုမှုကိုသာ ရင်ဆိုင်ခဲ့ရသည်။

ဂျာမနီ၊ မော်ရိုကိုနှင့် တူနီးရှားနိုင်ငံများကလည်း အကြမ်းဖက်အုပ်စုများ၊ ပဋိပက္ခဒေသတွင်း တိုက်ခိုက်ရေး သို့မဟုတ် လေ့ကျင့်ပေးရေး သို့မဟုတ် အဆိုပါလှုပ်ရှားမှုများပြုလုပ်ရန်အတွက် တပ်သားသစ်စုဆောင်းခြင်းများကို ပြစ်မှုများအဖြစ် ဥပဒေသစ်များပြဋ္ဌာန်းရန် ခွင့်ပြုလိုက်ပြီဖြစ်သည်။ ပြင်သစ်သည် လွန်ခဲ့သောနှစ် ကောင်စီ ဆုံးဖြတ်ချက်ချပြီးကတည်းက ပြင်သစ်နိုင်ငံသားများနှင့် ပြင်သစ်နိုင်ငံတွင်းမှီတင်းနေထိုင်သူများသည် အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်ရန်အတွက် ပြင်သစ်နိုင်ငံ၏အချုပ်အခြာပိုင်နက် အတွင်းမှမထွက်ခွာနိုင်ရန် ကာကွယ်တားဆီးသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ယခုအချိန်ထိ ပြင်သစ်သည် အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး ၎င်းကိုယ်တိုင် ချာလည်လည်နေပြီး ပြင်သစ်နိုင်ငံသားများနှင့် ပြင်သစ်နိုင်ငံတွင် မှီတင်းနေထိုင်ကြသူ စုစုပေါင်း ၁၈၀၀ မှာ ကမ္ဘာ့အနှံ့အပြားရှိ ဂျီဟတ်ဒ်ကွန်ရက်များနှင့် ချိတ်ဆက်စာရင်းပေးသွင်းရန် စီစဉ်လျက်ရှိကြောင်း ဝန်ကြီးချုပ် မန်နျူရယ်ဘဲလ်စ်က ပြောကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့တစ်ဝန်းရှိ အိုင်အက်စ်စစ်သွေးကြွများကို မည်သို့ပင် နည်းဗျူဟာများသုံး၍ နှိမ်နင်းသော်လည်း အပြီးတိုင်အမြစ်ပြတ်ချေမှုန်းနိုင်သည်ဟု၍ မရှိပေ။

ယနေ့ကမ္ဘာ့တစ်ဝန်းတွင် နည်းပညာများ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ အွန်လိုင်းနှင့် အင်တာနက်များကိုလည်း အကြမ်းဖက်သမားများ၏ ဝါဒဖြန့်စည်းရုံးခြင်းမှကာကွယ်ရန် ကမ္ဘာ့နိုင်ငံများစုပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး အိုင်အက်စ်တိုက်ဖျက်ရေး ကမ္ဘာ့အရေးဟု သဘောထားကာ ကမ္ဘာ့နိုင်ငံများက အိုင်အက်စ်များကို အမြစ်ပြတ်ချေမှုန်းရန် ပိုမိုကောင်းမွန်ထိရောက်သော နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာရမည်ဖြစ်ပါကြောင်း။ ။

**မျက်မှောက်အခြေအနေတွင် အိုင်အက်စ် အကြမ်းဖက်သမားများနှင့် ဆက်သွယ်လိုသော သို့မဟုတ် ဆက်သွယ်နေသော နိုင်ငံခြားတိုက်ခိုက်ရေးသမားများ၏အခြေအနေကို အလေးအနက်ဂရုပြုရမည်ဖြစ်သလို အင်တာနက်နှင့် လူမှုမီဒီယာများကို အသုံးပြု၍ တပ်သားသစ်များစုဆောင်းခြင်းနှင့် အမြစ်မြေလှန်ပြောင်းလဲလိုမှု ပြင်းထန်သော နောက်လိုက်များ စုဆောင်းခြင်းကို ပြုလုပ်နေသော အိုင်အက်စ်စစ်သွေးကြွများ၏ မမျှော်မှန်းနိုင်သော စွမ်းရည်များကိုလည်း သတိပြုရမည်ဖြစ်ကြောင်း. . .**

အောက်တိုဘာ (၂၃)ရက်နေ့မှာ

**ဆွေသဟာ**

သုံးစွဲသူပေါင်း



# (၁၀)သိန်း

## ပြည့်သွားခဲ့ပါပြီ

**MPT**
ရှေ့သို့လှမ်းချီ မြန်မာပြည်

ဝန်ဆောင်မှုသုံးစွဲကြသူများ
ယခုထက်မက ပိုမိုများပြားစေဖို့
ဆထက်ထမ်းပိုး ကြိုးစားသွားမှာ ဖြစ်ပါတယ်

| Prepaid | Postpaid |
|---|---|
| သုံးစွဲသူများ | သုံးစွဲသူများ |
| **SWE** | **POSTSWE** |

ဟု ရိုက်၍ **1332** သို့ အခမဲ့ **SMS** ပေးပို့ပြီး
ဆွေသဟာ အစီအစဉ်မှာ ပါဝင်နိုင်ပါပြီ

| Voice Call | SMS | Data |
|---|---|---|
| **23Ks/min** | **10Ks/SMS** | **6Ks/MB** |

## MPT ၏ ဆွေသဟာ အစီအစဉ်အသုံးပြုခြင်းကို ကြိုက်နှစ်သက်သူပေါင်း ၁၀ သန်းအထိရှိလာပြီ။

မြန်မာနိုင်ငံ၏ ထိပ်တန်းဆက်သွယ်ရေးအော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် သုံးစွဲသူမိဘ ပြည်သူများ ပိုမိုအဆင်ပြေစေရန်အတွက် SMS တစ်စောင်ပို့ရုံဖြင့် မြန်နှုန်းမြင့်အင်တာနက်၊ ပိုမိုဈေးသက်သာသော ဖုန်းခေါ်ဆိုခများကို ရရှိခံစားနိုင်သည့် ဆွေသဟာအစီအစဉ်ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလက စတင်ခဲ့သည်။ ဆွေသဟာဟုအမည်ပေးလိုက်ခြင်းသည် MPTသုံးစွဲသူများအနေဖြင့် MPT၏အမြဲတမ်းချစ်ခင်လေးစားရသော ခင်မင်ရင်းနှီးသည့်မိတ်ဆွေများအား အသိအမှတ်ပြုသည့်အနေဖြင့် သတ်မှတ်ပေးခြင်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆွေသဟာအစီအစဉ်ကို သုံးစွဲသူများထံသို့ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရန် အစဉ်တစိုက်အားထုတ်လျက်ရှိသည်။ လက်ရှိ၌ ဆွေသဟာအစီအစဉ်ကို ဖုန်းခေါ်ဆိုခ တစ်မိနစ်လျှင် ၂၃ ကျပ်နှင့် စာတိုတစ်စောင်ကို ၁၀ ကျပ်နှုန်းပေးထားပြီး မြန်နှုန်းမြင့်အင်တာနက်ကို 1 MB လျှင် ၆ ကျပ်ဖြင့် သုံးစွဲနိုင်မည်ဖြစ်သည်။ ထို့ပြင် LINE messaging application ကို အင်တာနက်ဒေတာအခမဲ့ သုံးစွဲနိုင်ခြင်း၊ တစ်နာရီအထိ အများဆုံးဖုန်းပြောကာ ၅ မိနစ်စာသာပေးရသော "နာရီတိုင်းမှာ ၅ မိနစ်စာ" အထူးအစီအစဉ်များကဲ့သို့သော အစီအစဉ်များကိုလည်း ဆွေသဟာသုံးစွဲသူများက ရယူနိုင်ပါသည်။ ဆွေသဟာအစီအစဉ်သည် သုံးစွဲသူများကြား အကြိုက်တွေ့စေခဲ့ပြီး ယခုအခါတွင် ဆွေသဟာအစီအစဉ်ကို ရယူသုံးစွဲသူပေါင်း ၁၀ သန်းအထိ ရှိလာပြီဖြစ်ပါသည်။

ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ ဖုန်းဆင်းမ်ကတ်များကို အသစ်စတင်ဝယ်ယူသုံးစွဲသူ မိဘပြည်သူများအနေဖြင့် ဆွေသဟာအစီအစဉ်ကို သီးသန့်လျှောက်ထားရန်မလိုတော့ဘဲ အလိုအလျောက် ရယူသုံးစွဲနိုင်ရန်လည်း ဝန်ဆောင်မှုအသစ်ကို ပေးထားပြီဖြစ်သည်။ နဂိုမူလ အခြေခံဖုန်းခေါ်ဆိုစနစ်ကို သုံးစွဲနေသူများအနေဖြင့်လည်း ၁၃၃၂ သို့ "POSTSWE" သို့မဟုတ် "SWE" ဟု စာတိုပေးပို့ခြင်းအားဖြင့် ဆွေသဟာအစီအစဉ်ကို အလွယ်တကူ ရယူနိုင်ပါသည်။ ပိုမိုမြန်ဆန်သော အင်တာနက်နှင့် အထူးအစီအစဉ်များကို ရရှိခံစားနိုင်ရန်အတွက် ဆွေသဟာအစီအစဉ်ကို ရယူသုံးစွဲကြရန် မိဘပြည်သူများအား တိုက်တွန်းလိုပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လက်ရှိတွင် သုံးစွဲသူ ၁၆သန်းကျော်ဖြင့် မြန်မာနိုင်ငံ၏ ထိပ်တန်းဆက်သွယ်ရေး အော်ပရေတာအဖြစ် ရပ်တည်လျက်ရှိပြီး သုံးစွဲသူများ၏ ဝေဖန်ချက်၊ အကြံပြုချက်များကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ သုံးစွဲသူမိဘပြည်သူများ၏စကားသံများကို အလေးအနက်ထားခြင်း၊လူမှုမီဒီယာလုပ်ဆောင်ချက်များ၊ ပရဟိတ ဆောင်ရွက်ချက်များဖြင့် မြန်မာ့ဆက်သွယ်ရေးနယ်ပယ်ကိုမြှင့်တင်ပေးပြီး မြန်မာနိုင်ငံနှင့် လူမျိုးများတိုးတက်ဖွံ့ဖြိုးလာစေရန် အားထုတ်လုပ်ဆောင်လျက်ရှိပါသည်။

အစဉ်အမြဲအားပေးခဲ့သော MPT သုံးစွဲသူများအား အမြဲတမ်း စိတ်လှုပ်ရှားဖွယ်ရာ ပျော်ရွှင်မှုများကို ဖန်တီးပေးနေသော MPTသည် ၁၀သန်းမြောက် ဆွေသဟာ ရယူသုံးစွဲသူကို လက်ဆောင်ပေးအပ်သွားမည် ဖြစ်ပါသည်။ ၁၀ သန်းမြောက် ဆွေသဟာရယူသုံးစွဲသူအား MPTမှ ကျပ်ငွေ ၁ သန်းနှင့် ညီမျှသော ဖုန်းငွေဖြည့်ကတ်ကို လက်ဆောင်ပေးအပ်သွားမည်ဖြစ်ပြီး ဆုရရှိသူအား မကြာမီ ထုတ်ပြန်ကြေငြာပေးသွားမည်ဖြစ်ပါ၍ ၁၀သန်းမြောက် ဆွေသဟာ ရယူသုံးစွဲသူသည် ဘယ်သူဖြစ်မလဲလို့ စိတ်လှုပ်ရှားပျော်ရွှင်စွာနဲ့ စောင့်မျှော်ရင်း MPT နဲ့ ဖုန်းဆက်လိုက်ကြပါစို့။

CALL CENTER **106** | call free
24 hours everyday

For more information & detailed terms and conditions :
http://www.mpt.com.mm
https://facebook.com/mptofficialpage

## စစ်ကိုင်းပညာရေးတက္ကသိုလ်
## (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်
## ဓာတ်ပုံ/ဗွီဒီယို ရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀-၁၁-၂၀၁၅ရက်မှ ၂၂-၁၁-၂၀၁၅ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဓာတ်ပုံ/ဗွီဒီယို ရိုက်ကူးခွင့်အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)

၂။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၀၀နာရီ

၃။ **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၀-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၀၀နာရီ

၄။ **တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ** - အစည်းအဝေးခန်းမ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက မော်ကွန်းထိန်း(သင်တန်းရေးရာဌာန)သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၇၂-၂၂၀၉၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးရေးဆပ်ကော်မတီ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက် (၁၀/၂၀၁၅)
### နေပြည်တော်၊ ၁၃၇၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက် (၂၀၁၅ခုနှစ် အောက်တိုဘာလ ၈ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၆ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့် အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြ လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ငွေများပေးသွင်း၍ မှတ်ပုံတင်ပြီးအဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပူးတွဲ ပုံစံ(သမ-၁)တို့တွင် လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ရက်မှ နိုဝင်ဘာ ၁၃ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရပါမည်။

၅။ အဆိုပြုလျှောက်ထားသော ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ကြမ်းခင်းဈေးမှာ လုပ်ကွက်တစ်ကွက်လျှင် ကျပ် ၁၀၀၀၀၀၀ိ/-(ကျပ်တစ်ဆယ်သိန်းတိတိ) ဖြစ်ပါသည်။

၆။ အမည်မည်း (Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာ နယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများကို မိုးကုတ်မြို့၊ မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများနှင့် ဖားကန့်မြို့၊ မိုးညှင်းမြို့၊ ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/2051 Daihatsu HiJet S200 P, P/U (4×2)R) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဝင်း ၁၂/ဗတထ(နိုင်)၀၁၅၈၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁ရက်မှစတင်၍ အောက်ဖော်ပြပါအင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့ သင်တန်းများကိုဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများ**

| | | | |
|---|---|---|---|
| (က) | မြို့ပြအင်ဂျင်နီယာ | (ဆ) | ဓာတုအင်ဂျင်နီယာ |
| (ခ) | စက်မှုအင်ဂျင်နီယာ | (ဇ) | ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ |
| (ဂ) | လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) | သတ္တုတူးဖော်ရေးအင်ဂျင်နီယာ |
| (ဃ) | အီလက်ထရွန်နစ်အင်ဂျင်နီယာ | (ည) | ရေနံအင်ဂျင်နီယာ |
| (င) | သုတနည်းပညာအင်ဂျင်နီယာ | (ဋ) | သတ္တုဗေဒအင်ဂျင်နီယာ |
| (စ) | မက္ကာထရောနစ်အင်ဂျင်နီယာ | (ဌ) | ဗိသုကာ |

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း (Course Work)(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၂)နှစ်၊ အနည်းဆုံး (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်း (Course Work)စာမေးပွဲကို သတ်မှတ်အရည်အချင်းဖြင့် ဖြေဆိုအောင်မြင်သူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)။

(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ M.E/M.Arch. (သို့မဟုတ်)အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ) တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက ၁၇-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)တွင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊အင်းစိန်၌အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်သည်-

| **နေ့ရက်** | **ဖြေဆိုရမည့်ဘာသာရပ်** | **ဖြေဆိုရမည့်အချိန်** |
|---|---|---|
| ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) | အင်္ဂလိပ်စာ | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |
| ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀နာရီမှ ၁၂း၀၀နာရီ |

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၂၇-၁၁-၂၀၁၅ရက် (သောကြာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန် ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၉၆၆၅၇၅၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဒေသအဆင့်ဖိုရမ် ကျင်းပမည်ဖြစ်ကြောင်း
## ကြော်ငြာခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ငါးလုပ်ငန်းဦးစီးဌာန၊ပျိုးပင်အစီအစဉ်နှင့် KOICA အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သည့် ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဒေသအဆင့်ဖိုရမ် (Regional Forum on Inland Fisheries and Aquacultuer Development) ကို ၂၆-၁၀-၂၀၁၅ မှ ၂၇-၁၀-၂၀၁၅ရက်အထိ မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်တွင် ကျင်းပမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်မှ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း)ရှိ ဘိလပ်မြေအိတ်ခွံချုပ်အပ်ချည် ၁၁၁၈၃·၄၈ ပေါင်နှင့် ဂုန်နီကြိုး ၅၂၃၅·၂၆ ပေါင်တို့အား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၄-၁၁-၂၀၁၅ ရက် ၁၅း၃၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃)

**အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း**

## ကြေညာချက်

၁။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက ကျင်းပပြုလုပ်ခဲ့သည့် သစ်တောတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ ဘွဲ့ကြိုပထမနှစ် ဝင်ခွင့်အရည်အချင်းစစ်ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို ၁၉-၁၀-၂၀၁၅ ရက်တွင် သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရေးဖြေစာမေးပွဲအောင်မြင်သူများသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် လူတွေ့စစ်ဆေးခြင်းခံယူရန် သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ ၉-၁၁-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၀-၁၁-၂၀၁၅ ရက် ၁၆း၃၀ နာရီအတွင်း မပျက်မကွက်(မပျက်မကွက်)သတင်းပေးပို့ကြရမည်ဖြစ်ပါသည်။

၃။ သတင်းပေးပို့ချိန်တွင် ဝင်ခွင့်ဖြေဆိုခွင့်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း ထောက်ခံစာ၊ တက္ကသိုလ်ဝင်တန်းအောင်အမှတ်စာရင်းတို့၏ မူရင်းများကို မပျက်မကွက်(မပျက်မကွက်)တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၅၄၇၊ ၀၆၇-၄၁၆၆၈၁ နှင့် www.facebook.com/forestry.uniyezin တို့သို့ ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**သစ်တောတက္ကသိုလ်၊ ရေဆင်း**
**နေပြည်တော်**

### မိခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(သဲတော)၊ တက္ကသိုလ်ဝင်တန်း(က)မှ မအေးခန့်မေ၏ မိခင် အမည်မှန်မှာ ဒေါ်ခင်ဝင်းရီ ၇/အတန(နိုင်)၀၇၅၄၀၉ဖြစ်ပါသည်။

**ဒေါ်ခင်ဝင်းရီ**

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့၊ အထက(သဲတော)၊ တက္ကသိုလ်ဝင်တန်း(D)မှ မဇာခြည်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းကို ၉/သပက(နိုင်) ၀၄၄၈၅ဖြစ်ပါသည်။

**ဦးသိန်းကို**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်ရဲရင့်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးကိုနိုင်ဦး ၁၃/ကလန(နိုင်)၀၄၄၈၆၅ ဖြစ်ပါကြောင်း။

**ဦးကိုနိုင်ဦး**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်ခင်မောင်အေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျီး ၁၃/ကလန(နိုင်)၀၃၈၃၆၆ ဖြစ်ပါကြောင်း။

**ဦးမောင်ကျီး**

### မိခင်အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မစန်းစန်းသင်း၏ မိခင်အမည်မှန်မှာ ဒေါ်သင်းကြိုင် ၁၃/ကလန(နိုင်)၀၀၅၄၅၅ ဖြစ်ပါကြောင်း။

**ဒေါ်သင်းကြိုင်**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းရွှေဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ရွှေ ၁၃/ကလန(နိုင်)၀၄၄၇၈၉ ဖြစ်ပါကြောင်း။

**ဦးအောင်ရွှေ**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မသူဇာနှင်း၏ ဖခင်အမည်မှန်မှာ ဦးဘသန်း ၁၃/ကလန(နိုင်)၀၄၆၃၄၈ ဖြစ်ပါကြောင်း။

**ဦးဘသန်း**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြအောင် ၁၃/ကလန(နိုင်) ၀၅၁၀၂၀ ဖြစ်ပါကြောင်း။

**ဦးမြအောင်**

### မိခင်အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်စိုးဦး၏ မိခင်အမည်မှန်မှာ ဒေါ်တင်အုံး ၁၃/ကလန(နိုင်)၀၄၅၆၈၄ ဖြစ်ပါကြောင်း။

**ဒေါ်တင်အုံး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သီဟလှိုင်၏ မိခင်ဒေါ်ခွေးမ ၉/စကတ(နိုင်)၀၁၉၉၈၆နှင့် ဒေါ်မုန်းတင် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခွေးမ(ခ)ဒေါ်မုန်းတင်**

### အမည်မှန်

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မအိရွှေစင်ဝင်း၏အမည်မှန်မှာ မအိရွှေဇင်ဝင်း ၁၃/လကန(နိုင်)၁၃၆၇၁၃ ဖြစ်ပါကြောင်း။

**မအိရွှေဇင်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အထက(၆)ဘော်ဆိုင်း တက္ကသိုလ်ဝင်တန်းမှ မချစ်ပန်းဝေ၏ ဖခင် ဦးထွန်းအောင် ၁၃/ကလန(နိုင်)၆၄၄၆၄၅ နှင့် ဦးထွန်းဝေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းအောင်(ခ)ဦးထွန်းဝေ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ သားကျင် အထက၊ နဝမတန်းမှ မမေသန္တာဦး၏ ဖခင် ဦးမောင်ဦး ၉/ငဇန(နိုင်) ၀၇၄၄၅၁နှင့် ဦးခင်မောင်ဌေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဒီပဲယင်းမြို့၊အထက ဒီပဲယင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဖြိုးပပထွန်း၏ ဖခင်အမည်မှန်မှာ ဦးရေး ၅/ဒပယ(နိုင်) ၀၇၃၂၉၃ ဖြစ်ပါကြောင်း။

**ဦးရေး**

### ဖခင်အမည်မှန်

ဒီပဲယင်းမြို့၊အထက ဒီပဲယင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဝေဝေထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၅/ဒပယ(နိုင်)၀၈၆၄၆၄ ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး**

### မိခင်အမည်မှန်

ရေဦးမြို့နယ်၊ ဇေယျဝတီကျေးရွာအုပ်စုနေ ဇေယျဝတီ အထကခွဲ၊ တက္ကသိုလ်ဝင်တန်းမှ မမေသူနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ရွှေဌေး YEU-၀၇၁၆၃၆ ဖြစ်ပါကြောင်း။

**ဒေါ်ရွှေဌေး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၆၄၀၁ Kenbo KB 200 ZH ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၇/၀မန(နိုင်)၀၅၆၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၂၄ယ/၉၄၅၅၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝေလွင် ၁၀/ပမန(နိုင်)၁၃၃၂၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

Complete and balanced nutrition
Ensure Life

ချစ်ခင်လေးစားရသူများအတွက်
အကောင်းဆုံးအာဟာရလက်ဆောင်မွန်



Ensure တစ်ခွက်မှာ ဒီအာဟာရတွေအားလုံးပါဝင်ပါတယ်

Ensure Life မှာ အသားဓါတ်၊ ကစီဓါတ် နှင့် အဆီဓါတ် ဗီတာမင်၊ သတ္တုဓါတ်များ ပြည့်စုံမျှတစွာ ပါဝင်ပါတယ်။

Omega 3,6,9 တို့ အချိုးကျစွာ ပါဝင်သောကြောင့် နှလုံးနှင့် သွေးကြောကျန်းမာရေးကို အထောက်အကူဖြစ်စေပါတယ်။

အရိုးများ သန်မာစေဖို့ Calcium၊ Vit D3 နှင့် Vit K တို့ ပါဝင်ပါတယ်။

FOS နှင့် Inulin ကဲ့သို့ အမျှင်ဓာတ်များ ပါဝင်သောကြောင့် အစာချေစနစ်ကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။



no.1 Adult Nutrition Brand From USA

ပြည့်စုံမျှတ နေ့စဉ်အာဟာရ

ENL250815M

PAHTAMA GROUP

Abbott Nutrition Careline 01-8551428 09 260 35 62 62 abbottnutrition@pahtama.com

Abbott



## K . T . AUNG Travels & Tours

NOK AIR လေယာဉ်လက်မှတ်များကို တရားဝင်ကိုယ်စားလှယ်အဖြစ်စတင်ရောင်းချနေပါပြီ

ရန်ကုန် ⟷ ဘန်ကောက် ⟷ ရန်ကုန် အသွားအပြန်ခရီးစဉ်

(က) လေယာဉ်လက်မှတ် (၁) စောင်ဝယ်တိုင်းထီး (၁) လက် လက်ဆောင်၊ (ခ) လက်မှတ်ဝယ်ပြီးအပြန် အိမ်အရောက်ပို့ပေးသည်။
(ဂ) လေယာဉ်လက်မှတ်ဈေးနှုန်းကို ကြိုတင်ဖုန်းဆက်မေးမြန်းပါ။ ဈေးနှုန်းသက်သာမှ ဝယ်ယူအားပေးပါ။

ဗန်ကောက် ⟷ အယုဒ္ဓယ ⟷ ပတ္တရားခရီးစဉ် (၆ ည - ၇ ရက်) 630 U$
ဗန်ကောက် ⟷ ဟေ့ဟင် ⟷ ဖူးကက်ခရီးစဉ် (၇ ည - ၈ ရက်) 750 U$
ဗန်ကောက် ⟷ ချင်းမိုင် ⟷ ရွှေတြိဂံခရီးစဉ် (၇ ည - ၈ ရက်) 800 U$

Passport & Air Ticket Included
စရိတ်ငြိမ်း

Ph: 09 798421949
09 970134049
09 425281244
09 252858844
09 798467178
01 553826

တိုက် အမှတ်(၃)၊ ၃လွှာ၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ် (စံပြ)ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။



## ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို (၃-၁၁-၂၀၁၅)တွင် အလုပ်ချိန်ပြင်ပသင်တန်း ဖွင့်လှစ်ပါမည်။

လစဉ်တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၁၃ယ/၈၈၂၂၅ Honda wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဆေးယုံ ၁၀/ကမရ(နိုင်)၀၁၆၂၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မော်လမြိုင်မြို့)



### လယ်မြေပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

ရန်ကုန်တိုင်း၊ သန်လျင်မြို့ ၊(၆)လမ်းသွားလမ်းမကြီး၊ ဘယက်ကျေးရွာအနီး၊ ပုံစံ(၁၀၅)၊ ပုံစံ(၇)ရှိပြီး မျက်နှာပွင့်ပေ(၆၀၀)ရှိ (၄၇.၇၃)ဧကအကျယ်၊ လယ်မြေ အခြားနည်းသုံးစွဲခွင့်လျှောက်ထားပြီး၊ တစ်ဆက်တည်းရောင်းပါမည်။

ဈေးနှုန်း တစ်ဧက(၃၃၃-သိန်း)

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ခရမ်းသုံးခွလမ်းမကြီးပေါ်တင်၊ သုဝဏ္ဍမွေးကွင်းအနီး ပုံစံ(၁၀၅)၊ ပုံစံ(၇)ရှိပြီး မျက်နှာပွင့်ပေ(၁၁၀၀)ရှိ (၁၃.၀၅)ဧကအကျယ်၊ လယ်မြေ အခြားနည်းသုံးစွဲခွင့်လျှောက်ထားပြီးဖြစ်ပါသည်။

ဈေးနှုန်း တစ်ဧက(၂၇၀-သိန်း)

ဆက်သွယ်ရန် ၊ Ph:09 43056211 , 09 963647799, 09 253390003
(ပိုင်ရှင်ကိုယ်စား - ဦးကျော်ကျော်)



FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

ဂရိတ်ဓေါ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

## အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

# ရွှေအသည်း

အမှတ်တံဆိပ်

## အသည်းအားဆေး

အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး





0613Y010511

* အသည်းရောဂါ ဘီပိုး၊ စီပိုးကို လျော့နည်းတားဆီးနှိမ်နင်းနိုင်ကြောင်း၊ ရောဂါပိုးရှာမတွေ့နိုင်သော အနေအထားသို့ ရောက်ရှိသွားကြောင်းကို ဖော်ပြသည့် Case Study သုတေသနအား တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းခဲ့ပါသည်။
* အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေပြီး အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။
* အသည်းပျက်စီးမှုကို ကာကွယ်ထားခြင်းကြောင့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။ အသည်းခြောက်နေသူများအတွက် ပိုမို၍အသည်းခြောက်ခြင်းမှ လျော့နည်းသက်သာလာစေပါသည်။
* Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
* Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။
* ဤဆေးသည် အမှန်တကယ်ဆေးစွမ်းအာနိသင်ထက်မြက်ကြောင်းကို ခိုင်မာသောအထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းများကို ဂုဏ်သိက္ခာမြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသနညီလာခံများတွင် တင်သွင်းနိုင်ခဲ့ပါသည်။
* နာတာရှည်အသည်းရောဂါရှိသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး/ရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရာ တိုင်းရင်းဆေးဖြစ်ပါသည်။

*Reference :*
(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ၊ ဇွန် ၂၂ ၊ ၂၀၁၃




## တစ်ပေပတ်လည်လျှင် 390,000 ကျပ်ဝန်းကျင်ဖြင့်သာရောင်းချနေပါသည်။

(နေ့စဉ်ငွေလဲနှုန်းပေါ်မူတည်၍ သတ်မှတ်ရောင်းဈေး အပြောင်းအလဲရှိနိုင်ပါသည်။)



သားစဉ်မြေးဆက် ပိုင်ဆိုင်မှုအစစ်အမှန် ပေးနိုင်သော ကွန်ဒိုမီနီယံ

INFINITY BY KHG



အမှတ် ၇၇၊ ကမ္ဘာအေးဘုရားလမ်းမပေါ်တွင် တည်ရှိပါသည်။

ပိုင်လုပ်ငန်းပြီးစီးပါပြီ။

အရောင်းပြခန်း နှင့် အခန်းနမူနာပုံစံများအား လာရောက်လေ့လာပါရန် ဖိတ်ခေါ်အပ်ပါသည်။

စုံစမ်းရန်
၀၉ ၂၅၂၈၅ ၇၇၁၁
၀၉ ၂၅၂၈၅ ၇၇၂၂

အရောင်းပြခန်းနှင့် ရုံးခန်း
အမှတ်(၂၅)၊ (အေ/၈)၊ အေးရိပ်သာ (၂)လမ်း၊
တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
info@khgdevelopment.com | www.khgdevelopment.com

KHG DEVELOPMENT YOUR LIFESTYLE CHOICE



## SHWE TAIK ရွှေတိုက်

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေးလုပ်ငန်း**
**အမှတ် (၂၈၈)၊ အနော်ရထာလမ်းနှင့် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

| | | |
|---|---|---|
| ၁။ | သဃ်န်းကျွန်း၊ ရတနာလမ်း၊ သုံးထပ်ခွဲ RC Full Furn ငှား | 80L/U$ 7000 |
| ၂။ | ပန်းဘဲတန်း၊ ရွှေဘုံသာလမ်း၊ (25' x 60 '), 8F, lift ငှား | U$ 2000 |
| ၃။ | ကျောက်တံတား MAC Tower (28' x 50') နှစ်ခန်းတွဲ၊ ငှား/ရောင်း | 20L/5000 L |
| ၄။ | တောင်ဥက္ကလာ၊ ကန်တော်ကြီး Tower, 3F, Full furn ငှား | 20L |
| ၅။ | တောင်ဥက္ကလာ၊ မြယာကုန်း (22' x 27' x 40'), 5F/6F, lift ရောင်း | 1200L |
| ၆။ | တာမွေ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ (40' x 100'), ဘိုးဘွား၊ ရောင်း | 30000L |
| ၇။ | ဗိုလ်တထောင် ၅၂ လမ်း၊ (30' x 60'), 3F/4F lift ရောင်း | 2500L |
| ၈။ | ပုဇွန်တောင်လမ်းမကြီး၊ (25' x 60')GF, (နှစ်ခန်းတွဲ) ရောင်း | 5000L |
| ၉။ | ကမာရွတ်၊ အနော်ရထာအိမ်ရာ (25' x 50'), (နှစ်ခန်းတွဲ) ရောင်း | 2200L |
| ၁၀။ | ရန်ကင်း၊ အနီဃာလမ်း (50' x 80')၊ ဂရန် RC ရောင်း | 25000L |
| ၁၁။ | ရန်ကင်း၊ မဂ္ဂင်လမ်း (35' x 60')2RC ဂရန်၊ ရောင်း | 6500L |
| ၁၂။ | မရမ်းကုန်း၊ ကမ္ဘာအေးဘုရားလမ်း (65' x 65') ရောင်း | 15000L |
| ၁၃။ | မရမ်းကုန်း J.8 နောက် (40' x 60'), 2 RC ငှား | 35L |
| ၁၄။ | သန်လျင် အလယ်ရွာ၊ ကားလမ်းမအနီး (၂ဧက၊ ၃ ဧက) ရောင်း | 20000L |
| ၁၅။ | FMI City (40' x 60') (80' x 80') (80' x 100') 2RC ရောင်း | ဈေးနှုန်းစုံ |
| ၁၆။ | နဝဒေးအိမ်ရာ ခေါင်မိုးပြာ (60' x 60') (80' x 80') ငှား/ရောင်း | ဈေးနှုန်းစုံ |

အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ဟိုတယ်၊ စက်ရုံ၊ ဂိုဒေါင်၊ လယ်၊ ယာ၊ မော်တော်ယာဉ်ရောင်း၊ ဝယ်၊ ငှား၊ အမွေခွဲစာချုပ်၊ မိသားစု စီမံမှုစာချုပ်၊ ပေးကမ်းစွန့်လွှတ်ခြင်းစာချုပ်၊ ပိုင်ဆိုင်ခြင်းစာချုပ်၊ အမွေထိန်းလက်မှတ်စာဖြင့် ရောင်းဝယ်ခြင်း၊ ကိုယ်စားလှယ်လွှဲစာအမျိုးမျိုး၊ လျှုဒါန်းစာချုပ်၊ သေတမ်းစာချုပ်ရေးသားခြင်း၊ မြေပုံ၊ မြေရာဇဝင်ကူးခြင်း၊ ဂရန်လျှောက်ခြင်း၊ ဘဏ်ပေါင်ပြုလုပ်ပေးခြင်း၊ ကန်ထရိုက် အကျိုးတူဆောင်လုပ်ခြင်း၊ အိမ်၊ ခြံ၊ မြေတွင် ရင်းနှီးမြှုပ်နှံလိုသူများ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၁-၃၈၀၀၀၉၊ ၀၉-၂၅၀၃၆၆၇၇၂၊ ၀၉-၄၂၁၇၃၃၉၁၃**
**E-mail: shwetaik.realeste@gmail.com**


## သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (Support Group for Elderly Doctors) သို့ စက်တင်ဘာလ (၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း လှူဒါန်းသော အလှူငွေစာရင်း

| | | |
|---|---|---|
| ၁။ | Dr. ဒေါ်ခင်ခင်ရီ (Shine Hope Co. ltd) | ၆၀၀,၀၀၀ ကျပ် |
| ၂။ | Prof. ဒေါ်မြအေး | ၃၈၃,၇၀၀ ကျပ် |
| ၃။ | Associate Prof. ဒေါ်မိုးမိုးတင် | ၁၀၀,၀၀၀ ကျပ် |
| ၄။ | Diamond member cards သက်တမ်းတိုးသူ (၅) ဦး | ၂၄၀,၀၀၀ ကျပ် |
| ၅။ | Platinum member cards သက်တမ်းတိုးသူ (၁) ဦး | ၃၀,၀၀၀ ကျပ် |
| ၆။ | Gold member cards သက်တမ်းတိုးသူ (၂) ဦး | ၄၀,၀၀၀ ကျပ် |
| ၇။ | Silver member cards သက်တမ်းတိုးသူ (၁၉) ဦး | ၁၉၀,၀၀၀ ကျပ် |
| ၈။ | Dr. ဦးခင်မောင်လွင်+ Dr. ဒေါ်ခင်ခင်ဌေး (FAME Pharmaceuticals မိသားစု) | ၁,၀၀၀,၀၀၀ ကျပ် |
| | စုစုပေါင်းတန်ဖိုးငွေ | ၂,၅၈၃,၇၀၀ ကျပ် |

❁ အလှူရှင်များအားလုံးကို SGED အလုပ်အမှုဆောင်အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါသည်။ ❁

အလှူငွေများကို SGED office (MMA) အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် (သို့) Day Care Centre - အမှတ်(၁၄ အေ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တွင် လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ ▶ ၀၁-၃၉၄၂၂၉၊ ၀၉-၇၃၀၂၈၁၈၆၊ ၀၁-၈၆၀၃၅၁၃

စက်တင်ဘာလတွင်လှူဒါန်းထားပြီး ဤအလှူရှင်စာရင်း၌မပါဝင်ပါက အထက်ပါလိပ်စာများသို့ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၂ယ/၇၇၄၂၃ ဟွန်ဒါ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းမွန်း ၁၃/ဆဆန(နိုင်)၀၃၀၅၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၈၉၉၆၅ ဟွန်ဒါဒရင်း(မ်) 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထွန်း ၁၀/ရမန(နိုင်)၀၉၅၅၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၉၂၇၀ ဟွန်ဒါဒရင်း(မ်) 125 M ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၁၀/မဒန(နိုင်)၁၂၁၉၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၃၀၄၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)တနင်္လာနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
နာယက




ကမ္ဘောဇအသင်းနှင့် ဟံသာဝတီအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# အိမ်ကွင်းနောက်ဆုံးပွဲ၌ ကမ္ဘောဇအသင်းအနိုင်ရ

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ တောင်ကြီးကွင်း၌ ကမ္ဘောဇအသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကမ္ဘောဇအသင်းသည် ယခုရာသီ အိမ်ကွင်းနောက်ဆုံးပွဲတွင် ဟံသာဝတီအသင်းကို နောက်ကျပယ်နယ်တီဂိုးဖြင့် အနိုင်ယူပြီး နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ စောစီးစွာ ဂိုးများရခဲ့သော်လည်း အကောင်းဆုံးပုံစံပြသနိုင်ခြင်းမရှိ၍ ဂိုးများပြန်ပေးခဲ့ရပြီး အနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည်။ ဟံသာဝတီအသင်းမှာ အဝေးကွင်း၌ ရလဒ်ကောင်းများရရှိရန် ကြိုးပမ်းခဲ့ပြီး ရှုံးပွဲကြုံတွေ့သော်လည်း တန်းဆင်းဇုန်မှ အခြားအသင်းများ၏ ရလဒ်ကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်သွားပြီဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစပိုင်းတွင် ကမ္ဘောဇအသင်း ပိုဖိကစားနိုင်ခဲ့သည်။ ပွဲအစ ၁၃ မိနစ်မှာပင် ကမ္ဘောဇအသင်းနှစ်ဂိုးရခဲ့ပြီး ကိုးမိနစ်တွင် ဖိုလန်နှင့် ၁၃ မိနစ်တွင် ဂျော်ဂျီတို့က သွင်းယူပေးခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ကမ္ဘောဇအသင်း မထင်မှတ်ဘဲ ကစားကွက်ပျက်သွားပြီး ဟံသာဝတီအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၂၄ မိနစ်တွင် ဟံသာဝတီအသင်း ပထမချေပဂိုးရရှိခဲ့ပြီး မောင်မောင်လွင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

သတင်း-ညီမြတ်သော်တာ

**ယနေ့ ⇄ မာ တိ ကာ**


အမေရိကသမိုင်းတွင် အင်အားအပြင်းဆုံးမုန်တိုင်း မက္ကဆီကို ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ် စာ » ၄
သင့်ရင်ထဲက ပန်းဥယျာဉ် ဆောင်းပါး စာ » ၆
ပေ ၂၄၀ အရှည်ရှိ ပုလောကုန်း-ဝက်တိုး တံတားဖွင့် စာ » ၇
မြေနီလမ်း တူးဖော်စဉ် ဗုံးသီးတစ်လုံးတွေ့ရှိ စာ » ၁၃


**တိမ်အသင့်အတင့်ဖြစ်ထွန်း** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# ၂၀၁၆ အာဆီယံ အမျိုးသမီးပြိုင်ပွဲနှင့် အာဆီယံဖူဆယ်ပြိုင်ပွဲ မြန်မာ၌ ကျင်းပမည်

သတင်း-ရဲရင့်ရှိန်း

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် အာဆီယံဖူဆယ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးကို အောက်တိုဘာ ၂၄ ရက်က မလေးရှားနိုင်ငံ Kuantan မြို့၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးတင်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲနှစ်ခုကို

စာမျက်နှာ ၁၄ ကော်လံ ၃ ✪

# ဟိုတယ်စီမံကိန်းကြောင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်နိုင်မှုများနှင့် ပတ်သက်၍ ဆွေးနွေး



မူဆယ်ခရိုင် မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန်ဝင်းအတွင်း၌ တည်ဆောက်မည့် ဟိုတယ်ပုံစံငယ်ကို တွေ့ရစဉ်။

**မူဆယ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန်ဝင်းအတွင်း၌ New Star Light ဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်မည့် IBIS Style Hotel စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် အကျိုးသက်ရောက်နိုင်ခြေများနှင့်ပတ်သက်၍ ကုမ္ပဏီမှ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းရှင်းလင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

ရှင်းလင်းပွဲတွင် New Star Light ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးဆောင်ဒါရိုက်တာ ဦးတင်ငွေက ဟိုတယ်ဆောက်လုပ်ပုံစနစ်နှင့် ရေဆိုးစွန့်ပစ်မည့် စနစ်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး ပတ်ဝန်းကျင်လူမှုစီးပွား ထိခိုက်မှုဆန်းစစ်ခြင်းအဖွဲ့(Green Myanmar Enviromental Service- GMES) မှ အထွေထွေမန်နေဂျာ ဦးစိန်သောင်းဦးနှင့် ဒေါက်တာကျော်စွာတင့်တို့က စီမံကိန်းကြောင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်နိုင်မည့် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❋




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS



မြန်မာ့အလင်း

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

အောက်တိုဘာ ၂၅၊ ၂၀၁၅ (တနင်္ဂနွေနေ့)

# ခရီးသည်နှင့်ကုန်စည်များ လုံခြုံချောမွေ့စွာ များများသယ်ယူ၊ မြန်မြန်ပို့ဆောင်

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

**ရထားတွဲဆိုင်း ၂၅ ဆိုင်း ခေါက်ရေ ၂၂၅ ခေါက်**

၇-၁၂-၂၀၁၄ ရက်နေ့မှစ၍ ကမ်းနားလမ်းတစ်လျှောက် ပုဇွန်တောင်-ပန်းဆိုးတန်း-ထော်လီကွေ့အထိ RBE ရထားစတင်ပြေးဆွဲသည်။

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ရထားတွဲဆိုင်း ၂၀ ဆိုင်းအသုံးပြု၍ ခေါက်ရေ ၂၀၀ ပြေးဆွဲခဲ့ရာမှ လက်ရှိတွင် တွဲဆိုင်း ၂၅ ဆိုင်း ခေါက်ရေ ၂၂၅ ခေါက်သို့ တိုးမြှင့်ပြေးဆွဲပေးနေသည်။

**လျှပ်စစ်ရထားလမ်းသစ်**

ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူများ နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ကြောကျပ်တည်းမှုပြဿနာကို တစ်ဖက်တစ်လမ်းမှ ထိရောက်စွာဖြေရှင်းပေး နိုင်ရေးအတွက် ရထားလမ်းခုံးကျော်တံတား အမှတ်(၂)အင်းစိန်ကို ၁၇-၈-၂၀၁၅ ရက်နေ့တွင် တည်ဆောက်ဖွင့်လှစ် ပေးခဲ့ပြီး ဖြစ်သည်။

ရန်ကုန်မြို့ကမ်းနားလမ်းတွင် ပထမဦးဆုံးပြေးဆွဲမည့် လျှပ်စစ်ရထား(Tram) စနစ်အတွက် လင်းစဒေါင်း- ထော်လီကွေ့လမ်းပိုင်း ၃ ဒသမ ၆ မိုင်ကို Dual Gauge လျှပ်စစ်ရထားလမ်းသစ်အဖြစ် စတင်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

လမ်းပိုင်းအသီးသီးတွင် သက်တမ်းကျော်လွန်လျက်ရှိသည့် တွဲဟောင်းများအစား ခေတ်မီသစ်လွင်သော တွဲသစ်ငါးတွဲဖြင့် အစားထိုးပြေးဆွဲပေးနိုင်ခဲ့သည်။

လေးနှစ်တာကာလအတွင်း ရထားလမ်းခရီးမိုင် ၁၈၉ ဒသမ ၈၅ မိုင်၊ သံလမ်းမိုင် ၂၀၃ ဒသမ ၆၉ မိုင်၊ ဘူတာ ၄၅ ဘူတာနှင့်တံတားကြီး/ငယ် ၅၇၇ စင်းတို့ကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

*စာမျက်နှာ (ဂ) သို့*



## အမျိုးသားပြန်လည်သင့်မြတ်ရေး အလွန်အရေးကြီး

အမျိုးသား ပြန်လည်သင့်မြတ်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက်မှာ နိုင်ငံရေးအင်အားစုတွေကြား၊ နိုင်ငံရေးခေါင်းဆောင်တွေကြားမှာ ကျယ်ပြန့်တဲ့သဘောတူညီချက်တွေ မရရှိခဲ့တဲ့အတွက် တိုင်းပြည်နစ်နာခဲ့ရတာကို သင်ခန်းစာယူပြီး ကျွန်တော့်အနေနဲ့ နိုင်ငံရေးခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပုံစံမျိုးစုံနဲ့ ပြုလုပ်ခဲ့ပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)



တည်ဆောက်ဖွင့်လှစ်ခဲ့သည့် အင်းစိန်ရထားလမ်းခုံးကျော်တံတား အမှတ်(၂)ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ရထား)

# ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးနှင့် ကူးသန်းရောင်းဝယ်မှုတိုးတက်လာစေရေးတွင် တစ်တပ်တစ်အားပါဝင်

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

စက်သုံးဆီတင်သွင်းမှုကို နိုင်ငံခြားငွေရှိသည့် မည်သည့်ပုဂ္ဂလိကလုပ်ငန်းရှင်ကိုမဆို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ ပုံမှန်ကုန်သွယ်မှုနည်းလမ်း LC / TT ဖြင့် တင်သွင်းခွင့်ပြုခဲ့သည်။

စက်သုံးဆီနှင့် စားသုံးဆီများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ဒေသတွင်းသုံးစွဲရန် နယ်စပ်ကုန်သွယ်မှုနည်းလမ်း ကျပ်ငွေကြေးဖြင့် ခွင့်ပြုလျက်ရှိရာမှ ဒေသကန့်သတ်ချက်မထားတော့ဘဲ လုပ်ထုံးလုပ်နည်း တစ်ပြေးညီဖြစ်စေရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် Specification စံနှုန်းဖြင့် မြန်မာနိုင်ငံစက်သုံးဆီအသင်းဝင် မှတ်ပုံတင်ဖြင့်တင်သွင်း၍ လွတ်လပ်စွာဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့သည်။

၂၀၁၂ ခုနှစ် မေလ ၇ ရက်နေ့မှစ၍ မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ် သို့မဟုတ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော မြန်မာနိုင်ငံသားတိုင်း မည်သူမဆို ပြည်ပမှ ၂၀၀၇ ခုနှစ်နှင့်အထက် ထုတ်လုပ်သော လူစီးမော်တော်ယာဉ်(ဆလွန်း၊ ဝက်ဂွန်၊ ဗင်၊ ဆီဒင်၊ ပစ်ကပ် အစရှိသည့်) တစ်စီးစီ တင်သွင်းခွင့်ပြုခဲ့သည်။

*စာမျက်နှာ (ခ) သို့*



မူဆယ်မြို့နယ်ရှိ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် စက်တင်ဘာ တတိယပတ်အတွင်းမှစ၍ သွင်းကုန် ထုတ်ကုန်ကား အများအပြား ဝင်ရောက်လာမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သန့်စင်(၁၀၅)မိုင်

# ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



***ရှေ့ဖုံးမှ***

၂၀၁၄ ပြက္ခဒိန်နှစ်အတွက် ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုခဲ့သည်။

City Bus၊ ကုန်တင်ယာဉ်(Truck)၊ Mini Bus၊ အင်ဂျင်ပါဝါ ၆၆၀ ရှိသော Carry Mini Truck နှင့် Express တို့ကို လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ထုတ်လုပ်သည့် ယာဉ်များတင်သွင်းခွင့် ပြုပေးသည်။

ကုမ္ပဏီလုပ်ငန်းရှင်များအား တစ်တန်မှ သုံးတန်အထိ လိုက်ထရပ်မော်တော်ယာဉ်များကို ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ တင်သွင်းခွင့်ပြုပြီးဖြစ်သည်။

၂-၁၂-၂၀၁၂ ရက်နေ့မှစတင်၍ ကုန်သွယ်မှုဆောင်ရွက်သော ကုမ္ပဏီများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ သင်္ဘောသားများ၊ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်ပြီး အခွန်ဆောင်သူများအပါအဝင် အခွန်ထမ်းပြည်သူများအား ရောက်ရှိသည့်ခုနှစ်မှ လွန်ခဲ့သော ငါးနှစ်အတွင်း ထုတ်လုပ်သည့် ဘယ်မောင်း/ညာမောင်းယာဉ်များကို တင်သွင်းခွင့်ပြုသည်။

**ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုနှင့် ပြောင်းလဲမှုအခြေအနေများ**

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ မြေပဲဆီ၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းဆီ၊ လယ်ယာထွက်ကုန်ပစ္စည်းများအနက်မှ ဝါနှင့် ဝါထွက်ပစ္စည်း (ဝါဂွမ်း၊ ချည်မျှင်)ကို ပြည်ပသို့ တင်ပို့ခွင့်ပြုသောပစ္စည်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်းကို ထုတ်ပြန်ခဲ့သည်။

တင်သွင်းခွင့်မပြုရန် ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းများအနက် ပထမအဆင့်အနေဖြင့် အချိုမှုန့်၊ အချိုရည်၊ ဘီစကွတ်မျိုးစုံ၊ စည်သွပ်ဘူးများ (အသားနှင့်သီးစုံ)၊ ခေါက်ဆွဲခြောက်အမျိုးမျိုးစသည့် လူသုံးကုန်ပစ္စည်း ငါးမျိုးကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသမှ FDA ထောက်ခံချက်ပါရှိပါက နှစ်နိုင်ငံငွေကြေး သို့မဟုတ် နိုင်ငံတော်မှ သုံးစွဲခွင့်ပြုထားသော ငွေကြေးတစ်ရပ်ရပ်ဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှစ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းခွင့်ပြုခဲ့ပြီး Chewing Gum၊ Cakes၊ Wafer၊ Chocolate ပစ္စည်းအမယ်လေးမျိုးကို FDA ထောက်ခံချက်ဖြင့် ပြန်လည်တင်သွင်းခွင့်ပြုခဲ့သည်။

ယာဉ်ယန္တရားများကို ယခင်ကလိုင်စင်တစ်စောင်နှင့် လုပ်ငန်းသုံးယာဉ်ငါးစီးသာ လျှောက်ထား၍ ထိန်းချုပ်မှုရှိခဲ့သော်လည်း ၂၅-၄-၂၀၁၁ ရက်နေ့မှစ၍ လုပ်ငန်းခွင်၌ အမှန်တကယ်အသုံးပြုရန် လိုအပ်သည့် အရေအတွက်ကို အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုခဲ့သည်။

၂၀၁၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်းအရ လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားယာဉ်များ တင်သွင်းခွင့်ကို ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ခဲ့သည်။

သွင်းကုန်လိုင်စင်/ပါမစ်မလိုဘဲ တင်သွင်းလာသော ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်/ပါမစ်ကြေး ကောက်ခံခြင်းကို ကင်းလွတ်ခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့လျက်ရှိသည့် ပို့ကုန်၊ သွင်းကုန်ပစ္စည်းများအနက် ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုး စုစုပေါင်း ၃၁၈ မျိုးတို့ကို Automatic Licensing စနစ်ဖြင့် ၁၂-၆-၂၀၁၂ ရက်နေ့မှစတင်ဆောင်ရွက်ပေးခဲ့ပြီး ၁-၃-၂၀၁၃ ရက်နေ့မှစ၍ အဆိုပါ ပို့ကုန်၊ သွင်းကုန်ပစ္စည်းများကို ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုဘဲ (No Licence Requirement) အဖြစ် သတ်မှတ်၍ တင်ပို့/တင်သွင်းခွင့်ပြုခဲ့သည်။

ပို့ကုန် ၁၅၂ မျိုးနှင့် သွင်းကုန် ၁၆၆ မျိုး သတ်မှတ်ပေးခဲ့ခြင်းကို H.S Code လိုင်းများအလိုက် ပြန်လည်စိစစ်ချက်အရ သွင်းကုန် ၁၆၆ မျိုးအစား ၅၉၃ မျိုးအဖြစ် ထုတ်ပြန်ခဲ့ပြီး ၎င်းအနက် ကားတာယာနှစ်မျိုးကို လိုင်စင်ပြန်လည်လျှောက်ထားရန် ထုတ်ပြန်ခဲ့၍ ၁၉၂၆ လိုင်းကို လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုခဲ့သည်။

ထပ်မံ၍ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုသည့် ပို့ကုန်ပစ္စည်း ၁၅၂ မျိုးအပေါ် လက်ရှိကျင့်သုံးနေသော H.S Code ၂၀၁၂ Version စနစ်ဖြင့် H.S Code လိုင်းပေါင်း ၉၈၃ လိုင်းအဖြစ် ထပ်မံသတ်မှတ်ခွင့်ပြုခဲ့သည်။

သွင်းကုန် ၁၆၆ မျိုးအစား H.S Code လိုင်းပေါင်း ၁၉၂၆ လိုင်းဖြင့် လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုခဲ့သည့်အပြင် ထပ်မံ၍ H.S Codeလိုင်းပေါင်း ၁၅၃ လိုင်းအား လိုင်စင်ရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုခဲ့သဖြင့် H.S Code လိုင်းပေါင်း ၂၀၇၉ လိုင်းအထိ ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်စည်စာရင်း၊ မြန်မာနိုင်ငံ၏ H.S Code ၂၀၁၂ Version အရ ၄၄၀၅ လိုင်းကို (Negative List) ဖြင့် ထုတ်ပြန်ခဲ့သည်။

ကူးသန်းရောင်းဝယ်ရေးစခန်းများတွင် နယ်စပ်ကုန်သွယ်မှု (Border Trade) စနစ်ဖြင့် တင်သွင်းမှုအတွက် ပို့ကုန်ကြောင့် ရငွေကျပ် (Earning) မလိုဘဲ သွင်းကုန်တင်သွင်းခွင့်ကို ခွင့်ပြုပေးခဲ့သည်။

**လက်ကားကုန်စည်ဒိုင် ၅၅ ဒိုင်**

ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုနှင့် ကူးသန်းရောင်းဝယ်မှုတိုးတက်လာစေရေး၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ရောင်းဝယ်မှု တိုးတက်လာစေရေးတို့အတွက် ကုန်စည်များစီးပွားဖြစ်ထုတ်လုပ်ထွက်ရှိရာ မြို့ကြီးများတွင် လက်ကားကုန်စည်ဒိုင် ၅၅ ဒိုင် ဖွင့်လှစ်နိုင်ခဲ့သည်။

**အထူးပြုကုမ္ပဏီ ၈၀ ကျော်**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ဆန်စပါးအထူးပြုကုမ္ပဏီ ၆၄ ခု၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီ ၂၂ ခုနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီတစ်ခု စုစုပေါင်း အထူးပြုကုမ္ပဏီ ၈၇ ခု ကို ဖွဲ့စည်းနိုင်ခဲ့သည်။

**ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့ ၂၅၀ ခန့်နှင့် အစုအဖွဲ့ ၁၅၀ ခန့်**

ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှုမြှင့်တင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးကုန်သည်အသင်းများ တိုးချဲ့ဖွဲ့စည်းနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (စက်တင်ဘာလအထိ) တိုင်းဒေသကြီး/ပြည်နယ်များတွင် လုပ်ငန်းအလိုက် အသင်းအဖွဲ့ပေါင်း ၂၄၇ ဖွဲ့ နှင့် အစုအဖွဲ့ပေါင်း ၁၄၄ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

**MYANTRADE Project**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် သွားရောက်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြန်မာနိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနထူထောင်ရန်အတွက် အကူအညီပေးရန် သဘောတူညီမှုရရှိခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA)တို့သည် ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်နေ့တွင် သဘောတူညီမှုစာလွှာ Letter of Intent (LOI) ကို ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည့် Korea-Myanmar Economic Forum အခမ်းအနားတွင် လက်မှတ်ရေးထိုးခဲ့သည်။

Master Plan ရေးဆွဲခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကိုရီးယားနိုင်ငံ ODA နည်းပညာအကူအညီဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းနှင့် ဆောင်ရွက်လျက်ရှိသည်။

**မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန** (MTC)

ရန်ကုန်တိုင်းဒေသကြီးရုံး တတိယထပ်တွင် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန (MTC) ကို ၂၀-၆-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရုံးတွင် ရတနာပုံကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနကို ၃၁-၁၂-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မနောမြေ ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနကို ၇-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဇေယျာကုန်သွယ်မှုဗဟိုဌာနကို ၁၂-၅-၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧရာကုန်သွယ်မှုဗဟိုဌာနကို ၂၀-၃-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အမြဲတမ်းပို့ကုန်ပြခန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ထွက်ကုန်များ၊ ပြည်ပသို့ တင်ပို့နေသည့် ပြည်တွင်းထွက်ကုန်ပစ္စည်းနှင့် အလားအလာရှိသည့်ထုတ်ကုန်များကိုလည်း ပြသလျက်ရှိသည်။

**ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွင်းဆင်းလေ့လာခြင်း၊ စာရင်းဇယားများရယူခြင်းနှင့် လိုအပ်ချက်များမေးမြန်းဖော်ထုတ်ခြင်းတို့ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ကျေးရွာပေါင်း ၃၉၄၁ တွင် လုပ်ငန်းအရေအတွက်ပေါင်း ၁၄၄၃၆ ကို ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် အစုအဖွဲ့ ဖွဲ့စည်းမှု၊ ချေးငွေပံ့ပိုးနိုင်မှုအခြေအနေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ အစုအဖွဲ့ပေါင်း ၃၀၁၆ ဖွဲ့ကို ချေးငွေ စုစုပေါင်း ငွေကျပ် ၆၁၆၄ ဒသမ ၁၅၅ သန်းဖြစ်သည်။

**ပြည်တွင်း ပြည်ပကုန်စည်ပြပွဲများ**

ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများကို ပြည်ပနိုင်ငံများသို့ လည်းကောင်း၊ ပြည်တွင်းတွင်လည်းကောင်း ပြသနိုင်ရန် စီစဉ်ဆောင်ရွက်မှုအနေဖြင့် နှစ်စဉ်ပုံမှန် ပြပွဲကြီးများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဇွန်လတွင်ကျင်းပသည့် ကူမင်းပို့ကုန်၊ သွင်းကုန်ကုန်စည်ပြပွဲ၊ နန်နင်းမြို့၌ စက်တင်ဘာလတွင် ကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲ၊ မြန်မာနိုင်ငံ မူဆယ်နှင့်တရုတ်နိုင်ငံ ရွှေလီမြို့တွင် နှစ်စဉ်အလှည့်ကျကျင်းပသည့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲများရှိသည်။

ပြည်တွင်းသို့ ပြည်ပနိုင်ငံများမှ လာရောက်ကျင်းပသည့် ကုန်စည်ပြပွဲ ၁၂၉ ကြိမ်၊ မြန်မာနိုင်ငံမှ ပြည်ပသို့သွားရောက်ပြသသည့် ကုန်စည်ပြပွဲ ၁၀၆ ကြိမ်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပခဲ့သည့် ဒေသထွက်ကုန်ပြပွဲ (၁၄)ကြိမ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ကျင်းပနိုင်ခဲ့သည်။


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုနှင့် ကူးသန်းရောင်းဝယ်မှု တိုးတက်လာစေရေး၊ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်ရောင်းဝယ်မှုတိုးတက်လာစေရေး၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုမြှင့်တင်ရေး စသည်တို့အတွက် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မြန်မာနိုင်ငံ၏ ကုန်သွယ်မှု အခြေအနေ**

တန်ဖိုး - ဒေါ်လာသန်းပေါင်း

| စဉ် | ဘဏ္ဍာနှစ် | လျာထားချက် | | | အမှန်ဆောင်ရွက်မှု | | | ဆောင်ရွက်နိုင်မှု % |
|---|---|---|---|---|---|---|---|---|
| | | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | |
| ၁ | ၂၀၁၁-၂၀၁၂ | ၉၂၁၈ | ၆၉၆၂ | ၁၆၁၈၀ | ၉၁၃၆ | ၉၀၃၅ | ၁၈၁၇၁ | ၁၁၂% |
| ၂ | ၂၀၁၂-၂၀၁၃ | ၉၃၉၀ | ၉၇၁၀ | ၁၉၁၀၀ | ၈၉၇၇ | ၉၀၆၉ | ၁၈၀၄၆ | ၉၄% |
| ၃ | ၂၀၁၃-၂၀၁၄ | ၁၂၅၂၆ | ၁၃၀၃၄ | ၂၅၅၆၀ | ၁၁၂၀၄ | ၁၃၇၆၀ | ၂၄၉၆၃ | ၉၈% |
| ၄ | ၂၀၁၄-၂၀၁၅ | ၁၂၇၀၀ | ၁၃၀၀၀ | ၂၅၇၀၀ | ၁၂၅၂၄ | ၁၆၆၃၃ | ၂၉၁၅၇ | ၁၁၃% |
| ၅ | ၂၀၁၅-၂၀၁၆ စက်တင်ဘာလထိ | ၁၂၉၀၀ | ၁၇၀၀၀ | ၂၉၉၀၀ | ၅၅၁၂ | ၇၈၄၈ | ၁၃၃၆၀ | ၄၅% |

၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ( စက်တင်ဘာလထိ )
မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေပြဂရပ်




> “ မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့လျက်ရှိသည့် ပို့ကုန်၊ သွင်းကုန်ပစ္စည်းများအနက် ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုး စုစုပေါင်း ၃၁၈ မျိုးတို့ကို **Automatic Licensing** စနစ်ဖြင့် ၁၂-၆-၂၀၁၂ ရက်နေ့မှ စတင်ဆောင်ရွက်ပေးခဲ့ပြီး ၁-၃-၂၀၁၃ ရက်နေ့မှစ၍ အဆိုပါ ပို့ကုန်၊ သွင်းကုန်ပစ္စည်းများကို ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုဘဲ **(No Licence Requirement)** အဖြစ် သတ်မှတ်၍ တင်ပို့/တင်သွင်းခွင့်ပြုခဲ့ ”



မော်တော်ကားတင်သွင်းခွင့်မူဝါဒပြောင်းလဲပြီးနောက် တင်သွင်းလာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ - မြတ်သန္တာမောင်)

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



***ရှေ့ဖုံးမှ***

ဒီဇယ်စက်ခေါင်း ၃၇၇ လုံး၊ RBE စက်ခေါင်း ၁၈၆ လုံး၊ လူစီးတွဲ ၁၃၆၉ တွဲ၊ ကုန်တွဲ ၃၃၈၄ တွဲတို့ဖြင့် ရထားလမ်းပိုင်းအသီးသီးတွင် ပြေးဆွဲအသုံးပြုလျက်ရှိသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ လူစီးတွဲနှင့်ကုန်တွဲလျာထားချက် တွဲ ၁၅၀ တွင် တွဲ ၁၆၀ တည်ဆောက်ပြီးစီးခဲ့သဖြင့် လျာထားချက်ထက် ၁၀၆ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ရန်ကုန်ဘူတာကြီးယာဒ်ဝင်း ၆၃ ဒသမ ၆၂၂ ဧကကို နိုင်ငံတကာအဆင့်မီ Development Area အဖြစ် နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာသန်း ၆၀ ဖြင့် စက်ခေါင်း၊ တွဲနှင့်စက်အရန်ပစ္စည်းများ၊ သံလမ်းပြုပြင်ထိန်းသိမ်းရေး စက်ပစ္စည်းကိရိယာများ၊ ပို့ကုန်သွင်းကုန်ဘဏ်ချေးငွေ (အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၃၁ သန်း)ဖြင့် စက်ပစ္စည်းများကို ဝယ်ယူခဲ့သည်။

ဂျပန်နိုင်ငံ ODA Loan ဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအဆင့်မြှင့်တင်မွမ်းမံခြင်း လုပ်ငန်းအဆင့်-၁ (ရန်ကုန်-တောင်ငူ (၁၆၆)မိုင် အဆင့်မြှင့်တင်ရေးလုပ်ငန်းစီမံကိန်း) ( Japan ODA Loan အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၆ သန်းကိုလည်းကောင်း၊ နည်းပညာအကူအညီဖြင့် ရထားလုပ်ငန်းများ လုံခြုံချောမွေ့စေရေးနှင့် ဝန်ဆောင်မှုများ ပိုမိုတိုးတက်စေရေးစီမံကိန်း (အမေရိကန်ဒေါ်လာ ၃ သန်း)ကို လည်းကောင်း၊ မြန်မာ့မီးရထားကွန်ရက်အတွင်း ရထားပြေးဆွဲမှုကို ဗဟိုဌာနမှ ထိန်းချုပ်သည့်စနစ်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိရိယာပစ္စည်းများ တပ်ဆင်မည့်စီမံကိန်း (ရန်ကုန်-ပြွန်တန်ဆာလမ်းပိုင်း ၈၇ မိုင်) (ဂျပန် ယန်း ၄ ဘီလီယံ)ကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးစားပေးဝယ်သူချေးငွေ (အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၇၈၇ သန်း) ဖြင့် စက်ခေါင်းသစ်တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ်တည်ဆောက်ရေးစက်ရုံစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။

ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေ (အမေရိကန်ဒေါ်လာ ၄၅ သန်း)ဖြင့် လူစီးတွဲ ၁၀၀ ဝယ်ယူရေး ဆောင်ရွက်လျက်ရှိသည်။

**ခရီးသည်ဦးရေ သန်း ၂၀၀ ကျော် သယ်ယူပို့ဆောင်**

မြန်မာ့မီးရထားအနေဖြင့် ၁-၄ -၂၀၁၁ မှ ၃၁-၃ -၂၀၁၅ ရက်နေ့အထိ ခရီးသည်ဦးရေ ၂၁၉ ဒသမ ၃၀၉ သန်းနှင့် ကုန်တန်ချိန် ၁၁ ဒသမ ၁၇ သန်း သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး ခရီးသည်မိုင် ၉၉၀၅ ဒသမ ၃၇၈ သန်းနှင့် ကုန်တန်မိုင် ၃၃၆ ဒသမ ၈၉၃ သန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

Road Safety **မထိခိုက်စေသော** Extra Accessories**များ ပြောင်းလဲတပ်ဆင်ခွင့်ပြု**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် မော်တော်ယာဉ်ဥပဒေကို ၈-၉-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေနှင့်ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေတို့ကို ပြင်ဆင်/အသစ်ရေးဆွဲ၍ အတည်ပြုနိုင်ရေးဆောင်ရွက်နိုင်ခဲ့သည်။

မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်လာရောက်ဆောင်ရွက်ရာတွင် လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ ဓာတ်ပုံပါစိစစ်ရေးကတ်တစ်ခုခု၏ မိတ္တူရယူဆောင်ရွက်ပေးခဲ့သည်။

အခွန်ကိစ္စဆောင်ရွက်ပြီးကြောင်းကို စိစစ်ခြင်းမပြုတော့ဘဲ ဆောင်ရွက်ပေးသည်။ ယာဉ်စစ်စေလွှတ်ခြင်းမပြုတော့ဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသည်။

၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးမှစ၍ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစနစ်များ ပြောင်းလဲသတ်မှတ်ခဲ့ခြင်း၊ နှစ်လဲယာဉ်စစ်ဆေးရာတွင် လုပ်ငန်းမြန်ဆန်စေရေးအတွက် စက်ပြောင်းနှင့်မှတ်ပုံတင်ရန် လိုအပ်ချက်ရှိသော ကိစ္စရပ်များမှလွဲ၍ ကျန်ယာဉ်များ၏ စက်ခဲခြစ်များ ရယူမှုမပြုတော့ပါ။

ယာဉ်ပိုင်ရှင်များ အဆင်ပြေချောမွေ့စေရေးအတွက် Road Safety မထိခိုက်စေသော Extra Accessories များ ပြောင်းလဲတပ်ဆင်ခြင်းကို ခွင့်ပြုပေးလျက်ရှိသည်။

၁-၄-၂၀၁၂ ရက်နေ့မှစ၍ ရေယာဉ်များ၏ လုပ်ငန်းလိုင်စင်ကိစ္စရပ်များကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ကုန်းလမ်းသွားယာဉ်များ၏ လုပ်ငန်းလိုင်စင်ကိစ္စများကိုသာ ဆောင်ရွက်လျက်ရှိသည်။

မော်တော်ယာဉ်နံပါတ်ပြားများကို အင်္ဂလိပ်အက္ခရာနံပါတ်ပြားများ ပြောင်းလဲတပ်ဆင်ပေးနိုင်ခဲ့ပြီး လုပ်ငန်းလိုင်စင်ခကောက်ခံသည့် အခွန်နှုန်းထားကို ၁-၁၁ -၂၀၁၃ ရက်နေ့မှစ၍ ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်တိုးမြှင့်ကောက်ခံလျက်ရှိသည်။

City Bus ယာဉ်များ၊ လျှပ်စစ်စွမ်းအားသုံးမော်တော်ယာဉ်များ၊ သူနာတင်ယာဉ်များကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကောက်ခံမှု မပြုတော့ပါ။

ကနဦးယာဉ်မှတ်ပုံတင်ခများ ပြောင်းလဲသတ်မှတ်ခြင်း၊ နှစ်လဲယာဉ်မှတ်ပုံတင်ခများ ဒေသအုပ်စု သုံးစုခွဲ၍ ပြောင်းလဲသတ်မှတ်ပြီး နှစ်လဲမှတ်ပုံတင်ခဒဏ်ကြေး ၁၀၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

နယ်စပ်ဒေသမှ ဝင်ထွက်သွားလာယာဉ်များအတွက် ယာယီမှတ်ပုံတင်ခကို မြန်မာကျပ်ငွေဖြင့် ပြောင်းလဲသတ်မှတ်ခဲ့သည်။ သံရုံးပိုင်ယာဉ်များ ရောင်းချခွင့်ပြုခြင်းနှင့် ဝယ်ယူသူများအား ရောက်ရှိအက္ခရာနံပါတ်သတ်မှတ်မှတ်ပုံတင်ပေးလျက်ရှိသည်။ လျှုဒါန်းယာဉ်များ နံပါတ်ပြားအောက်ခံ အစိမ်းရောင် သတ်မှတ်ခဲ့သည်။



**အင်းစိန်စက်ခေါင်းစက်ရုံတွင် စက်ခေါင်းများ ပြင်ဆင်နေစဉ်။** (ဓာတ်ပုံ-ရထားပို့ဆောင်ရေး)

လျှပ်စစ်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်များ အက္ခရာပြောင်းလဲသတ်မှတ်ခဲ့သည်။ မူသေအမှတ်ရယူပြီး ကနဦးယာဉ်စစ်ဆေးသည်နှင့် တစ်ပြိုင်နက် ဖောင်းကြွနံပါတ်ပြားကို တပ်ဆင်ပေးလျက်ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေဖြေဆိုရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ကွန်ပျူတာစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ ယ၊ င ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအား Simulator အသုံးပြုစေပြီး ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးလျက်ရှိသည်။

**ယာဉ်မောင်းလိုင်စင်** Smart Card

ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်အား လုံခြုံမှုအဆင့်ရှိ နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်ဓာတ်ပုံပါ မှတ်ပုံတင်သက်သေခံ လက်မှတ်အသစ်အားထုတ်ပေးသည် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ကနဦးယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကွန်ပျူတာများဖြင့် အစားထိုးဆောင်ရွက်သည်။

ယာဉ်မောင်းလိုင်စင်အား Smart Card ဖြင့် ထုတ်ပေးသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအလိုက် အင်္ဂလိပ်အက္ခရာဖြင့်တပ်ပေးနိုင်ခဲ့ပြီး မော်တော်ယာဉ် သက်သေခံလက်မှတ်နှင့် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)တို့တွင် ယာဉ်အမှတ်၊ ပိုင်ဆိုင်မှု၊ ဆေးရောင်၊ ပိုင်ရှင်အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကိုပါ အင်္ဂလိပ်ဘာသာဖြင့် ပြောင်းလဲထုတ်ပေးလျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မှတ်ပုံတင်ဖျက်သိမ်းမှုယာဉ်ပေါင်း ၁၉၆၂၀၈ စီး၊ အစားထိုးယာဉ်ပါမစ်ထုတ်ပေးမှုယာဉ်ပေါင်း ၁၉၃၉၇၂ စီး၊ အစားထိုးယာဉ်ကနဦး မှတ်ပုံတင်ပေးမှုယာဉ်ပေါင်း ၁၈၃၉၁၆ စီးကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ပြည်ပကုမ္ပဏီများဖြစ်သော မြန်မာဒေဝူးလီမိတက်နှင့် CJ Korea Express Asia Pte. Ltd. တို့ဖြင့်လည်းကောင်း၊ ပြည်တွင်းကုမ္ပဏီများဖြစ်သော Forever Green Right Service Co., Ltd. နှင့် စန်းရောင်နီကုမ္ပဏီလီမိတက်တို့ဖြင့်လည်းကောင်း အကျိုးတူပူးပေါင်း၍ JV ကုမ္ပဏီဖွဲ့စည်းတည်ထောင်ဆောင်ရွက်လျက်ရှိပြီး Forever Green Road Transport (JV) Co., Ltd. မှ CNG သုံး City Bus ယာဉ် ၂၅ စီးဖြင့် ဒဂုံတက္ကသိုလ်-ဆူးလေ ရန်ကုန်မြို့တွင်း ယာဉ်လိုင်းတစ်လိုင်း၊ ရန်ကုန်-နေပြည်တော်- မန္တလေးအဝေးပြေးခရီးစဉ်ကို High Way Bus ၁၀ စီးဖြင့် စတင်ပြေးဆွဲလျက်ရှိသည်။

စန်းရောင်နီကုမ္ပဏီ၌ ကုန်းလမ်းပို့ဆောင်ရေးမှ ဝန်ထမ်း ၄၁ ဦး ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်လျက်ရှိပြီး ရန်ကုန်မြို့တွင်းခရီးသည်ပို့ဆောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် CNG City Bus ၂၅ စီးဖြင့် ဗိုလ်တထောင်-ရန်ကုန်ဘူတာကြီး-အောင်မင်္ဂလာအဝေးပြေးဂိတ်ယာဉ်လိုင်းတစ်လိုင်းကို ပြေးဆွဲလျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးရှိ ယာဉ်မောင်းသင်တန်းကျောင်းများတွင် TATA အမောင်းသင်ယာဉ်အစီး ၄၀ ဖြင့် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်။

နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်ဒေသများသို့ ကုန်စည်နှင့်ခရီးသည်များ သယ်ယူပို့ဆောင်ရေးအတွက် ဌာနခွဲ ၁၀ ခုတွင် ဌာနခွဲတစ်ခုလျှင် ကြီးကြပ်ရေးမှူး တစ်ဦးစီနှင့် စုစုပေါင်းယာဉ် ၁၄၅ စီးကို အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းပျက်စီးသည့် ကန့်ဘလူဘူတာနှင့် ကောလင်းဘူတာကြား ရထားစီးခရီးသည်များအား ယာဉ်စီးရေ ရှစ်စီး၊ ခေါက်ရေ ၁၂၀ ဖြင့် ခရီးသည်ဦးရေစုစုပေါင်း ၃၉၀၅ ဦးအား ပို့ဆောင်ပေးခဲ့သည်။

နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော ကုန်စည်သယ်ယူပို့ဆောင်မှုအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများအား မန္တလေး-တံတားဦး-မုံရွာ-မကွေး၊ မန္တလေး-မင်းတပ်၊ မန္တလေး-မြို့ဟောင်း-ရေစကြို၊ မန္တလေး-မြင်းခြံ-တောင်သာ၊ မန္တလေး-ကျောက်ဆည်-ရေနံချောင်း၊ ရန်ကုန်-မြန်အောင်၊ ရန်ကုန်-ညောင်တုန်းတို့သို့ ယာဉ်စီးရေ ၁၀၁ စီးဖြင့် ကုန်တန်ချိန် ၇၄၂ ဒသမ ၅ တန်အား ပို့ဆောင်ပေးခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ချမှတ်ထားသည့်မူဝါဒများနှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ပြန်လည်သုံးသပ်၍ ထိရောက်အောင်မြင်မှုရရှိနိုင်မည့် နည်းလမ်းများဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ရထားတွဲဆိုင်း ၂၁ ဆိုင်းအသုံးပြု၍ ခေါက်ရေ ၂၀၀ ပြေးဆွဲခဲ့ရာမှ လက်ရှိတွင် တွဲဆိုင်း ၂၅ ဆိုင်း ခေါက်ရေ ၂၂၅ ခေါက်သို့ တိုးမြှင့်ပြေးဆွဲပေးနေ



**မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနေသည့် ရန်ကုန်မြို့ပတ်ရထားလိုင်းကို တွေ့ရစဉ်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# လူတိုင်းအရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေး ရည်မှန်းချက် ၂၀၃၀

**ယခင်နှင့်မတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ပြည်သူ့ဆေးရုံကြီးများ တိုးတက်ပြောင်းလဲလာသည်။ သန့်ရှင်းမှု၊ ဝန်ဆောင်မှုများနှင့် အဆင့်မြှင့်တင်မှုများအပါအဝင် စရိတ်မျှပေးကျန်းမာရေးအစီအစဉ်မှသည် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်လာသည်။**

**ဆုနှင်းလဲ့**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုစံနှုန်းများကို တိုင်းတာရာတွင် ကျန်းမာရေးစောင့်ရှောက်နိုင်မှုစနစ်များသည်လည်း အရေးပါလာလျက်ရှိရာ ခေတ်မီဒီမိုကရေစီနိုင်ငံတော်ကြီးကို ပီပြင်စွာထူထောင်နိုင်ရန် ဆောင်ရွက်ရာတွင် အများပြည်သူဝန်ဆောင်မှုဖြစ်သော ကျန်းမာရေးကို လျစ်လျူရှု၍ မရနိုင်ပေ။

ထို့ကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနများ၊ တက္ကသိုလ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများကို အစိုးရသစ်လက်ထက်တွင် သိသိသာသာတိုးမြှင့်ဆောင်ရွက်လာခဲ့ပြီး လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး အစိုးရသစ်တာဝန်ယူပြီးနောက် သုံးနှစ်တာကာလအတွင်း ကျန်းမာရေးဘတ်ဂျက်ကိုလည်း တိုးမြှင့်သုံးစွဲခဲ့သည်ဟု သိရသည်။

**ဒေသတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းခဲ့လေသလား**

မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးတွင် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျခဲ့မှုများရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် ကမ္ဘာ့အဆင့်တွင် အတော်လေးနောက်ကျမှုရှိခဲ့သည်ဟုသိရပြီး အာဆီယံဒေသတွင်းတွင်လည်း နောက်ကျမှုများရှိခဲ့သည်ဟု သိရသည်။

အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းတွင် ကဏ္ဍအသီးသီး၌ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့်အတူ ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်မှုများဆောင်ရွက်ရန် ဘတ်ဂျက်တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

နှစ်တိုစီမံကိန်းများသာမက နှစ်ရှည်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒခုနစ်ခု၊ ရည်မှန်းချက်ကိုးခုနှင့် လုပ်ငန်းစဉ် ၁၁ ခုတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် မြန်မာ့ကျန်းမာရေးညီလာခံကို ယခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်၌ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ လူမှုရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု စသည့်အသွင်ကူးပြောင်းရေးအခြေအနေကို ထင်ဟပ်သည့် လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ဖို့ ကျန်းမာရေးကဏ္ဍတွင် မြှုပ်နှံစို့ ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ပြည်သူလူထုကျန်းမာရေးကြံ့ခိုင်မှုကို ဗဟိုပြုရန်လိုအပ်သည့်အတွက် ကျန်းမာရေးကဏ္ဍတွင်လည်း အဓိကရင်းနှီးမြှုပ်နှံရန် လိုအပ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းအောင်က ပြောကြားခဲ့သည်။

**ကျန်းမာရေးဘတ်ဂျက် ၈ ဒသမ ၇ ဆခန့်ချထားကာ အဆင့်မြှင့်တင်**

အစိုးရသစ်လက်ထက်တွင် နှစ်အလိုက်ဘတ်ဂျက်တိုးမြှင့်သုံးစွဲခဲ့ရာတွင် ယခုဘဏ္ဍာရေးနှစ်၏ ဘတ်ဂျက်ချထားပေးမှုမှာ ၂၀၁၁ ခုနှစ် ဘဏ္ဍာငွေခွဲဝေမှုထက် ၈ ဒသမ ၇ ဆခန့်အထိ တိုးမြှင့်ချထား ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။



၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အစ္စရေးနိုင်ငံမှ ဒေါက်တာ Dr. Nirshoam နှင့် မြန်မာခွဲစိတ်အထူးကုဆရာဝန်ကြီးများပူးပေါင်း၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပဆေးရုံကြီးတွင် ဦးခေါင်းပိုင်းဆိုင်ရာခွဲစိတ်ကုသမှု ပြုလုပ်နေစဉ်။ (ဓာတ်ပုံ-အစ္စရေးသံရုံး)

ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် ဘဏ္ဍာငွေခွဲဝေပေးခဲ့ရာတွင် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၈၆၅၈၂ ဒသမ ၈၇၁ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၃၄၉၆၃၀ ဒသမ ၉၆၇ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၄၈၅၂၆၃ ဒသမ ၂၉၈ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၇၀၈၉၄၉ ဒသမ ၀၀၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ်သန်း ၇၅၃၀၀၁ ဒသမ ၃၇၈ သန်း ခွဲဝေချထားပေးခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ထက် ၈ ဒသမ ၇ ဆခန့် ပိုမိုတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ပုံငွေများပိုမိုခွဲဝေရရှိခဲ့သောကြောင့် အဓိကလိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ်ကထက် ၃၅ ဆခန့် တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့်ဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများမှ စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီး ဆက်လက်၍ ရန်ပုံငွေပိုမိုခွဲဝေရရှိမှုအပေါ် မူတည်၍ လူနာများ၏စိုက်ထုတ်ကုန်ကျငွေကို လျှော့ချနိုင်ရေးစီစဉ်ထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားခဲ့သည်။

**ပြည်သူ့ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်းအပြင် ဆေးရုံသစ်များ တိုးချဲ့တည်ဆောက်**

ကျန်းမာရေးကဏ္ဍ ဘတ်ဂျက်တိုးမြှင့်သုံးစွဲခဲ့ရာတွင် ပြည်သူ့ဆေးရုံကြီးများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် ယခင်က စရိတ်မျှပေးကျန်းမာရေးအစီအစဉ်မှ အခမဲ့ဆေးကုသမှုအစီအစဉ်တို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု သိရသည်။

ရန်ကုန်ဆေးရုံကြီးအပါအဝင် ရန်ကုန်မြို့တွင်းရှိ ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့အဆောင်သစ်များတည်ဆောက်ခြင်း၊ ဆေးရုံသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနဦးစီးဌာနများကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်အထိ ဆေးရုံပေါင်း ၁၆၄ ရုံ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆေးတက္ကသိုလ်လေးခုရှိရာမှ ဆေးတက္ကသိုလ်(တောင်ကြီး)ကို အောက်တိုဘာလ ၃ ရက်နေ့တွင် ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

မကြာမီကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် သူနာပြုသင်တန်းကျောင်းတစ်ကျောင်း၊ သားဖွားသင်တန်းကျောင်းတစ်ကျောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ်သွားရန် စီစဉ်ပြီးဖြစ်သည်ဟု သိရသည်။

ယင်းအပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ တိုးတက်မွေးထုတ်ပေးနိုင်ရေးခန့်ထားရေးအတွက် ဘွဲ့လွန်ဒီပလိုမာ၊ မာစတာသင်တန်းများကို တိုးချဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ဟု သိရသည်။

**လူတိုင်းအရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေး ရည်မှန်းချက် ၂၀၃၀**

နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၃၀ မြန်မာ့ကျန်းမာရေးရည်မှန်းချက်နှင့်အညီ လူတိုင်းအရည်အသွေးပြည့်စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်မည့် နည်းဗျူဟာများနှင့် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများကို ရရှိနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် ကျန်းမာရေးကဏ္ဍတွင် အဓိကကျသော ကျေးလက်ကျန်းမာရေးဌာနများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ဩဂုတ်လကုန်အထိ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၇၃ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၁ ခု တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမှာလည်း အထူးအရေးပါလျက်ရှိသည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်နေထိုင်သော ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အထူးအရေးပါပြီး ကျန်းမာရေးဗဟုသုတနည်းပါးခြင်း၊ ဆေးရုံဆေးခန်းသို့ အချိန်မီရောက်ရှိကုသနိုင်ခြင်းမရှိခြင်း၊ ဆေးမြီးတိုများဖြင့် ကုသနေခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ဆေးရုံဆေးခန်းများသို့ အချိန်မီလာရောက်နိုင်ရန် ခက်ခဲခြင်းတို့ကြောင့် မသေသင့်ဘဲ အသက်ဆုံးရှုံးမှုများစွာ ကြုံတွေ့နေရသည်ဟု သိရသည်။

အထူးသဖြင့် ကျေးလက်ဒေသများတွင် အသက်ငါးနှစ်ကလေးငယ်များ သေဆုံးမှု၊ ကိုယ်ဝန်ဆောင်မိခင်မွေးဖွားသေဆုံးမှုနှင့် အသက်တစ်နှစ်အောက်ကလေးငယ်များ သေဆုံးနေမှုတို့ အများဆုံးဖြစ်ပေါ်နေပြီး ဖွားသေနှုန်း လျှော့ချနိုင်ရန်မှာလည်း ကျေးလက်ကျန်းမာရေးဌာနများနှင့် သားဖွားဆရာမများမှာ အရေးပါလျက်ရှိသည်ဟု သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် သားဖွားဆရာမ ၁၆၈၄ ဦး ခန့်ထားရန် ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။ ကျေးလက်ဒေသများ၏ အဓိကအခက်အခဲမှာ လမ်းပန်းဆက်သွယ်မှုသည်လည်း ပါဝင်နေရာ ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးသည်နှင့်အညီ အခြားသောသက်ဆိုင်ရာဌာနများအနေဖြင့် ကျန်းမာရေးဌာနသို့ ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်မှာ လိုအပ်သည်ဟု မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနေသော ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(မြန်မာ)ရုံး ကျွမ်းကျင်ပညာရှင်အဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်၊

ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်ဆောင်ရွက်မှုများတွင် ဆေးရုံကြီးများ အဆင့်မြှင့်တင်ဆောင်ရွက်မှု၊ တိုးချဲ့ဆောက်လုပ်မှုများ၊ သန့်ရှင်းမှု၊ ဝန်ဆောင်မှုနှင့် ကျန်းမာရေးစရိတ်ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် စိတ်ကျန်းမာရေး ဆေးရုံကြီးကဲ့သို့ ဆေးရုံများတိုးချဲ့ဆောက်လုပ်ရန် သို့မဟုတ် အဆင့်မြှင့်တင်ပေးရန်မှာလည်း လိုအပ်လျက်ရှိသည်ဟု လူနာရှင်များက အကြံပြုကြသည်။

လက်ရှိ သုံးလေးနှစ်တာကာလအတွင်းတွင် ပြုပြင်ပြောင်းလဲမှုများစွာနှင့် အဆင့်မြှင့်တင်မှုများစွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ပြည်သူလူထုအားလုံး အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်ရေးကို ပြည့်မီစွာရရှိနိုင်ရန်မှာ လိုအပ်ချက်များစွာ ရှိနေသေးသည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။

ကျွမ်းကျင်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ လူဦးရေနှင့် အချိုးညီမျှစွာရှိရေးနှင့်ဆေးရုံများတွင် လူနာများအား လုံလောက်စွာ ကုသစောင့်ရှောက်နိုင်ရေး၊ အရေးပေါ်လူနာတင်ယာဉ်များ လူဦးရေအချိုးနှင့်အညီ လုံလောက်စွာရှိနိုင်ရေး၊ လူတိုင်းလုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများကို ယုံကြည်စွာစားသုံးနိုင်ရေး၊ လူတိုင်းအခြေခံကျန်းမာရေးဗဟုသုတနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ်အသက်ကယ်နည်းများကို သိရှိဆောင်ရွက်နိုင်ရေးတို့အတွက်လည်း ပညာပေးမှု၊ စည်းရုံးမှု၊ အရေးယူမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ထောက်ပံ့မှုစသည်ဖြင့် လုပ်ငန်းဆောင်တာများစွာ လုပ်ဆောင်ရမည်ဖြစ်ရာ ပြည်သူဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုများကို အကောင်အထည်ဖော်သွားမည့် မြန်မာ့ကျန်းမာရေးရည်မှန်းချက် ၂၀၃၀ ပြည့်နှစ်ကိုသာ မျှော်လင့်ချက်ထားခြင်းဖြင့် ॥ ॥